
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ
ဦးဘုန်းဇော်
အရှေ့ဘက်ကောင်းကင်
စာပေထုတ်လုပ်ဖြန့်ချိရေး
(၀၀၂၃၉)
အမှတ် ၂၈၂၊ ပထမထပ်၊
လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊

ပုံနှိပ်သူ
ဦးသိန်း[illegible]
မြတ်ရတနာပုံနှိပ်တိုက်
(၀၀၆၅၂)
အမှတ်-၄၂၊ ၄၂ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

အုပ်ရေ- ၁၀၀၀ အုပ်
တန်ဖိုး- ၅၀၀ ကျပ်

မျက်နှာဖုံးပန်းချီ
ကိုနေခြည်

မျက်နှာဖုံးဒီဇိုင်း
ယမုံစိုး

ကွန်ပြူတာစာစီ
ဇာနည်မော်

မျက်နှာဖုံးဖလင်
EAGLE

အတွင်းဖလင်
ရာဇာမျိုးဝင်း


စာအုပ်ချုပ်
ဇာနည်

ဖြန့်ချိရေး

အရှေ့ဘက်ကောင်းကင်

အမှတ်(၂၉၀)၊ အေးဇေတီလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉၇၃၁၇၁၃၀၃၊ ၀၉[illegible]၂၀၀၅[illegible]

www.burmeseclassic.com



စီစဉ်သည်။

# ချာ့ချ်ပေါ်က ခေါင်းလောင်းသံ

တာတေ၊ ကျော်မှူးနိုင်

မင်းဘုန်းသိမ်သူ၊ ဂျီဦးနွန်းကို

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ




တစ္ဆေထိုးတဲ့ခေါင်းလောင်းသံ
တာတေ . . . . . . . . . . . . . . . . . . . . . . . . . . စာ- ၅
တစ္ဆေတစ်ကောင်၏ သန်းခေါင်ယံ ညစာစားပွဲ
ကျော်မင်းနိုင် . . . . . . . . . . . . . . . . . . . . . . . . စာ- ၄၁
ကုက္ကိုပင်စောင့်တစ္ဆေကြီးသူယောင်နီ
မင်းဘုန်းသိခ်သူ . . . . . . . . . . . . . . . . . . . . . . စာ- ၅၅
ခေါင်းတလားတစ္ဆေ
မင်းဘုန်းသိခ်သူ . . . . . . . . . . . . . . . . . . . . . . စာ- ၈၁
လမ်းကြိုကလေး လိုက်ပါရစေ
ဂါဦးနွန်းကို . . . . . . . . . . . . . . . . . . . . . . . . စာ-၁၃၁
ဓာတ်ပုံထဲမှ ပျောက်ကွယ်သွားသောပုံရိပ်
ဂါဦးနွန်းကို . . . . . . . . . . . . . . . . . . . . . . . . စာ-၁၄၂




www.burmeseclassic.com

www.burmeseclassic.com



# တစ္ဆေထိုးတဲ့ ခေါင်းလောင်းသံ

တာတေ

ကျုပ်တို့အညာနွေပူချက်ဗျာ။

ကျုပ်ဖြင့် အိမ်လည်မထွက်နိုင်တာတောင် လေးငါးရက်ရှိပေါ့။ ကျုပ်အမေကလည်း ကျုပ်အိမ်မှာကပ်နေပြီ ဆိုတာနဲ့ ခိုင်းစရာတွေ တန်းစီပြီးခိုင်းတော့တာဗျို့။ ဟုတ်တော့လည်း ဟုတ်သားဗျ။ အိမ်အလုပ်ဆိုတာကလည်း မလုပ်ရင်သာရှိမယ်၊ လုပ်လို့

www.burmeseclassic.com

www.burmeseclassic.com



ကတော့ နားရမှာတောင် မဟုတ်ဘူးဗျ။ ရေစည်တိုက်၊ နွားစား ပြောင်းရိုးတွေသွားရိတ်၊ နွားစာစဉ်း၊ ဆီကြိတ်၊ မြို့တက် နှမ်း ရောင်း၊ ပဲရောင်းသွား၊ တောထဲဝင် ထင်းခွေ၊ ရပ်ရေးရွာရေး ရှိရင်ထလုပ်၊ ဆရာတော့်ကျောင်းက ဝေယျာဝစ္စ သွားလုပ်နဲ့ဗျာ။ ဘယ်မှာအားလိမ့်မတုံးဗျာ။

"ဟဲ့ ...တာတေ၊ နင်ဘယ်မှ မသွားဘူးလား"

"ဒီလောက်ပူတာဗျာ၊ ကျုပ်ဖြင့် သွားချင်စိတ်ကိုကုန် ရော အမေရာ"

"ဘယ်မှမသွားလည်း အမေ့ကိုမန်ကျည်းသီးအသားဆွဲ ပေးပါလားတော်"

ကျုပ်တို့ဆီမှာက မန်ကျည်းသီးမှည့်ချိန်ဆိုရင် ကိုယ့်အပင် တွေမှာ ကိုယ်ဆွတ်ပြီး အသားထုတ်ကြတာဗျ။ အဲဒါကို အသား ဆွဲတယ်လို့ ပြောတာ။ ပြီးရင် စဉ့်အိုးကလေးတွေနဲ့သိပ်ပြီး နှစ် တစ်ပတ်လည် စားကြတာပေါ့ဗျာ။

ကျုပ်တို့ အညာဟင်းတွေမှာက ခရမ်းချဉ်သီးနဲ့ မန်ကျည်း သီးလွတ်တာ ရှားသားလားဗျ။ ငါးခြောက်၊ ငါးခြမ်း ချက်ရင် လည်း မန်ကျည်းသီးမှည့်လေး အုပ်ကြတာပဲလေဗျာ။

ကျုပ်က အိမ်ပေါ်တက်ပြီး မြေဆီအိတ်ခွံ၊ ပလတ်စတစ် အိတ်နဲ့ ထည့်ထားတဲ့ မန်ကျည်းသီးတွေကို ထမ်းယူခဲ့တယ်။ ပြီးတော့ ကျုပ်အိပ်နေကျ သစ်သားကွပ်ပျစ်ဘေးမှာ ဝါးကြမ်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ချပ်ခင်းပြီး မန်ကျည်းမှည့်တွေကို အသားထိုင်ဆွဲရောဗျို့။

"တာတော…နင့်အမေရှိလား"

ကျုပ်က မန်ကျည်းသီးထဲကို အာရုံရောက်နေတုန်း ဝိုင်းဝက အသံကြားလိုက်တာဗျို့။ ဝိုင်းဝကိုလှမ်းကြည့်လိုက်တော့ ရွာနောက်ပိုင်းက မပြားကြည်ဗျ။ ခေါင်းပေါ်မှာ ပုဆိုးလေးတစ်ထည်တင်လို့။

"ဟာ …ထွေးလေးပြားကြည် လာလေ။ အမေရှိတယ်။ မီးဖိုထဲမှာ ထမင်းချက်လို့ဗျ။ ကျုပ်ခေါ်လိုက်ရမလား"

"ဩော်…အေး အေး၊ မခေါ်နဲ့ တာတော၊ ထွေးလေးအိမ်ပေါ်တက်သွားလိုက်မယ်။ နင့်ကိုတော့ အရီးက အလုပ်ပေးထားပြီထင်တယ်"

"ဟုတ်ပ ထွေးလေးရာ၊ ကျုပ်အတွက်တော့ နှစ်ရက်စာလောက် ဖူလုံသွားပြီပေါ့ဗျာ"

"ဒါထက် ဘိုးညာဏ်ရော မမြင်ပါလား"

"အဘက ယာထဲသွားတယ်ဗျ။ ဟိုရက်က ကျုပ်မြေဆီတက်ထားတာ အခြေအနေသွားကြည့်တယ်ဗျ"

"ဩော် …"

ကျုပ်နဲ့စကားပြောရင်း ထွေးလေးပြားကြည်က အိမ်ဖော်တက်သွားရောဗျ။

"ဟဲ့ …ပြားကြည်လား၊ လာဟော့ဒီကို။ အရီးက မီးဖိုထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ထမင်းအိုးငှဲ့လက်စ ဖြစ်နေလို့ ပြားကြည်ရေ”

“လာပြီ အရီးရေ၊ လာပြီ”

အမေနဲ့ထွေးလေးပြားကြည်နဲ့ မီးဖိုထဲမှာ စကားပြောကြတဲ့ အသံကို ကျုပ်သဲ့သဲ့ပဲ ကြားရတော့တယ်ဗျို့။ ခဏနေတော့ အမေကလည်း ထွေးလေးပြားကြည်လိုပဲ ပုဆိုးတစ်ထည် ခေါင်းပေါ်တင်ပြီး နှစ်ယောက်သား ထွက်လာကြတယ်ဗျ။

“တာတေ …ငါ ပြားကြည်နဲ့ အနောက်ပိုင်းကို လိုက်သွားလိုက်ဦးမယ်။ ထွန်းပွင့်တို့ ဒီနေ့ဝက်ပေါ်လို့တဲ့။ ဆုံသားသွားယူလိုက်ဦးမယ်”

“အမေ ကျုပ်ဖို့ ကလီစာနည်းနည်း ထည့်ဝယ်ခဲ့ဗျာ။ ကျုပ် ငရုတ်သီးတစ်ဆုံ ထောင်းထားလိုက်မယ်”

“အေးအေး …ထောင်းထား ထောင်းထား၊ ကလီစာပါ ထည့်ယူခဲ့မယ်”

ကျုပ်အိမ်နောက်ဖေးဘက်ကိုဝင်ပြီး ငရုတ်သီးတစ်ဆုံကို ညက်ပြီးစေးပိုင်နေအောင် ထောင်းထားလိုက်တယ်ဗျို့။ ပြီးတော့မှ ဝိုင်းထဲက မန်ကျည်းပင်အောက်ကို ပြန်လာပြီး မန်ကျည်းသီး အသားဆွဲရတာပေါ့ဗျာ။ ဒီနှစ်သီးတဲ့ မန်ကျည်းသီးတွေကလည်း အသားပေါပါ့ဗျာ။

“တာတေရေ …ငါပါကွ”

“ဟာ …ကိုကြီးဖိုးအောင်၊ လာလေဗျား ဟိုနေ့က



www.burmeseclassic.com

www.burmeseclassic.com



တောင် ဘန့်ဘွေးကုန်းက သိန်းဇော်နဲ့တွေ့လို့ ကိုကြီးဖိုးအောင် နေကောင်းလားလို့ မေးရသေးတယ်"

"အေး ...သိန်းဇော်ပြောတယ်ကွ တာတေရ။ အဲဒါကြောင့်လည်း မင်းကိုသတိရသွားပြီး လာခဲ့တာပေါ့ကွာ"

"ကဲ...လာဗျာ ကိုကြီးဖိုးအောင်"

ကိုကြီးဖိုးအောင်က ကရင်ဗျ။ သူ့နာမည်က စောဖိုးအောင်တဲ့။ သူ့အဖေက မန်းဖိုးမောင်တဲ့ဗျ။ ကိုကြီးဖိုးအောင် ဆယ်နှစ်သားလောက်မှာ သူ့ကိုယ်သူ ဆွဲကြိုးချပြီး သတ်သေသွားတာတဲ့။ ကျုပ်တို့က အငယ်ကလေးပဲ ရှိသေးတော့ မသိလိုက်ဘူးပေါ့ဗျာ။ ကျုပ်တို့ကြီးလာမှ လူကြီးတွေက ပြောလို့သိရတာဗျ။ လွတ်ရိုးသားတဲ့ လူကြီးဆိုပဲ။ ဘယ်လိုဖြစ်ပြီး သူ့ကိုယ်သူ သတ်သေသွားတယ်ဆိုတာ ဘယ်သူမှကို မတွေးတတ်ကြတော့တာဗျ။ တချို့ကပြောတော့လည်း စိတ်နောက်သွားတာတဲ့။ တချို့ကပြောတော့လည်း မန်းဖိုးမောင်ကြီးက ကရင်ဆိုတော့ ကွင်းတွေ၊ ဘာတွေ မတင်မမြှောက်လို့ ကွင်းပိုင်လုပ်လိုက်တာတဲ့ဗျ။ တဖြည်းဖြည်း စိတ်နောက်လာပြီး သတ်သေသွားတာဆိုပဲ။ လူတွေကတော့ အမျိုးမျိုး ပြောကြတာပေါ့ဗျာ။

ကျုပ်က ကိုကြီးဖိုးအောင်ကို ကွပ်ပျစ်ပေါ်မှာ ထိုင်ခိုင်းပြီး ရေနွေးကြမ်းနဲ့ ညှော်ခံလိုက်တယ်ဗျ။ နဂါးဆေးပေါ့လိပ်တစ်လိပ် မီးညှိပြီး ကမ်းပေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့ ...ကိုကြီးဖိုးအောင်၊ ဆေးလိပ်ကလေး ဖွာလိုက်ဦး"

ကိုကြီးဖိုးအောင်က ကျုပ်ကမ်းပေးလိုက်တဲ့ နဂါးဆေးပေါ့လိပ်ကို လှမ်းယူပြီး နှစ်ဖွာ၊ သုံးဖွာ ဆက်တိုက်ဖွာလိုက်တယ်။ ကျုပ်က ဝါးပိုးဝါးကို ဖြတ်ပြီး အဖုံးအပိတ်နဲ့ လုပ်ထားတဲ့ ရေနွေးကျတ်ထဲက တရုတ်ကြွေကရားအိုးလေးကို ဆွဲထုတ်ပြီး ကိုကြီးဖိုးအောင်အတွက် ရေနွေးငှဲ့ပေးလိုက်တယ်။ ကိုကြီးဖိုးအောင်ကလည်း နဂါးဆေးပေါ့လိပ်ကို ဘယ်ဘက်လက်ကို ပြောင်းလိုက်ပြီး လက်ညှိုးနဲ့လက်ခလယ်ကြားမှာ ညှပ်ထားလိုက်တယ်။ ပြီးတော့ ညာဘက်လက်နဲ့ ရေနွေးကြမ်းပန်းကန်ကို ကိုင်ပြီး 'ဖူးခနဲ၊ ဖူးခနဲ' မှုတ်လိုက်၊ သောက်လိုက် လုပ်နေရောဗျ။

ကျုပ်တို့ အညာသားတွေက ဘယ်လောက်ပူပူ နေပူထဲကလာရင် ရေအေး သောက်လေ့သောက်ထ မရှိဘူးဗျ။ ရေနွေးပူပူကိုပဲ 'တဖူးဖူး'နဲ့မှုတ်သောက်ကြတာ။

ကိုကြီးဖိုးအောင်က ရေနွေးတစ်ပန်းကန် ကုန်သွားတော့ နဂါးဆေးပေါ့လိပ်ကလေးကို ပြန်ဖွာပြန်ရောဗျ။ တာတေတို့ အညာသားတွေအတွက်တော့ ဆေးလိပ်နဲ့ရေနွေးကြမ်းဟာ အမောပြေဆေးပဲပေါ့ဗျာ။

"ကိုကြီးဖိုးအောင် ဘယ်ကလှည့်လာတာတုန်းဗျ"

"ဘယ်ကမှ လှည့်မလာဘူး။ မင်းဆီကို သက်သက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာကွ”

ကိုႀကီးဖိုးေအာင္က ကရင္ဆိုေတာ့ က်ဳပ္တို႔အညာသား ေတြလို အသားမညိဳဘူးဗ်။ အသားျဖဴတယ္၊ အရပ္ကလည္း ရွည္ရွည္၊ ပိန္ပိန္ပါးပါးနဲ႔ ႏွတ္ခမ္းေမြးကလည္း ရွိေသးဗ်။ မ်က္လုံးက ျပဴးျပဴးနဲ႔ လူကေတာ့ လွတ္ရိုးတဲ့လူဗ်။ သူ႔အေဖႀကီး မရွိတဲ့ေနာက္ သူ႔အေမကလည္း ေနာက္အိမ္ေထာင္ မျပဳခဲ့ပါဘူး။ မိန္းမသားတန္မဲ့ ယာေတြကို ဦးေဆာင္ၿပီး လူငွားေတြနဲ႔ လုပ္ခဲ့တာဗ်။ ခုေတာ့ ကိုႀကီးဖိုးေအာင္အေမ ေဒၚနန္းေရႊေအးလည္း အိုရွာပါၿပီ။ က်ဳပ္တို႔ ရြာေတြမွာက က်ဳပ္တို႔လို ဗမာအညာသားေတြ ခ်ည္း ရွိတာဗ်။ ကိုႀကီးဖိုးေအာင္တို႔လို ကရင္ဆိုတာ ရွိတာမဟုတ္ ဘူး။ သူတို႔မိသားစုပဲ ရွိတာ။

ခုေတာ့ ယာေတြကို ကိုႀကီးဖိုးေအာင္ပဲ ဦးစီးလုပ္ကိုင္ ေနရတာေပါ့ဗ်ာ။ ဒါေပမဲ့ ကိုႀကီးဖိုးေအာင္က လွတ္အလုပ္ ႀကိဳး စားတာဗ်။ အေသာက္အစားလည္း မရွိဘူး။ စီးပြားေရးက ေတာ္ ေတာ္ကို ေခ်ာင္လည္ၾကပါတယ္။

ကိုႀကီးဖိုးေအာင္ အိမ္ေထာင္က်တာကလည္း ဘန္႔ေတြး ကုန္းက မေစာၾကည္နဲ႔ အိမ္ေထာင္က်တာ။ မေစာၾကည္က ဗမာမေလးဗ်ာ။ ဘန္႔ေတြးကုန္းသူပဲ။ ဒီေတာ့ ကိုႀကီးဖိုးေအာင္ရဲ႕ သားေလးကေတာ့ ကရင္ကျပားေလး ျဖစ္သြားတာေပါ့ဗ်ာ။

ဒါေပမဲ့ နာမည္ကိုေတာ့ ေစာဖိုးေဆာင္လို႔ ေပးထား



www.burmeseclassic.com

www.burmeseclassic.com



တာဗျ။ ကိုကြီးဖိုးအောင်လို အသားဖြူဖြူ၊ မျက်လုံးပြူးပြူးလေးနဲ့ဗျ။ ငါးနှစ်သား၊ ခြောက်နှစ်သားလောက်တော့ရှိမယ်။

"ပြောပါဦး ကိုကြီးဖိုးအောင်ရဲ့ ကျုပ်ဆီကိုလာတာ ကိစ္စများ ရှိလို့လားဗျ"

ကျုပ်မေးလိုက်တော့ ကိုကြီးဖိုးအောင် မျက်နှာပျက်သွားတယ်ဗျ။ ခေါင်းလေး တဆတ်ဆတ်ညိတ်လိုက်ပြီးမှ ပြောတယ်။

"ငါ …ဒုက္ခတွေ့နေပြီ တာတေ"

ကိုကြီးဖိုးအောင်က စကားကို ဆက်မပြောဘဲ ရပ်ထားလိုက်တယ်။

"ဟင်…ဒုက္ခတွေ့နေတယ် ဟုတ်လား ကိုကြီးဖိုးအောင် ဘာဒုက္ခများတုံးဗျ"

ကိုကြီးဖိုးအောင်က အသက်သုံးဆယ့်နှစ်နှစ်၊ သုံးနှစ်လောက် ရှိပြီဗျ။ လွတ်ရိုးတဲ့လူပါဗျာ။ ကျုပ်ကမေးတော့မှ သူက ပြောပြတာဗျ။

"တာတေ …မင်း ငါ့ဖထီး မန်းဖိုးမောင်အကြောင်း ကြားဖူးတယ်မို့လား"

"ဟာ …ကြားဖူးတာပေါ့ ကိုကြီးဖိုးအောင်ရဲ့။ ဒီရွာက လူကြီးတွေ ပြောပြောနေကြတာ ကျုပ်ကြားဖူးပါတယ်"

"မင်း ဘယ်လိုကြားဖူးလို့တုံးကွ"

"ဩော် …ဒီလိုလေဗျာ။ မန်းဖိုးမောင်က ဝိဇ္ဇာနောက်



www.burmeseclassic.com

www.burmeseclassic.com


သလိုဖြစ်သွားပြီး ဘန့်ဘွေးကုန်းသံချိုင်းဇရပ်ထဲမှာ ဆွဲကြိုးချပြီး သတ်သေသွားတယ်လို့ ပြောတာ ကြားဖူးတာပဲဗျ"

"အေး ...မင်းကြားတာ မှန်ပါတယ်။ ဒါပေမယ့် ငါ့ဖထီးက စိတ်နောက်ပြီး သတ်သေတာတော့ မဟုတ်ဘူးကွ။ စိတ်ညစ်ပြီး သတ်သေသွားတာ"

"ဗျာ ...စိတ်နောက်တာ မဟုတ်ဘူး ဟုတ်လား ကိုကြီးဖိုးအောင်"

"အေး ...ဟုတ်တယ်။ ငါ့ဖထီးက စိတ်မနောက်ဘူး။ စိတ်တွေအရမ်းညစ်သွားတာကွ"

"ဟာ ...ဖြစ်ရလေဗျာ။ ဘာတွေများ ဒီလောက်စိတ်ညစ်စရာရှိလို့တုန်းဗျာ။ ကျုပ်ကြားဖူးတာတော့ မန်းဖိုးမောင်က လွတ်ရိုးသားပြီး အလုပ်လည်း လွတ်ကြိုးစားတဲ့လူလို့ ပြောကြတာပဲ။ စီးပွားရေးလည်း တော်တော်အဆင်ပြေတယ်ဆို။ ဘာတွေများ ဒီလောက် စိတ်ညစ်စရာ ရှိလို့တုန်းဗျာ"

"အေးကွ ...တာတေရ၊ မင်းကို ငါပြောပြရဦးမယ်။ ငါ့ဖထီးရဲ့ ဖထီး၊ ငါ့အဘိုးပေါ့ကွာ မန်းဖိုးခေါင်ဆိုတာ ရှိတယ်။ သူက ဟိုးတောင်ထိပ်ကြီးကိုတက်ပြီး ချောက်ကြီးထဲကို ခုန်ချခဲ့တာတဲ့ကွ"

"ဗျာ ...ဒါဆိုရင် ခင်ဗျားအဘိုး မန်းဖိုးခေါင်လည်း သူ့ကိုယ်သူ သတ်သေတာပေါ့"


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် တာတေ။ ငါ့ အဖေမသေခင်က သူ့နားထဲမှာ ချက်ကျောင်းက အသုဘခေါင်းလောင်းထိုးတဲ့ အသံကြီးကြားကြားနေတာကွ"

"ဗျာ ···ချက်ကျောင်းဆိုတာ ဘာတုံးဗျ"

"ဟာကောင်ရ ···ငါ့အဘိုးက တောင်ပေါ်ကရင်ကြီးကွ။ သူနေတဲ့ရွာမှာ ကရင်တွေချည်းပဲ။ ပြီးတော့ ခရစ်ယာန်ဘာသာကိုးကွယ်ကြတာကွ။ ခရစ်ယာန်တွေရဲ့ ဘုရားကျောင်းကို ချက်ကျောင်းလို့ ခေါ်တာကွ။ အဲဒီချက်ကျောင်းမှာ ဘုရားရှိခိုးရင်ထိုးတဲ့ခေါင်းလောင်းကြီး ရှိတယ်တဲ့ကွ။ အသုဘရှိရင်လည်း အဲဒီခေါင်းလောင်းကြီးကို ထိုးရတယ်ဆိုပဲ"

"ခင်ဗျားတို့အဘိုးက ခရစ်ယာန်ကိုးကွယ်တာလား"

"အေးလေကွာ ···တို့အဘိုးက ခရစ်ယာန်လေ။ အဘိုးဆုံးသွားတော့မှ ငါ့ဖထီးက အဲဒီက အိမ်တွေ၊ မြေတွေရောင်းချပြီး ဘန့်ဘွေးကုန်းကို ပြောင်းလာတာ ဒီမှာယာတွေဝယ်၊ နွားတွေဝယ်ပြီး တောင်သူလုပ်နေတာကွ"

"နေပါဦး ကိုကြီးဖိုးအောင်ရဲ့၊ ကျုပ်ကြားဖူးတာက ခင်ဗျားဖထီး မန်းဖိုးမောင်က ဗုဒ္ဓဘာသာကိုးကွယ်တာပါဗျ။ ဘန့်ဘွေးကုန်း ဘုန်းကြီးကျောင်းမှာ မန်းဖိုးမောင်ကြီး လှူသွားတာတွေ နည်းတာမှ မဟုတ်တာ"

"အေး ···ဟုတ်တယ်လေ၊ ဖထီးကွ ဘန့်ဘွေးကုန်းကို

www.burmeseclassic.com



ရောက်တော့ ဗုဒ္ဓဘာသာကို ပြောင်းပြီးကိုးကွယ်တယ်။ ငါ့အမိုး လည်း ဖထီးလိုပဲ ဗုဒ္ဓဘာသာ ကိုးကွယ်တာပါပဲ"

"ဟုတ်တယ်လေဗျာ၊ အရီးရေအေးက ဥပုသ်နေ့တိုင်း ဘုန်းကြီးကျောင်းမှာ ဥပုသ်စောင့်တာ ကျုပ်တို့တွေ့နေတာပဲ"

"ဒါပေမဲ့ တာတေရ၊ ဘယ်လိုလုပ်လုပ် အဲဒါကြီးက တို့နောက်ကို လိုက်တာပဲကွ"

"ဗျာ …ဘယ်ဟာကြီးက လိုက်တာတုံးဗျ ကိုကြီးဖိုး အောင်ရဲ့"

"ငါစောစောကပြောတဲ့ ချက်ကျောင်းကထိုးတဲ့ အသုဘ ခေါင်းလောင်းသံကြီးလေကွာ"

"ဟင် …ဘယ်လိုဖြစ်တာတုံးဗျာ"

"အေး …မင်းကိုအစကစပြီး ပြောမှနားလည်မှာပေါ့ ကွာ။ ဒီအကြောင်းတွေကို ဒီရွာတွေက လူတွေဘယ်သူမှ မသိကြ ဘူးကွ။ ဖထီးတို့၊ အမိုးတို့ကလည်း ဒီအကြောင်းတွေကို ဘယ်သူ့ ကိုမှ မပြောကြဘူး။ ငါ အခုလာတာလည်း မင်းကို ဒီအကြောင်း တွေပြောဖို့ လာတာကွ။ ဒီလို တာတေရေ၊ ငါ့အဘိုး မန်းဖိုးခေါင် က အနောက်ရိုးမက တောင်ပေါ်ရွာကလေးတစ်ရွာမှာ နေတာကွ။ မိဘလက်ထက်ကတည်းက ချမ်းသာကြတယ်ဆိုပဲ။ ဆင်တွေ လည်း အများကြီးပိုင်တယ်တဲ့။ ရိုးမတောကြီးထဲမှာ ပျဉ်းကတိုး သစ်တွေခုတ်ပြီး သစ်ကုန်သည်တွေကို ရောင်းတာတဲ့ကွ။ တစ်

www.burmeseclassic.com



ရက်ကျတော့ အဘိုးရဲ့လှူယုံတော် စောကျောက်ပွင့်ဆိုတဲ့လူက သစ်ဖိုးတွေအကုန်လုံး ဖဲရှုံးပစ်လိုက်လို့ အဘိုးက အကြီးအကျယ် စိတ်ဆိုးရောတဲ့ဟေ့။ စောကျောက်ပွင့်ဆိုတဲ့လူက တောင်ပေါ်က ချက်ကျောင်းထဲမှာ ပုန်းနေတယ်ဆိုတာလည်းသိရော အဘိုးက ဝါးရင်းတုတ်တစ်ချောင်းကိုင်ပြီး တောင်ပေါ်ကို တက်လိုက်သတဲ့။ ချက်ကျောင်းအဝရောက်တော့ ချက်ကျောင်းစောင့်တဲ့ အဘိုးကြီးက တံခါးဖွင့်မပေးဘူးတဲ့ကွ။ အဲဒီအဘိုးကြီးရဲ့ နာမည်က မန်းစံမဲတဲ့ဟေ့"

"ဟေ့ …အဘိုးကြီးစံမဲ၊ တံခါးဖွင့်ပေးစမ်း။ ငါ့ငွေတွေ ခိုးသွားတဲ့ သူခိုးကျောက်ပွင့် ချက်ထဲမှာ ပုန်းနေတာငါသိတယ်"

"ဖိုးခေါင် …မင်းစိတ်ကို မင်းထိန်းပါ။ တရားဥပဒေအရ ဖြေရှင်းပါ ဖိုးခေါင်"

"ဟေ့လူကြီး စံမဲ …ခင်ဗျားဘာသိလို့ ပြောနေတာတုန်း ဖဆပလအစိုးရက တိုင်းပြည်ကို မထိန်းနိုင်တော့လို့ တစ်တိုင်းပြည်လုံး မင်းမဲ့တိုင်းပြည်လို ဖြစ်နေပြီ။ ကျုပ်က ဘယ်သူ့ကိုသွား တိုင်ပြီး၊ ဘယ်ဥပဒေနဲ့ ဖြေရှင်းရမှာတုံး။ ခင်ဗျား ခုချက်ချင်း တံခါးဖွင့်ပေး။ ဒီအကောင်ကို ကျုပ်ဥပဒေနဲ့ကျုပ် ဖြေရှင်းမယ်"

"မင်း …ဒေါသတွေ အရမ်းဖြစ်နေတယ် ဖိုးခေါင်၊ အခုနေ ကျောက်ပွင့်ကို မင်းတွေ့သွားရင် အသေသတ်မှာ သေချာတယ်။ စိတ်ထိန်းပါ ဖိုးခေါင်။ စိတ်လိုက်မာန်ပါ ဒုပ်တာ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းပါဘူးကွာ။ မင်း အခုအိမ်ပြန်လိုက်တာ ကောင်းလိမ့်မယ်ကွာ''

ချက်ကျောင်းရဲ့ဝင်းတံခါးကလည်း သိပ်နိုင်တာ မဟုတ်ဘူးတဲ့ တာတောရဲ့။ ဒီမှာတင် ဒေါသမထိန်းနိုင်တော့တဲ့ ငါ့အဘိုးက ဘုရားကျောင်း ဝင်းတံခါးကို သူ့ရဲ့ကိုယ်လုံးထွားထွားကြီးနဲ့ ပြေးတိုက်ပြီး ဖွင့်လိုက်တယ်တဲ့ဟ''

''ဟေ့ကောင်…ဖိုးခေါင်၊ မင်းဟာ ဘုရားကျောင်း ဖျက်ဆီးတဲ့အကောင်ပဲ။ အခုချက်ချင်း ဒီနေရာက ထွက်သွားလိုက်စမ်း''

''ဘုရားကျောင်းစောင့် အဘိုးကြီး မန်းစံမဲကလည်း ငါ့အဘိုးကို ဒေါသတကြီးနဲ့ အော်ရောတဲ့ကွ။ ငါ့အဘိုးကတော့ ဘာမှပြန်မပြောတော့ဘဲ ဘုရားကျောင်းထဲကိုဝင်ဖို့ ပြေးသွားရောတဲ့ကွ။ ဒီမှာတင် ဘုရားကျောင်းစောင့် အဘိုးကြီးက ရှေ့ကပိတ်ပြီး တားလိုက်တယ်တဲ့ကွ''

''ဟေ့ကောင် …ဖိုးခေါင်၊ မင်း အထဲကိုဝင်ချင်ရင် ငါ့ကိုသတ်ပြီးမှ ဝင်ပေတော့''

လို့ ဘုရားကျောင်းစောင့်ကြီးက ပြောနေတုန်းမှာပဲ အဘိုးရဲ့တပည့် ကျောက်ပွင့်ဆိုတဲ့လူက ဘုရားကျောင်းပြတင်းပေါက်ကနေ ခုန်ချပြီး ထွက်ပြေးသွားရောတဲ့ဟ။ အဲဒါကို မြင်လိုက်တဲ့ အဘိုးဟာ သူ့ဒေါသကို ဘယ်လိုမှ မထိန်းနိုင်တော့ဘဲ သူ့လက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝါးရင်းတုတ်ကို တအားလွှဲပြီး ဘုရားကျောင်းဆောင့်ကြီးကို ရိုက် လိုက်ရောတဲ့ပေါ့"

"ဒီမှာတင်ပဲ မြေကြီးပေါ်ကို ခွေခနဲလဲကျသွားပြီး၊ ဆန့် ငင် ဆန့်ငင် ဖြစ်နေတဲ့ ဘုရားကျောင်းဆောင့်ကြီးက ချက်ကျောင်း ပေါ်က ခေါင်းလောင်းကြီးကို လက်ညှိုးနဲ့ထိုးပြီး ပါးစပ်ကလည်း ပွစိပွစိနဲ့ ပြောနေတာတဲ့ကွ။ သူ့ပါးစပ်ထဲက သွေးတွေ ပွက်ခနဲ၊ ပွက်ခနဲ အန်နေရာကနေ ခေါင်းကြီးခွေကျသွားရောတဲ့ပေါ့။ အဲဒီ လို ဘုရားကျောင်းဆောင့်ကြီး အသက်ထွက်သွားတာနဲ့ တစ်ပြိုင် နက်တည်းမှာပဲ ဘုရားကျောင်းခေါင်းလောင်းကြီးက အလိုလို ထမြည်တာတဲ့ပေါ့"

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်"

"အသံဟာခေါင်းလောင်းသံကြီးတဲ့ကွာ။ ငါ့အဘိုးလည်း တော်တော်ကို လန့်သွားတာတဲ့ပေါ့။ အလိုလို ထိုးနေတဲ့ ခေါင်း လောင်းကြီးကို မော့ကြည့်ရင်း ကြက်သီးတွေ တဖြန်းဖြန်းထလာ သတဲ့။ စောစောက ဒေါသစိတ်တွေလည်း ပျောက်သွားပြီး ဝမ်း နည်းသလို၊ ကြောက်သလိုဖြစ်ပြီး ဘုရားကျောင်းရှိတဲ့ တောင်ပေါ် ကနေ ဆင်းပြေးလာရောတဲ့ကွာ"

"ဘုရားကျောင်းက အသုဘခေါင်းလောင်းထိုးတဲ့အသံ ကြားလိုက်တော့ လူတွေ ထုံးပြီး၊ ထွက်လာကြရောတဲ့ပေါ့။ ပြီးတော့ ဘုရားကျောင်းကို မြေတက်ကြည့်တော့ သွေးအိုင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



သေနေတဲ့ ဘုရားကျောင်းစောင့်ကြီးရဲ့ အလောင်းရယ်၊ ထိုးတဲ့သူ မရှိဘဲ အလိုလိုမြည်နေတဲ့ ဘုရားကျောင်းအပေါ်က ခေါင်းလောင်းကြီးရယ်ကို တွေ့ကြရတော့ ကြောက်လန့်ပြီး ပြန်ဆင်းပြေးလာကြတာတဲ့ဟော့"

"နေပါဦး ကိုကြီးဖိုးအောင်ရဲ့။ ခင်ဗျားအဘိုးမန်းဖိုးခေါင်ကို ရဲတွေက မဖမ်းကြဘူးလားဗျ"

"ပြောပါရောလား တာတေရယ်။ တိုင်းပြည်က မင်းမဲ့တိုင်းပြည်လို ဖြစ်နေတဲ့အချိန်ကွ။ ပြီးတော့ ရှီးမတောထဲက ရွာလေကွာ။ ဒီဘုရားကျောင်း အစောင့်အဘိုးကြီးကလည်း ဘယ်ကရောက်ပြီး ဒီမှာနေမှန်း ဘယ်သူမှ မသိကြဘူးကွ။ ဒီတော့လည်း အဘိုးကြီးအလောင်းကို ဝိုင်းပြီးသင်္ဂြိုဟ်လိုက်ကြတာပေါ့ကွာ"

"ဪ ..."

"ချက်ချင်းတော့ ဘာမှမဖြစ်ဘူးတဲ့ကွ။ အဘိုးရဲ့တပည့်ကျောက်မှုန့်ဆိုတဲ့လူလည်း ပြေးတော့တာပေါ့ကွာ။ ဆဲဒီနယ်ကို ဘယ်တော့မှကို ပြန်မလာတော့တာတဲ့ဟော့။ အေး ...ဒါပေမဲ့ ဘုရားကျောင်းစောင့်တဲ့ အဘိုးကြီးသေသွားပြီး ခုနစ်နှစ်ကြာတော့ ပါအဘိုးဟာ ညအိပ်ရင်၊ အသုဘခေါင်းလောင်းသံကြီး ကြားလို့ လန့်လန့်နိုးလာတယ် ဆိုပဲကွ။ ပထမတော့ တစ်လကို တစ်ခါလောက် ကြားရတယ်ဆိုပဲ။ နောက်တော့ မိုင်မိုင်လာတယ်တဲ့ကွ။

www.burmeseclassic.com



တစ်လ နှစ်ခါကြားရတယ်ဆိုပဲ။ နောက်တော့ တစ်လ သုံးခါ၊ လေးခါ၊ ငါးခါကနေ တစ်နာရီတစ်ခါလောက် ကြားလာတယ်ဆိုပဲ။ အဘိုးလည်း နေ့ရော၊ ညရော အိပ်လို့မရတော့ဘဲ ခေါင်းတွေကိုက်ပြီး အော်နေရတယ်တဲ့ကွ။ မှေးခနဲအိပ်ပျော်လိုက်၊ ဒေါင်၊ ဒေါင်၊ ဒေါင်ဆိုပြီး ခေါင်းလောင်းထိုးတဲ့ အသံကြီးပေါ်လာလိုက်၊ လန့်နိုးလိုက်နဲ့ နေ့ရော၊ ညရော မအိပ်နိုင်တော့ အစားလည်း မဝင်တော့ဘူး။ လူလည်း ပိန်ချုံးပြီး မျက်တွင်းဟောက်ပက်ကြီးတွေ ဖြစ်နေရောတဲ့ကွာ။ သူ့ကို လူတွေက မျက်ခြေမပြတ်စောင့်ကြည့်နေတဲ့ကြားကနေ တစ်နေ့မနက် အစောကြီးမှာ လူတွေအိပ်ပျော်နေတုန်း အိမ်ကနေ ထွက်သွားရောတဲ့ဟေ့။ အရင်ဆုံးနိုးလာတာက ငါ့ဖထီးတဲ့ကွ။ ဒါနဲ့ ငါ့ဖထီးလည်း ချက်ချင်းထွက်လိုက်တော့ တောင်ပေါ်သို့ တရွေ့ရွေ့နဲ့တက်နေတဲ့ အဘိုးကိုတွေ့လိုက်ရတာပေါ့ကွာ။ ဖထီး တောင်ပေါ်ရောက်တော့ ငါ့အဘိုးက တောင်ထိပ်က ကမ်းပါးစပ်ကြီးမှာ ရပ်နေတာတဲ့ကွ။ ဒီမှာတင် ငါ့ဖထီးက သဘောပေါက်သွားပြီး -

"ဖထီး မလုပ်နဲ့၊ မလုပ်နဲ့"

လို့လှမ်းအော်ပြောလိုက်တော့ အဘိုးကနောက်ကို တစ်ချက်လှည့်ကြည့်ပြီး ပြောသတဲ့"

"ဖိုးစွား ...မင်းပြန်တော့။ ဒီရွာမှာ မင်းတို့မနေကြနဲ့။ ငါတော့ မခံနိုင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောပြီး ချောက်ကြီးထဲ ခုန်ချသွားရောတဲ့ဟေ့"

"ဟာ...ဖြစ်မှဖြစ်ရလေ ကိုကြီးဖိုးအောင်ရာ"

"အေး...ရွာကလူတွေဆိုတာ ချောက်ထဲကိုဆင်းပြီး အလောင်းကိုမနည်းရှာကြရတယ်ဆိုပဲ။ ပြီးတော့ အလောင်းက ပုံပျက်၊ ပန်းပျက်ဖြစ်နေတဲ့အပြင် တောင်ပေါ်ကို ပြန်သယ်ဖို့ခက်နေတာနဲ့ ချောက်ထဲမှာပဲ သင်္ဂြိုဟ်ခဲ့ရတယ်တဲ့ကွ"

"ဩော် ...ဖြစ်ရလေဗျာ။ ဘုရားကျောင်းစောင့်ကြီးက ကျိန်စာတွေဘာတွေ တိုက်သွားသလားမှမသိတာ ကိုကြီးဖိုးအောင်ရဲ့"

"အဲဒါတော့ မသိဘူး တာတေရေ။ ငါ့ဖထီးလည်း သူ့ဖထီး မန်းဖိုးခေါင်မှာခဲ့တဲ့အတိုင်း ရှိသမျှအကုန်ရောင်းချပြီး အဲဒီရွာက ပြောင်းလာခဲ့ရောတဲ့ဟေ့"

"နေပါဦးဗျ။ ခင်ဗျားဖထီးက ဘန့်ဘွေးကုန်းကို ဘယ်လိုအဆက်နဲ့ ပြောင်းခဲ့တာတုန်းဗျ"

"ဒီလိုကွ ...ဘန့်ဘွေးကုန်းရွာသား သစ်ကုန်သည်တစ်ယောက် ရှိတယ်။ သူ့နာမည်က ဦးဘညွန့်တဲ့။ သူက မီးရထားစလီဖားတုံးလုပ်ဖို့ ငါ့အဘိုးဆီမှာ ပျဉ်းကတိုးသစ်တွေ မကြာမကြာလာပြီး ဝယ်နေကျ။ အဲဒီ သစ်ကုန်သည် ဦးဘညွန့်ရဲ့ အဆက်နဲ့ မြေတွေဝယ်၊ ပိုင်းတွေဝယ်ပြီး ဘန့်ဘွေးကုန်းမှာ အခြေချခဲ့တာတဲ့ဟေ့"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်…ဒီလိုလား"

"ဒီတုန်းက ငါ့ဖထီးက ထင်တာပေါ့ကွာ။ ဒီကိစ္စက ငါ့အဘိုးလုပ်ခဲ့တာတွေဆိုတော့ အဘိုးလည်း မရှိတော့ဘူး။ အဲဒီ ရွာကနေလည်း အပြီးပြောင်းခဲ့ပြီ။ ဗုဒ္ဓဘာသာလည်း ကိုးကွယ်နေပြီဆိုတော့ အားလုံးပြီးသွားပြီလို့ ထင်တာပေါ့ကွာ။ ဒါပေမဲ့ ဖထီးတို့၊ အမိုးတို့ထင်သလို မဟုတ်ဘဲ ဆွေစဉ်မျိုးဆက်ကိုပါ လိုက်လာတာဟော့"

"ဒါဆိုတော့ မန်းဖိုးမောင်လည်း အဲဒီခေါင်းလောင်းသံကို ကြားလာတာပေါ့။ ဟုတ်လား ကိုကြီးဖိုးအောင်"

"အေးလေကွာ၊ မင်းကိုစောစောက ငါပြောတဲ့အထဲမှာ ပါတယ်လေကွာ။ ငါ့ဖထီးလည်း အဲဒီ အသုဘခေါင်းလောင်းသံကြီး အစတော့ တစ်လတစ်ခါလောက် ကြားရတာကွ။ အိပ်ပျော်နေရင်းက လန့်အော်ပြီး နိုးနိုးလာတာဟော့။ နောက်တော့ တစ်ညကို နှစ်ခါ၊ သုံးခါလောက်ကြားပြီး လန့်လန့်အော်တယ်ကွ။ နောက်တော့ အဘိုးတုန်းကလိုပဲ အသုဘခေါင်းလောင်းသံကြီးကြားရတာ စိပ်စိပ်လာတာပေါ့ကွာ"

"ဟာ …ကိုကြီးဖိုးအောင်ရယ်၊ ဆရာတွေ၊ သမားတွေနဲ့ မေးစမ်းပြီး ဆေးဝါးမကုသဘူးလားဗျာ"

"နေပါ့မလား တာတေရာ၊ ပထမတော့ ဆရာတော်၊ သမားတော်တွေပင့်ပြီး ပရိတ်ရွတ်၊ အိမ်ကိုစည်းချလုပ်တာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကွာ။ နောက်တော့ ဘယ်ဆရာ ကောင်းတယ်ဆို ပင့်လို့ရရင် ပင့်၊ ပင့်လို့မရရင် သွားကုပေါ့ကွာ။ ဆရာတွေလည်း မျိုးစုံကုသ ပေးကြတာပဲကွ တာတေရ"

"နို ...အဲဒီလိုကုတော့ မသက်သာဘူးလားဗျ"

"မသက်သာပါဘူးကွာ။ ကုရင်းသရင်းကြားထဲကပဲ အဲဒီအသုဘခေါင်းလောင်းသံကြီးကို ကြားနေတာပါပဲ တာတေ ရာ။ ငါ့ဖထီးဆိုတာ သနားဖို့အင်မတန် ကောင်းတာပါကွာ။ ညဘက်မှေးခနဲ အိပ်ပျော်သွားတာနဲ့ သူ့နားထဲမှာ အသုဘခေါင်း လောင်းသံကြီးက ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်ဆိုပြီး ကြားမြန် ရောတဲ့ကွာ။ လန့်အော်ပြီး နိုးလာပြန်ရောဟေ့"

"နေ့ခင်းဘက် ပြန်အိပ်လို့ မရဘူးလားဗျ"

"အေး ...စဖြစ်ခါစကတော့ ညဘက်ကို မအိပ်တော့ ဘဲ နေ့ဘက်ကို အိပ်တာပေါ့ကွာ။ ညဆိုရင် မအိပ်ဘဲနဲ့ကို ငါ့ဖထီး က ထိုင်နေတာကွ။ နောက်တော့ နေ့ခင်းဘက်လည်း အဲဒီခေါင်း လောင်းထိုးသံကြီးကို ကြားနေရတာကွ။ ဖထီးမှာ နေ့ရော၊ ညရော မအိပ်ရတော့ ပိန်ချုံးပြီး ငှတ်တူတူ၊ ငိုင်တိုင်တိုင်ကြီး ဖြစ်လာတာ ပေါ့ကွာ။ တစ်ခါတစ်လေ သူ့အသိတစ်ယောက်ယောက်က သူ့ နားမည်ခေါ်ရင်တောင်မှ ကြားတဲ့အခါကြား၊ မကြားတဲ့အခါ မကြားနဲ့ပေါ့ကွာ"

"နေပါဦး ကိုကြီးဖိုးအောင်ရဲ့။ ဒီတုန်းက ကိုကြီးဖိုး

www.burmeseclassic.com

www.burmeseclassic.com



အောင်က အသက်ဘယ်လောက် ရှိပြီတုန်း”

“ငါ့အသက် ဆယ်နှစ်၊ ဆယ့်တစ်နှစ်လောက်ပေါ့ကွာ”

“ဩော် …ဒါကြောင့် အားလုံးသိနေတာကိုး”

“တစ်ခါတစ်ခါကျတော့ ဖထီးက တစ်ယောက်တည်း ထိုင်ပြီး ငိုတဲ့အခါ ငိုနေတယ်။ တစ်ခါတစ်ခါကျတော့လည်း တစ်ယောက်တည်း စကားတွေပြောနေတယ်။ ဒီတော့ ရွာထဲက လူတွေက ငါ့ဖထီးကိုစိတ်နောက်သွားပြီလို့ ထင်တာပေါ့ကွာ။ ဒါပေမဲ့ ငါသိတာပေါ့ တာတေရာ။ ငါ့ဖထီးမရူးပါဘူး။ ဘာ ဖြစ်လို့တုန်းဆိုတော့ ဖထီးမသေခင်တစ်ပတ်လောက်မှာ ငါ့ကိုပြော တယ်ကွ”

“ဟင် …ဘာပြောတာတုန်းဗျ ကိုကြီးဖိုးအောင်ရဲ့”

“ငါ့သား …မင်းအဘိုး ဘာကြောင့်သတ်သေသွား တယ်ဆိုတာကို ဖထီးခုမှ နားလည်တယ်။ မင်းအဘိုးလုပ်ခဲ့တဲ့ကိစ္စ ဟာ ဘာကြောင့် ဖထီးဆီရောက်လာတယ်ဆိုတာ တွေးလို့မရဘူး။ ဖထီးစိတ်ထဲမှာ စိုးရိမ်နေတာက မင်းကိုပဲ ဖိုးအောင်၊ ဒီကိစ္စက ငါ့ဆီမှာတင် ရပ်သွားရင်ကောင်းမယ်။ အဲဒီလို မရပ်ဘဲ မင်းဆီကို ဆက်လာမှာ ဖထီးစိုးရိမ်တယ်ကွာလို့ပြောတာကွ တာတေရ”

“ဟာ …ဒီလောက်အထိတော့ ဆက်လိမ့်မယ် မထင်ပါ ဘူးဗျာ”

ကိုကြီးဖိုးအောင်က အစီခံနားရောက်နေတဲ့ သူ့လက်



www.burmeseclassic.com

www.burmeseclassic.com



ထဲက နဂါးဆေးပေါ့လိပ်ကလေးကို ဆက်တိုက်ဖွာထုတ်လိုက်တယ်။ ပြီးတော့မှ -

"ဆက်တယ် တာတေရေ၊ ဆက်တယ်ကွ။ အခု အဲဒါကြီး ငါ့ဆီကိုရောက်နေပြီ"

"ဗျာ ...ဟုတ်လား ကိုကြီးဖိုးအောင်"

ကိုကြီးဖိုးအောင် ပြောရင်း မျက်နှာပျက်သွားတယ်ဗျို့။

"ငါအဲဒီ အသုဘခေါင်းလောင်းထိုးသံဆိုတာကြီးကို ငါကြားတာ သုံးခါရှိပြီ တာတေ။ အဲဒီလို အသံမျိုးကို ငါတစ်ခါမှ ကြားတောင်ကြားဖူးတာ မဟုတ်ပါဘူးကွာ"

"နေပါဦး ကိုကြီးဖိုးအောင်ရဲ့၊ ဘယ်လိုအသံကြီးတုန်းဗျ"

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်ဆိုတဲ့ အသံကြီးက လေးလေးကြီး မြည်နေတာကွ။ ခပ်သွက်သွက် မြည်တာမဟုတ်ဘူး။ တစ်ချက်ချင်း လေးလေးကြီးမြည်နေတာ။ နားထောင်ရင်း စိတ်ထဲမှာ ကြောက်လာတာကွ။ ငိုချင်သလိုလို၊ ဘာလိုလို ဖြစ်လာတာကွ"

"နေပါဦးဗျ၊ အဲဒီအသံကြီးကို အိပ်မက်မက်သလို ကြားရတာလား။ အပြင်မှာတကယ် ကြားရတာလား"

"ဟာ...တာတေကလည်း အပြင်မှာ တကယ်ကိုကြားရတာကွ။ ကြားရတာတောင်မှ အဝေးကြီးက ကြားရတာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးကွ။ ကိုယ့်နားနားမှာကပ်ပြီး ထိုးလိုက်သလို ကြားနေရတာ"

"နေဦး ကိုကြီးဖိုးအောင်၊ တစ်ခါကြားရင် ဘယ်နှချက်လောက် ကြားရတုံးဗျ"

"ဆယ်ချက်၊ ဆယ့်နှစ်ချက်လောက်ကို ကြားရတာကွ"

ကိုကြီးဖိုးအောင် ပြောရင်း မျက်ရည်တွေကျလာတယ်။ ကျုပ်ဖြင့် စိတ်မကောင်းလိုက်တာဗျာ။

"ငါ စိတ်မကောင်းတာက ငါ့သားလေး ဖိုးဆောင်ဆီကို ရောက်လာမှာကို ငါတွေးမိလို့ပါကွာ။ ဒီလိုကိစ္စကြီးက ငါတို့ ဆွေစဉ်မျိုးဆက် ဘယ်နှဆက်လောက်အထိ လိုက်နေဦးမှာတုံး တာတောရာ"

"ခုလို ကိုကြီးဖိုးအောင် ဖြစ်နေတာကို အစ်မစောကြည် ကိုရော ပြောပြသေးလားဗျ"

"အခုထိတော့ ငါဘယ်သူ့ကိုမှ မပြောသေးပါဘူးကွာ။ မင်းကိုသာ အရင်ဆုံး လာပြောတာပါ။ မင်းက ဆရာသမား အဆက်အသွယ်တွေ ရှိတတ်တယ်မို့လား။ ပြီးတော့ မင်းကိုယ်တိုင် လည်း ဆရာတစ်ပိုင်း ဖြစ်နေတာလေကွာ"

"ဟာ ...ကိုကြီးဖိုးအောင်လည်း ကျုပ်ကတော့ ဆရာ မဟုတ်ပါဘူးဗျာ။ ကျုပ်တွေးကြည့်တယ်။ ဘုရားကျောင်းဇော် အဘိုးကြီး မသေခင်မှာ ဘာတွေများ ကျိန်စာတိုက်ခဲ့ပါသမို့လို့ ကျုပ်တွေးနေတာဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ...ကိုကြီးဖိုးအောင်၊ စိတ်မလောပါနဲ့ဦးဗျာ။ ကျုပ် ဒီကိစ္စကို လုပ်ကြည့်ပါ့မယ်။ နို့ ...နေပါဦး ကိုကြီးဖိုးအောင်ရဲ့ ခင်ဗျားအဘိုး မန်းဖိုးခေါင်ရဲ့ရွာက နာမည်ဘာတဲ့တုံး"

"ပုသိမ်ဘက်ကနေ သွားရတာတဲ့ကွ။ ရိုးမတောင်ကြီး ပေါ်မှာ ရှိတာလို့ပြောတယ်။ ရွာနာမည်က 'ဖလပ်ကုန်း'တဲ့ကွ"

"ကိုကြီးဖိုးအောင်ရဲ့ အဖေရှိတုန်းက အဲဒီရွာကိုသွားပုံ သွားနည်း သေသေချာချာ မေးထားလိုက်ရဲ့လား"

"ဟာ...တာတေရ၊ ငါ့အမိုး ရှိနေတာပဲ။ အမိုးလည်း အဲဒီရွာကပဲလေ"

"အေး ...ဟုတ်သားပဲ ကျုပ်က အရိုးရေအေးကို မေ့ပြီး ပြောနေတာဗျို့"

"ဘာတုန်း ...မင်း အဲဒီရွာကို သွားချင်လို့လား"

"နေဦးဗျ ...ကျုပ်က လိုရမယ်ရ မေးထားတာပါ။ ဘာလဲဆိုတာသိအောင် လုပ်ရဦးမှာဗျ ကိုကြီးဖိုးအောင်ရ"

ကျုပ်စိတ်မကောင်းပါဘူးဗျာ။ ကိုကြီးဖိုးအောင် ပြန်သွားတော့ ကျုပ် ဒီအကြောင်းကို ငိုင်ပြီးတွေးနေတုန်း...

"ဟဲ့ ...တာတေ၊ ငရုတ်သီးထောင်းထားသေးလား"

ဟော ...အမေပြန်လာတာဗျို့။ ဝက်သားတွဲကြီးလည်း ပါလာတယ်။

"ဟိုမှာဟော့ ...ထွန်းပွင့်က တော်တော့်နဲ့ကို အငွေ့နတ်၊



www.burmeseclassic.com

www.burmeseclassic.com



ခုတ်ထစ်ချိန်တွယ်နေတာ မပြီးနိုင်လို့ စောင့်နေရတာပေါ့။ ဟဲ့ တာတေ နင်ကြည့်ရတာ ငိုင်တိုင်တိုင်ကြီးနဲ့ ဘာတုံး…နေမကောင်းလို့လား"

"နေကောင်းပါတယ် အမေရ၊ စောစောက ဘန့်ဘွေးကုန်းက ကိုကြီးဖိုးအောင်နဲ့ထိုင်ပြီး စကားပြောနေလို့ပါ"

"ဘယ်သူဟဲ့"

"ဟိုလေ အမေရာ၊ ကရင်ကိုဖိုးအောင်လေ"

"သြော်…ဆွဲကြိုးချသေသွားတဲ့ ဖိုးမောင်ရဲ့သားလေး ထင်တယ်"

"ဟုတ်တယ်လေ အမေရာ၊ ဘန့်ဘွေးကုန်းမှာ ကရင်ဆိုလို့ သူတို့ပဲရှိတာပဲဗျာ"

"အေး အေး၊ နို့ …ကရင်လေး ဘာလာလုပ်တုံး"

"သူတို့ကိစ္စကလည်း တော်တော်ကို ရှုပ်ထွေးတာ အမေရာ၊ ကျုပ်လည်း ဘာဆိုတာ တွေးလို့တောင်မရဘူးဗျာ"

အဘယာထဲက ပြန်လာတဲ့အချိန်မှာ အမေ့ရဲ့ဝက်သားဟင်းကလည်း နူးနေပြီဗျ။ ကျုပ်ထုံးစံအတိုင်း သုံးပန်းကန်လောက်ကို စားပစ်လိုက်တာဗျို့။

ထမင်းစားပြီး ကျုပ်မန်ကျည်းပင်အောက်က ကျုပ်ရဲ့ဒေစီသားကွပ်ပျစ်ပေါ်မှာ တစ်မှေးမှေးပြီး အမေခိုင်းထားတဲ့ မန်ကျည်းသီးတွေကို အသားဆွဲနေလိုက်တယ်။ တစ်နေကုန်တိုင်ပြီး အလုပ်

www.burmeseclassic.com



လုပ်နေလိုက်တာ နေစောင်းတော့ တော်တော်ကိုပြီးသွားပြီဗျ။

ညနေစောင်းတော့ ရေမိုးချိုး ထမင်းစားပြီး ကိုဖိုးအောင်ကြီးတို့အကြောင်းတွေကို ကျုပ်ဆက်တွေးနေမိတယ်။ အမေတို့၊ အဘတို့ အိပ်သွားတာတောင် ကျုပ် မအိပ်နိုင်သေးဘူးဗျ။ တော်တော်လေး ညနက်တော့မှ ကျုပ်အိပ်ရာဝင်ခဲ့တယ်။

ကျုပ် မဖဲဝါပေးထားတဲ့ ကိုယ်ခွဲရုပ်ကလေးကို ထုတ်ယူပြီး ကိုဖိုးအောင်တို့ ကိစ္စကိုမေးတယ်။ ပြီးတော့ မဖဲဝါရဲ့ကိုယ်ခွဲရုပ်ကလေးကို ကျုပ် ခေါင်းအုံးအောက်မှာထားပြီး အိပ်လိုက်တယ်။

အနောက်ဘက်က လေအေးတွေ တိုက်နေလိုက်တာ ကျုပ်ဖြင့် ချမ်းတောင်လာတယ်ဗျာ။ မိုးရွာတော့မှာလားလို့ ကောင်းကင်ကို ကျုပ်မော့ကြည့်လိုက်တယ်။

ဟာ…ကောင်းကင်ကြီး တစ်ခုလုံး ပြာလို့ဗျ။ ကျုပ် အံ့သြသွားတယ်။ မိုးမရွာဘဲ လေအေးတွေ တိုက်လှချည်လားလို့ တွေးနေတာပေါ့ဗျာ။ ကျုပ် ရောက်နေတာ တောစပ်ကလေး တစ်ခုဗျ။

"ဟဲ့…တာတေ၊ ငါဒီမှာ"

ကျုပ် နောက်ဘက်ကို လှည့်ကြည့်လိုက်တယ်။ တစ်ပင်လုံးဝါထိန်နေအောင် ပွင့်နေတဲ့ ဆယ့်နှစ်ရာသီပင်ကြီးအောက်မှာ ရပ်ပြီး ကျုပ်ကို လှမ်းခေါ်လိုက်တာဗျ။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲမှာ ကျုပ်မြင်နေကျ ကောင်မလေးဗျ။ ကျုပ်နဲ့ အသက်အတူတူလောက်ပဲ။ ကျုပ်သိတာပေါ့။ ဒါ မဖဲဝါလေ။ ကျုပ် လန့်သွားမှာစိုးလို့ သူ့ရဲ့နဂိုပုံစံကိုဖျောက်ပြီး ကျုပ်နဲ့ရွယ်တူလောက်ရှိတဲ့ ကောင်မလေးပုံစံအဖြစ် ဖန်ဆင်းထားတာလေဗျာ။ ကျောဘက်ကို ချထားတဲ့ သူ့ဆံပင်မှာ ဆယ့်နှစ်ရာသီပန်းအဝါလေးတစ်ပွင့် ပန်လို့ဗျ။

"မဖဲဝါကို ကျုပ် မေးစရာရှိလို့ဗျ။ ဘန့်ဘွေးကုန်းမှာနေတဲ့ ကျုပ်မိတ်ဆွေ ကိုကြီးဖိုးအောင်ရဲ့ အဘိုးကစပြီး နားထဲမှာ ခေါင်းလောင်းထိုးသံကြီး ကြားကြားပြီ ကိုယ့်ကိုယ်ကို သတ်သေကြတာဗျ။ ကိုကြီးဖိုးအောင်ရဲ့အဖေလည်း ဘန့်ဘွေးကုန်း သုသာန်မှာ သူ့ကိုယ်သူ သတ်သေသွားတာပဲ။ အဲဒီခေါင်းလောင်းသံကြီး ကြားတာပဲဗျ။ အခု ကိုကြီးဖိုးအောင်ပါ အဲဒီခေါင်းလောင်းသံကြီး ကြားနေရပြီဗျ။ ဘယ်လိုလုပ်ပေးရမယ်ဆိုတာ ကျုပ်သိချင်လို့ပါ"

မဖဲဝါက သူ့ခေါင်းက ဆံပင်တွေ လှုပ်သွားအောင် ခေါင်း ညိတ်လိုက်တယ်။

"တာတေ ...အဲဒါကျိန်စာသင့်နေတာ။ အခု မြေးအထိ ရောက်လာပြီ။ မပြီးသေးဘူး။ ဆွေစုနှစ်ဆက်ထိ သွားနေမှာ"

"ဟာ ...ဖြစ်ရလေဗျာ။ ဘယ်လိုလုပ်ရင် ဒီကျိန်စာပယ်နိုင်မတုံးဗျ"

"ဘုရားကျောင်းပျက်က အဲဒီခေါင်းလောင်းကြီးကို ထုခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီးဖျက်ဆီးပစ်လိုက်ရင်တော့ ရုပ်သွားလိမ့်မယ်။ အဲဒီအရုပ်ကို နှင်သွားဖို့ ကရင်လေးပါခေါ်သွား။ ဘုရားကျောင်းပျက်ထဲမှာရှိတဲ့ ကျိန်စာရှင်ကို တောင်းပန်။ တောင်းပန်လို့မှ မရရင် ငါ့ကိုတလိုက်။ ငါလိုက်လာပြီး တောင်ပိုင်ကြီးကို အကူအညီတောင်းပေးမယ်။ ငါ့ရဲ့ကိုယ်ခွဲရုပ်ကို ပါအောင်ယူသွား ကြားလား"

"ဟုတ်ကဲ့ပါ ...သခင်ရှင်မကြီးဗျာ"

"ဒုံး၊ ဒုံး၊ ဒုံး၊ ဒုံး၊ ဝုန်း"

"ဟဲ့ ...တာတေ၊ ထစမ်း ဘာသံတွေတုံး"

အမေကျုပ်ကို လှမ်းနှိုးလို့ ကျုပ်နိုးသွားတာဗျ။ တဒုံးဒုံး အသံတွေကို ကျုပ်လည်းကြားတယ်။

"တာတေ ...ကြားလား၊ ဘာသံတွေတုံး"

"ကြောင်တွေပါဗျ အမေရ၊ အိမ်ခေါင်မိုးပေါ်မှာ ကြောင် တွေပြေးနေတာပါ"

"သိပါဘူးဟယ်၊ ငါဖြင့်လန့်သွားတာပဲ"

ကျုပ်လည်း၊ ပြန်အိပ်ပေမယ့် အိပ်လို့မပျော်တော့ပါဘူး ဗျာ။ စောစောက အိပ်မက်ကိုပဲတွေးနေမိရောဗျို့။ အိပ်မက်ထဲမှာ မဲဝါပြောသွားတဲ့ အကြောင်းတွေကို ကျုပ်သေသေချာချာ ပြန် တွေးနေတာ။ မဲဝါပြောတော့ ဘုရားကျောင်းပျက်ကြီးလို့ ပြော တယ်။ လေပင်ကုန်းက လူတွေရဲ့ ဘုရားကျောင်းပဲ။ တာပြီးလို့ မဲဝါက ဘုရားကျောင်းပျက်လို့ ပြောရတာတုံးဆိုတော့ ကျုပ်

www.burmeseclassic.com



နားမလည်ဘူး။

နောက်တစ်နေ့မှာပဲ ကျုပ် ဘန့်ဘွေးကုန်းကို ထွက်လာခဲ့တယ်။ ရွာလယ်က ကိုကြီးဖိုးအောင်တို့ အိမ်ကိုသွားတယ်။ အရီးရှေအေးက ကျုပ်ကိုမမှတ်မိဘူးဗျ။

ကိုကြီးဖိုးအောင်ရဲ့သားလေး စောဖိုးဆောင်ဆိုတာ ငါးနှစ်ခြောက်နှစ်သားလေးဗျ။ အသားဖြူဖြူလေး။ သူ့အမေ မစောကြည်က အညာသူသာဆိုတယ် အသားမညိုဘူးဗျ။ အသားဖြူတယ်။ ဒီတော့လည်း ဖိုးဆောင်လေးက အသားဖြူတော့တာပေါ့ဗျာ။

ကျုပ်နဲ့ကိုကြီးဖိုးအောင်က ဝိုင်းထဲက သစ်သားကွပ်ပျစ်မှာ စကားပြောကြတယ်။ မဖဲဝါပြောတဲ့ ဆွေခုနစ်ဆက်အထိ လိုက်မယ့်အကြောင်း ပြောလိုက်တော့ ကိုကြီးဖိုးအောင် တော်တော် တုန်လှုပ်သွားတာဗျို့။ သူ့သား စောဖိုးဆောင်ကလေးကို လှမ်းကြည့်နေတယ်။

"တာတေ …မင်းနဲ့ငါ ဧလေပ်ကုန်းကို သွားကြမယ်ကွာ။ အဲဒီခေါင်းလောင်းကြီးကို ထုခွဲပစ်လိုက်မယ်။ တကယ်လို့ ငွေပေးဝယ်ရမယ်ဆိုရင်လည်း ငါဝယ်မယ် တာတေ။ ပြီးမှ ထုခွဲပစ်မယ်။ စရိုးစရိတ်အတွက် မင်းပိုက်ဆံ တစ်ပြားတောင် မယူခဲ့နဲ့။ ငါ အလုံအလောက် ယူခဲ့မယ်"

နောက်သုံးရက်ကြာတော့ ကိုကြီးဖိုးအောင်နဲ့ ကျုပ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ခရီး စထွက်တယ်။ ပုသိမ်ကနေတစ်ဆင့် မော်တော်စီးပြီး သွားရတယ်။ "ဆင်စုရွာ"ကိုရောက်တော့ မော်တော်က လမ်းဆုံးသွားပြီ။ အဲဒီကနေ ရိုးမပေါ်ကို စတက်ကြရတယ်။ ညနေ ၃ နာရီလောက်မှာ ဇလပ်ကုန်းကို ရောက်ကြတယ်။

ဒါပေမဲ့ ဇလပ်ကုန်းက အရင်ရွာမဟုတ်တော့ဘူးတဲ့ဗျ။ ဒါ...ရွာသစ်တည်ထားတာဆိုပဲ။ အရင်ရွာတုန်းက ဘုရားကျောင်းက ခေါင်းလောင်းကြီးက အလိုလို ထထိုးနေတယ်ဆိုပဲဗျာ။ အဲဒီခေါင်းလောင်းကြီး အလိုလိုထပြီးထိုးတိုင်း ရွာထဲမှာ လူတစ်ယောက်သေတာတဲ့ဗျို့။ ဒါနဲ့သူတို့တွေ ရွာပြောင်းပြီးတည်တာ နှစ်ပေါင်းလေးဆယ်လောက်တောင် ရှိပြီဆိုပဲ။ အရင်ရွာနေရာက အခုဆိုရင်တောကြီးဖြစ်ပြီး တောင်ကုန်းပေါ်က ချက်ကျောင်းပျက်ကြီးပဲ ရှိတော့တယ်တဲ့ဗျ။

ကျုပ်တို့ကတော့ အဲဒီချက်ကျောင်းပျက်ထဲက ခေါင်းလောင်းကြီးကို ဖျက်ဆီးဖို့လာတဲ့အကြောင်း ပြောပြတော့ ဇလပ်ကုန်းသားတွေက လန့်သွားကြတယ်ဗျ။ သူတို့လည်း အဲဒီခေါင်းလောင်းကြီးကို ဖျက်ဆီးဖို့ ကြိုးစားခဲ့ကြတဲ့အကြောင်း ပြောတယ်ဗျ။

ဒါပေမဲ့ ခေါင်းလောင်းကို ဖျက်ဆီးဖို့ ကြံစည်တိုင်း သူတို့ရွာမှာ ဘေးဒုက္ခ တစ်ခုမဟုတ်တစ်ခု ကြုံကြရတဲ့အကြောင်း ပြောကြတယ်။ နောက်ဆုံးတော့ သူတို့တွေ လုံးဝမနေဝံ့ကြတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ညှာပြောင်းတည်ကြရတဲ့အထိ ဖြစ်သွားရောတဲ့ဗျာ။

ကျုပ်တို့ကိုလည်း ခေါင်းလောင်းကို ဖျက်ဖို့မဖြစ်နိုင်တဲ့ အကြောင်းပြောပြီး မလုပ်ဖို့တားကြတယ်။ သူတို့ဘယ်လောက်ပဲ တားတား ကျုပ်တို့က အဝေးကြီးကလာခဲ့ကြရတာဆိုတော့ မရ ရအောင်ဖျက်မှာလို့ပြောပြီး ဇလပ်ကုန်းရွာဟောင်းကို ရှာဖို့ထွက်ခဲ့ တယ်။ ညနေ ၅ နာရီမှာ ဇလပ်ကုန်းရွာဟောင်းက ဘုရားကျောင်း ပျက်ကြီးကို ရောက်ခဲ့တယ်။

မဖဲဝါက ဒါကြောင့် ဘုရားကျောင်းပျက်ကြီးလို့ ပြောတာ ဗျ။ ဘုရားကျောင်းပျက်ကြီးက ပျဉ်းကတိုးသစ်တွေနဲ့ ဆောက် ထားပေမယ့် အသုံးမပြုတာကြာတော့ ပျက်စီးပြီး ယိုင်နဲ့ပြိုကျ နေတာပေါ့ဗျာ။

ကျုပ်နဲ့ကိုဖိုးအောင် ဘုရားကျောင်းပျက်ကြီးထဲကိုဝင်ပြီး လိုက်ကြည့်ကြတယ်။ ထိုင်ခုံအကျိုးအပဲ့တွေ နည်းနည်းပါးပါး ရှိတာကလွဲရင် တခြားဘာမှ မရှိတော့ပါဘူး။

တောထဲမှာဆိုတော့ အစောကြီးမှိုးချုပ်တာပေါ့ဗျာ။ ကျုပ် နဲ့ကိုဖိုးအောင် ကျုပ်တို့မှာပါလာတဲ့ ဖယောင်းတိုင်တွေထုတ်ပြီး ထွန်းလိုက်ကြတယ်။ ကျုပ်နဲ့ကိုဖိုးအောင် ဘုရားကျောင်းပျက်ကြီး ရဲ့အလယ်မှာ ဒူးထောက်ထိုင်ကြပြီး -

"ဘုရားကျောင်းစောင့်ကြီးဗျာ …ဟောဒီက စောဖိုး အောင်ရဲ့အဘိုး မန်းဖိုးခေါင်နဲ့ ခင်ဗျားနဲ့ဖြစ်ခဲ့တဲ့ ကိစ္စတွက်



www.burmeseclassic.com

www.burmeseclassic.com



မန်းဖိုးခေါင်ရဲ့မြေးဖြစ်တဲ့ စောဖိုးအောင်က ဘုရားကျောင်းစောင့်ကြီးကို လေးလေးနက်နက် တောင်းပန်ပါတယ်ဗျာ။ လူကြီးတွေဖြစ်ခဲ့တဲ့ ရန်ငြိုးရန်စတွေကို ဒီမှာပဲရပ်ပေးလိုက်ပါဗျာ။ စောဖိုးအောင်က အနူးအညွတ်တောင်းပန်ပါတယ်”

“ဟုတ်ပါတယ် . . ဘုရားကျောင်းစောင့်ကြီး၊ ကျုပ်ဖိုးအောင် အနူးအညွတ် တောင်းပန်ပါတယ်ဗျာ”

“ဝုန်း၊ ဒိုင်း၊ ဝုန်း၊ ဝုန်း”

ဟာ . . . ဖြူဖြူအရိပ်ကြီးတစ်ခု ရိပ်ခနဲဖြတ်ပြေးသွားတာမြင်လိုက်ရတယ်ဗျို့။ ပြီးတာနဲ့ ဘုရားကျောင်းပျက်ကြီးရဲ့ ပိတ်ထားတဲ့တံခါးတွေဟာ သူ့အလိုလိုကို ဝုန်းခနဲပွင့်ထွက်ကုန်ရောဗျို့။ ဘုရားကျောင်းပျက်ကြီးရဲ့ ကြမ်းပြင်ပေါ်မှာ လဲပြိုနေတဲ့ခုံတွေလည်း လေထဲကိုမြောက်တက်ပြီး ဒုန်းခနဲမြည်အောင် ကြမ်းပြင်ပေါ်ကို ပြန်ကျလာတယ်။

“သွားပြီ . . . ကိုကြီးဖိုးအောင်ရေ၊ ဘယ်လိုမှတောင်းပန်လို့ရမယ့်ပုံ မပေါ်ဘူးဗျာ”

“ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်”

ဟာ . . . ခေါင်းလောင်းကြီး ထိုးပြီဗျို့။ သူ့အလိုလိုကို ထိုးတာဗျာ။

“အောင်မယ်လေးဗျာ၊ ခေါင်းတွေကွဲထွက်တော့မယ်ဗျ”

ကိုဖိုးအောင်က သူ့နားနှစ်ဖက်ကို လက်ဝါးနဲ့ပိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်မှာ ခေါင်းစိုက်ပြီး အော်နေတာဗျို့။ ကျုပ်ဖြင့် ကြက်သီးတွေ ထလိုက်တာဗျာ။ မပြောပါနဲ့တော့။ ကျုပ် ချက်ချင်း မဖဲဝါရဲ့ ကိုယ်ခွဲရုပ်ကလေးကို ထုတ်ယူလိုက်ပြီး -

"သီချိုင်းရှင်မကြီး မဖဲဝါခင်ဗျား …ကျုပ်တို့ ဘုရားကျောင်းပျက်ကြီးထဲကို ရောက်နေပါပြီ။ အခု ဘုရားကျောင်းဓောင့်ကြီးကို တောင်းပန်နေတာပါ။ ဘယ်လိုမှ တောင်းပန်လို့ မရဘဲ ဝုန်းဒိုင်းကြဲနေပြီဗျာ။ ခေါင်းလောင်းကြီးလည်း မရပ်တော့ဘဲ ထိုးနေပြီဗျာ။ ကိုကြီးဖိုးအောင်လည်း အော်ဟစ်နေပြီ မဖဲဝါ၊ အမြန်ကြွလာခဲ့ပါဗျာ"

ကျုပ်လည်း မဖဲဝါကို ချက်ချင်းပင့်ရတော့တာပေါ့ဗျာ။ ဘုရားကျောင်းကြီးတစ်ခုလုံး ဖြောင်းကိုဆန်နေပြီဗျို့။

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်"

"အောင်မယ်လေးဗျာ… ခေါင်းကြီးကွဲထွက်တော့မယ်ဗျာ၊ ရပ်လိုက်ပါတော့ဗျာ"

"ဝုန်း၊ ဝုန်း၊ ဒိုင်း၊ ဒုန်း၊ ဒုန်း"

"ကိုကြီးဖိုးအောင်…သတိထား၊ သတိထား၊ စိတ်မလျှော့လိုက်နဲ့"

"ဂျိမ်း၊ ဂျိမ်း၊ ဂျိမ်း"

ဟာ…နွေခေါင်ခေါင်ကြီး ချက်ချင်း မိုးတွေချိန်းလာပြီဗျို့။ ဘာတွေဖြစ်ကုန်ပြီလဲတော့ မသိဘူးဗျာ။ ချက်ချင်းကို မိုး



www.burmeseclassic.com

www.burmeseclassic.com



သက်မှန်တိုင်း ကျလာတာဗျို့။

"ဝေါ၊ ဝေါ၊ ဝေါ"

ဟာ…မိုးကြီး၊ လေကြီးကျတာဗျို့။ ကျုပ်တို့ထွန်းထားတဲ့ ဖယောင်းတိုင်တွေ ငြိမ်းကုန်ပြီ။ ဘုရားကျောင်းတစ်ခုလုံး မှောင်သွားပြီဗျာ။ ဟော…လျှပ်စီးတွေ တဝင်းဝင်း လက်နေတာဗျ။ လျှပ်စီးအရောင်ကြောင့် ဘုရားကျောင်းကြီးထဲမှာ လင်းခနဲ ဖြစ်ဖြစ်သွားတုန်း မြင်လိုက်ရတာဗျ။ ဖြူဖြူအရိပ်ကြီးတစ်ခုက ကိုကြီးဖိုးအောင်ကို စိုက်ကြည့်နေတာဗျို့။ ကျုပ်ချက်ချင်းပြေးပြီး ကျုပ်လွယ်ထားတဲ့ ကျုပ်လွယ်အိတ်ထဲမှာက ဆေးဝါးတွေ၊ အင်းတွေ အစုံပါတယ်လေဗျာ။

ကိုဖိုးအောင် စောစောကလို မအော်တော့ဘူးဗျ။ မိုးသံ၊ လေသံတွေအောက်မှာ တစ္ဆေကြီးထိုးတဲ့ ခေါင်းလောင်းသံက ပျောက်သွားတယ်။ တစ္ဆေကြီး တော်တော်ကို ဒေါသဖြစ်သွားပုံပဲဗျ။

"ဝီး၊ ဝီး၊ ဝီး၊ ဒုန်း၊ ဒုန်း၊ ဂျိမ်း၊ ဂျလိမ်း၊ ဂျလိမ်း၊ ခလွမ်း၊ ခွမ်း၊ ခွမ်း"

ဟာ …မိုးကြိုးပစ်ပြီဗျို့။ ဟာ…ခေါင်းလောင်းကြီးကို ပစ်ချလိုက်တာဗျို့။ ဟာ…ဘုရားကျောင်းထဲကို တိုးဝင်လာတဲ့ လေပွေလှိုင်းကြီးနဲ့ ဖြူဖြူအရိပ်ကြီးပါသွားပြီဗျို့။ ဟာ…ခေါင်းလောင်းကြီးလည်း ခေါင်းလောင်းစင်အောက်က သမံတလင်းပေါ်

www.burmeseclassic.com



မှာ ကွဲပြီးတစ်စစီကို ဖြစ်နေပြီဗျာ။

ဝင်းခနဲ၊ ဝင်းခနဲလက်နေတဲ့ လျှပ်စီးရောင်အောက် ကျုပ်မြင်လိုက်ရတဲ့ မြင်ကွင်းတွေပေါ့ဗျာ။

"ကိုကြီးဖိုးအောင် …ကိုကြီးဖိုးအောင်၊ ခေါင်းလောင်းကြီးကို မိုးကြိုးပစ်လို့ ကွဲသွားပြီဗျ"

"ဟေ…ဟုတ်လား တာတေ၊ ဟာ…ဝမ်းသာလိုက်တာကွာ။ ဒါ…ဒါဆိုရင် ငါတို့ကျိန်စာတွေ ပြယ်ပြီပေါ့ကွ"

"ဟုတ်တယ်ဗျ…ဟုတ်တယ်၊ စောစောက လေတစ်ချက်စောင့်ကိုက်လိုက်တုန်းက ဖြူဖြူအရိပ်ကြီးလည်း ပါသွားပြီဗျ"

"ဟေ …ဟုတ်လား၊ မင်းမြင်လိုက်လား တာတေ"

"မြင်လိုက်တယ်ဗျ …ကိုကြီးဖိုးအောင်ရဲ့။ ကျုပ် သေသေချာချာကို မြင်လိုက်တာ"

"ဟာ …ဝမ်းသာလိုက်တာကွာ"

လေလည်း တဖြည်းဖြည်း ငြိမ်သွားပြီ။ မိုးလည်းစဲသွားပြီဗျ။ ကျုပ်တို့လည်း ငြိမ်းသွားတဲ့ဖယောင်းတိုင်တွေကို ပြန်ထွန်းလိုက်ကြတယ်။ ဘုရားကျောင်းပျက်ကြီးလည်း ငြိမ်သက်နေပြီ။ ကျုပ်တို့နှစ်ယောက် ဖယောင်းတိုင်မီး တစ်ယောက်တစ်တိုင်ကိုင်ပြီး သံမံတလင်းပေါ်မှာ တစ်စစီကွဲကြေနေတဲ့ ခေါင်းလောင်းကြီးကို သွားကြည့်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးဖိုးအောင် ...ခေါင်းကိုက်သေးလားဗျ"

"မကိုက်တော့ဘူးကွ တာတေရ"

ကျုပ်တို့နှစ်ယောက် တစ်ညလုံးနဂါးဆေးလိပ်ကလေးတွေ ဖွာရင်း ဘုရားကျောင်းပျက်ထဲမှာ ထိုင်ရင်း မိုးလင်းရတာပေါ့ဗျာ။ နှစ်ယောက်စလုံး အိပ်ကိုမအိပ်ရဲတာဗျ။

နောက်နေ့ ကျုပ်တို့နှစ်ယောက် တောင်ပေါ်ကပြန်ဆင်းတော့ ဇလပ်ကုန်းကလူတွေ ...ဝမ်းသာအားရ ကြိုကြတယ်ဗျို့။ ကျုပ်တို့က ညကမုန်တိုင်းကျပြီး လေရော၊ မိုးရောရွာချပြီး မိုးကြိုးပစ်ချလိုက်လို့ ဘုရားကျောင်းပျက်ကြီးထဲက ခေါင်းလောင်းကြီးကွဲသွားတဲ့အကြောင်း ပြောပြတော့ အားလုံးအံ့သြနေကြတာဗျ။

"ညက ဘယ်လိုလုပ် လေကြီးမိုးကြီးကျမှာတုံး။ ဒီလောက် နွေခေါင်ခေါင်ကြီးမှာ"

လို့ပြောကြတော့ ကျုပ်ဖြင့်အံ့သြလိုက်တာဗျာ။ ဒါဆိုရင် မုန်တိုင်းကျပြီး မိုးတွေရွာ၊ လေတွေတိုက်၊ မိုးကြိုးတွေပစ်တာ တောင်ပေါ်က ဘုရားကျောင်းပျက် ဝင်းကြီးထဲမှာတင် ဖြစ်သွားတယ်ဆိုတာကို ကျုပ်တွေးမိပြီး တော်တော်ကို အံ့သြသွားတာဗျ။ မဖဲဝါ ကျုပ်ကိုပြောလိုက်တဲ့အတိုင်း တောင်ပိုင်နတ်ကြီးကို အကူအညီတောင်းလိုက်တာပဲ ဆိုတာကို ကျုပ် သေသေချာချာနားလည်သွားတာပေါ့ဗျာ။

ကျုပ်တို့နှစ်ယောက် ရွာကိုပြန်ရောက်တော့ ကိုကြီးဖိုး



www.burmeseclassic.com


www.burmeseclassic.com



အောင်က အမဲသားတစ်ပိဿာဝယ်ပြီး မဖဲဝါကို စားပွဲပေးလိုက်တယ်ဗျ။ ကျုပ်ပဲအားလုံး လုပ်ပေးရတာပေါ့ဗျာ။ အဲဒီကတည်းက ကိုကြီးဖိုးအောင်လည်း အသုဘခေါင်းလောင်းသံကြီး မကြားရတော့ဘူးတဲ့ဗျာ။

တာတေ

ဟူး



www.burmeseclassic.com

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com





# တစ္ဆေတစ်ကောင်၏ သန်းခေါင်ယံ ညစာစားပွဲ

ကျော်မင်းနိုင်

"ဒီအိမ်မှာ လူနာရှိသလားဟေ့"

အိမ်ရှေ့ဝါးစည်းရိုးကလေးအပြင်ဘက်မှ ထွက်ပေါ်လာသောအသံကြောင့် အိမ်ကလေးအတွင်းမှ လူအများ၊ ဖျာပေါ်မှာ ပက်လက်ဖြစ်နေသော 'စိုင်းနွံလှ' ကို အာရုံစိုက်နေရာက အိမ်အပြင်ဘက်လမ်းပေါ်သို့ လှမ်းကြည့်လိုက်မိကြသည်။

www.burmeseclassic.com

အကောက်ကောင်းကင်

www.burmeseclassic.com



လျှော်ခေးဆိုး ယောဂီရောင်အင်္ကျီနှင့် ယောဂီရောင် ရှမ်းဘောင်းဘီကြီးကိုဝတ်ဆင်ကာ ယောဂီရောင်အိတ်ဖောင်းဖောင်းကြီးလွယ်လျက် အိမ်ခြံအတွင်းသို့ လက်ထဲမှ တောင်ဝှေးဆောင်လျက် ဝင်လာသော ယောဂီအဘိုးအိုကြီးတစ်ဦး။

အသက်အားဖြင့် ရှစ်ဆယ်ဝန်းကျင်ခန့်ရှိလောက်လေပြီ။

ဖြူဖြူဖွေးဖွေး မုတ်ဆိတ်နှုတ်ခမ်းမွေးများ၊ မျက်ခုံးမွေးထူထူများက မျက်နှာပြင်မှာ နေရာယူထားသော်လည်း အသားအရေက ဖြူဖြူစင်စင်ရှိကြောင်း ပေါ်လွင်နေသည်။

ယောဂီအဘိုးအိုကြီးက ဖိတ်မန္တကမပြုဘဲ ခြံဝိုင်းကလေးထဲဝင်လာသည်။

ပြီးတော့ အိမ်ပေါက်ဝ ခေါင်းရင်းဘက်နေရာမှ အိမ်ကလေးပေါ်တက်သည်။

ရောဂါဝေဒနာကြောင့် မြောနေသော လူမမာစိုင်းနွံလှကို တစ်ချက်ကြည့်ပြီး မျက်နှာလွှဲကာ ဘုရားစင်ဘက်လှည့်ပြီး အာရုံပြုဘုရားရှိခိုးသည်။ ဘုရားရှိခိုးပုံကတော့ ပုံစံကျနလှသည်တော့ မဟုတ်။ လက်အုပ်ချီသည်ဆိုပေမယ့် လက်ဆယ်ချောင်းမှ လက်ချောင်းကလေးများကို လက်သီးဆုပ်လို ချိုးချထား၏။

အိမ်ပေါ်မှ စိုင်းနွံလှဇနီး နန်းခမ်းအေးနှင့် အိမ်နီးနားချင်း၊ ခြံနီးနားချင်းတွေက အဘိုးအိုကို အံ့သြမင်တက်သလို လှမ်းကြည့်ရုံမှတစ်ပါး ဘာမှမပြောနိုင်ကြသေး။

*



www.burmeseclassic.com

www.burmeseclassic.com



သူတို့ 'ပုံပါကျဲ'ရွာကလေးမှ အသက်အရွယ်အကြီးဆုံး ဖြစ်သူ ဘကြီး'ကျောင်းဝတ္တ'က လူကြီးတစ်ယောက်ပီပီ ယောဂီအသိုးအိုကြီး ကန်တော့အပြီးကိုစောင့်ပြီး စကားပြောညှော်ခံရန် အတွက် စီစဉ်ရသည်။

"အဘအဲ့တွက် အခါးရေနဲ့ ပဲပုပ်ကြော်လေးပြင်လိုက်ပါ နန်းခမ်းအေး"

"ဟုတ်"

နန်းခန်းအေး ပက်လက်မြောနေသော ခင်ပွန်းသည် လူမမာ စိုင်းနွံလှကိုထားခဲ့ပြီး မီးဖိုချောင်သို့ ထလာခဲ့ရသည်။

အမှန်တော့ မီးဖိုချောင်မှာ သီးခြားမဟုတ်။ သူတို့လို ဆင်းရဲသားတောင်သူတွေအတွက်လည်း မီးဖိုချောင် သီးခြား မဆောက်နိုင်။

အိမ်ကလေး၏ ခြေရင်းဘက် မြေစိုက် တစ်ဖက်ရပ်အမိုး ကလေးနှင့် မီးဖိုချောင်ကလေးဆောက်ထားခြင်းသာ။

အိမ်အဖြစ် အိမ်ရှေ့ခန်း၊ အိမ်ခန်း နှစ်ခုခွဲထားပြီး အလယ် ကောင်က ကာရံထားကာ မီးဖိုချောင်ကို ဘယ်ကဆင်းဆင်း ခြေရင်းဘက်ကဆင်းသည်နှင့် တန်းရောက်သည်။

ယောဂီအသိုးအို ဘုရားဝတ်ပြုပြီးချိန်၌ နန်းခမ်းအေးက အခါးရေနှင့် ပဲပုပ်ကြော်ကို ဆားပန်းကန်နှင့်အတူ ယောဂီအသိုးအို ရှေ့မှာ ချထားပေးပြီးသားဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ယောဂီအဘိုးအိုအတွက် အဘကျောင်းဝတ္တာက ဖျာပိုင်းကလေးတစ်ချပ်ခင်းပေးထားပြီးသား ဖြစ်နေ၏။

ယောဂီအဘိုးအိုက လူမမာ စိုင်းနွံလှဘက် တစောင်းမကျတကျ လှည့်၍ထိုင်သည်။

ဦးကျောင်းဝတ္တာ၊ ဇနီးဖြစ်သူ ဒေါ်နန်းမူနှင့် အခြားမိန်းမများဖြစ်သော ခြံနီးချင်းအမျိုးသမီးသုံးယောက်၊ လူမမာ၏ဇနီးနန်းခမ်းအေး၊ မိန်းမသားငါးယောက်နှင့် ယောကျာ်းကြီးတစ်ယောက်သာ အိမ်ကလေးပေါ်မှာ ရှိနေကြသည်။

အိမ်ခြေနှစ်ဆယ်ခန့်သာရှိသော သူတို့အစုမှ ယောကျာ်းသားတွေ နေ့ခင်းဘက် တောတက်၊ အမဲလိုက်၊ ပျားဖွပ်၊ ထင်းခုတ် ထွက်ခွာနေကြချိန်။

သူတို့ရွာကလေးတွေမှာ တောင်ပေါ်ရွာကလေးတွေဖြစ်၍ အိမ်နှစ်ဆယ်တစ်စု၊ ဆယ့်ငါးအိမ်တစ်စု၊ အိမ်သုံးဆယ်တစ်စု သင့်ရာသင့်ရာ အစုအဖွဲ့ကလေးတွေပြု၍ အဆင်ပြေရာ တောင်ခါးပန်း၊ တောင်ကြောများတွင် ရွာတည်ထားကြခြင်းဖြစ်၏။

"အိမ်း…လူမမာက အတော်ကို ခရီးကျွံနေပြီပဲ"

အဘိုးအိုယောဂီကြီးထံမှ ပထမဆုံးထွက်ပေါ်လာသော စကားသံက လူမမာစိုင်းနွံလှအတွက် မျှော်လင့်ချက်ပင် မရှိနိုင်တော့သောစကား။

"ဘုရား ဘုရား ဒါဆို ကိုစိုင်းအတွက် လမ်းဆုံးနေပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နန်းခမ်းအေး တုန်တုန်ရီရီနှင့်လှမ်းအမေး ယောဂီအဘိုးအိုကြီးက -

"လှမမာရဲ့ ဓာတ်ကံသက်ကလည်း အရေးပါနေသေးတယ်။ လှမမာအတွက် အစီအရင်လေးတွေလုပ်ပေးရင်း သုံးရက်လောက်တော့ စောင့်ကြည့်ရလိမ့်မယ် သမီးရယ်"

"တပည့်တော်တို့က တပည့်တော်ရဲ့တူကလေးအသက်ကို ဒီကနေ့မတိုင်ခင် စွန့်ပစ်ရတော့မယ် ထင်နေတာပါ အဘယောဂီကြီးခင်ဗျား။ နောက်သုံးရက်လောက် စောင့်ကြည့်ရလိမ့်မယ်ဆိုတော့ လှမမာကို အဘယောဂီဆရာကြီးလက်အပ်ပါတယ်။ သေတစ်ကံ၊ ရှင်တစ်ကံ ဆရာကြီးပဲ ကုသစောင့်ရှောက်ပေးပါတော့ခင်ဗျား"

အဘဦးကျောင်းဝဏ္ဏက လူကြီးပီပီ ဝင်ကာပြောကြားလျှောက်ထားပေးသည့်အတွက် ယောဂီအဘိုးအိုကြီးက ရေမန်းနှင့် လှမမာ၏မျက်နှာပြင်ကို သုံးကြိမ်သုံးခါ သပ်ချသည်။

ပါးစပ်မှလည်း ဂါထာမန္တရားများကို ဥုံခံကာ တတွတ်တွတ်ရွတ်ဆိုခြင်းပြုလေသည်။

လှမမာ စိုင်းနွံလှ၏မျက်နှာပြင်ကို ယောဂီအဘိုးအိုကြီးက သူ၏လက်ဝါးပြင်နှင့်သပ်ချတိုင်း စာစာက အသံမထွက်ဘဲ မော်နေသောလှမမာဆီမှ ညည်းညူသံတွေကြားနေရပြန်သည့်အပြင် လှမမာရှင်တွေ တအံ့တသြဖြစ်ကာ အားတက်သွားကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဟင်း အင်း ဟင်း ဟင်း"
"အင်း ဟင်း. အင်း ဟင်း ဟင်း"
"အင်း ဟင်း အင်း ဟင်း ဟင်း"

ယောဂီအဘိုးအိုကြီးက လူမမာ၏မျက်နှာပြင်ပေါ် လက်ဝါးဖြင့် သုံးကြိမ်သပ်သည့်အခိုက် သုံးကြိမ် လူမမာဆီက ညည်းညူသံတွေ ပြန်ကြားလိုက်ရပြီဖြစ်၍ ဇနီးဖြစ်သူ နန်းခမ်းအေးနှင့် ဦးကျောင်းဝတ္ထာတို့အားလုံး ယောဂီအဘိုးအိုကြီးအား များစွာ ယုံကြည်အားကိုးမိကြလေတော့၏။

ထိုနေ့အဖို့ ရွာကလေး၏ ဓလေ့ထုံးစံအတိုင်း အဘယောဂီဆရာကြီးအတွက် တစ်အိမ်တစ်ခွက်နီးပါး ထမင်းဟင်းများ ကြုံရာနှင့်ပို့ပေးကြသလို ညနေစာအတွက်ပါ ပို့ပေးကြရန် စီစဉ်ကြတော့သည်။

ယောဂီအဘိုးအိုဆရာကြီး၏ထူးခြားမှုမှာ အခြားသော ယောဂီအဘိုးအိုကြီးများလို သက်သတ်လွတ်၊ ဟိုအသားရှောင်၊ ဒီအသားမစားမဟုတ်ဘဲ ဦးကျောင်းဝတ္ထာတို့ အိမ်နှစ်ဆယ်တန်းမှ ပို့ပေးသမျှ သက်သတ်လွတ်ကော အသားငါးပါမကျန် အကုန်လုံးကုန်အောင် စားသောက်ခြင်းပင်တည်း။

အဘိုးအိုယောဂီဆရာကြီး အိပ်ရန်အတွက်မူ လူမမာစိုင်းနွံလှ၏ဘေးတွင် ဖျာကြမ်းတစ်ချပ်၊ ခေါင်းအုံးတစ်လုံး၊ စောင်တစ်ထည် စီစဉ်ပေးခြင်းအားဖြင့် ကိစ္စပြီးပြတ်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကလေးမှာ တောင်ပေါ်အိမ်ကလေးမို့ ယောဂီအဘိုးအိုကြီးအတွက် သီးခြားလည်း အိပ်ရာစီစဉ်မပေးနိုင်။

အိမ်ရှင်ဖြစ်သော နန်းခမ်းအေးတောင်မှ အိမ်ကလေး၏ အိမ်တွင်းခန်းမှာ ဝင်၍အိပ်ရလေသည်။

× × ×

လှမမာ စိုင်းနွံလှ၏ဇနီးသည် နန်းခမ်းအေးမှာ လှမမာကို ပြုစုစောင့်ရှောက်လာခဲ့ရသည်မှာ တစ်လကိုးသီတင်းပင် ရှိခဲ့ပြီဖြစ်၍ ထိုနေ့ညက အိမ်ခန်းထဲဝင်၍ အိပ်မည်ဟု ခေါင်းအုံးပေါ် ခေါင်းချလိုက်သည်နှင့် တုံးခနဲ အိပ်ပျော်သွားလေသည်။

သူတို့အိမ်ခြံတောင်စောင်းနှင့် တစ်ခေါ်သာသာ အကွာအဝေးတွေမှာ သင့်သလိုဆောက်ထားကြသော တောင်စောင်းဆောင်ကမ်းပါးယံမှ အိမ်ကလေးတွေဆီမှလည်း ညနက်အအေးဒိုင်း ထွေးပိုက်ထားမှုကြောင့် ငြိမ်သက်နေကြလေပြီ။

တစ်ခါတစ်ရံ တောင်ပေါ်လေအေး၏ မွှေ့ရမ်းကြည်စယ် တိုက်ခိုက်မှုကြောင့် အိမ်ငယ်အမိုး သက်ငယ်ပြင်များအပေါ် ဆီးနှင်းတွေ တဖြိုးဖြိုး တဖြောက်ဖြောက်ကျသံတွေသာ ကြားနေရသည်။

အေးချမ်းတိတ်ဆိတ်နေသော တောင်စခန်းရွာကလေး၏ ညနက်သန်းခေါင်းယံအချိန်အကာလ ညအခါကြီး၌ လှမမာ



www.burmeseclassic.com

www.burmeseclassic.com



စိုင်းနွံလှနှင့် နန်းခမ်းအေးတို့၏ အိမ်ရှေ့လှူမမာပြင်ထားသော နေရာ၌ ထူးဆန်း၍ ထိတ်လန့်စရာကောင်းသော အဖြစ်အပျက်ကြီး တစ်ခုက ချောက်ချားစရာမြင်ကွင်းကြီးနှင့်အတူ ဖြစ်ပျက်လျက် ရှိ၏။

"ဟိတ်ကောင် စိုင်းနွံလှ...မင်း ခုထထိုင်စမ်း"

အသံက အမိန့်သံ။ မာကျောကျော ကြွပ်ဆတ်ဆတ် အသံကြောင့် လှူမမာ၏မိန်းမ နန်းခမ်းအေးပင် အိပ်မောကျနေရာက လန့်၍နိုးလာရ၏။

"ခင်ဗျားက ဘယ်သူလဲ၊ ဘာကောင်လဲ။ ဘာဖြစ်လို့ ကျုပ်က ထထိုင်ရမှာလဲ"

ဟင်...ဒါ...ဒါ သူ့ယောက်ျား စိုင်းနွံလှအသံ။ သူ့ယောက်ျားဆီက စကားပြောသံမကြားရတာ ကြာပြီ။ နန်းခမ်းအေး ပထမတော့ ဝမ်းသာသွားသည်။

နောက်တော့ စိမ့်လေအေးနှင့်အတူ အပုပ်နံ့တွေလှိုင်ထလာသဖြင့် ပျို့အန်ချင်သလိုဖြစ်လာပြီး မူးဝေနောက်ကျိသွား၏။

လဲလျောင်းအိပ်နေရာက ထရန်လှုပ်ရှားလိုက်သော်လည်း လှုပ်မရအောင် ဖြစ်နေရပြန်သည်။

ကိုယ်က တစောင်းအနေအထားမို့ မျက်စိနှင့်ကပ်နေသော ဝါးထရံ ကျိုးတိုးကျဲတဲကြားက အသာကလေး အိမ်ရှေ့ခန်းက အဖြစ်အပျက်ကို ကြောက်ကြောက်နှင့်ပင် ချောင်းကြည့်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အိမ်ရှေ့ခန်း သူတို့နှစ်ယောက်နေရာက ဘာ့ကြောင့်မှန်းမသိ လင်းလင်းချင်းချင်းရှိနေပြန်သည်။

အမလေး…မြင်ရသောမြင်ကွင်းက နန်းခမ်းအေးကို ကြက်သီးမွေးညင်းတွေ ဖြန်းဖြန်းတုန်သွားစေသည်။

သူ့ယောက်ျားရှေ့မှာထိုင်နေသော ယောဂီအဘိုးအိုကြီးက လူတစ်ယောက်ထက်မက နှစ်ဆခန့်အကောင်ကြီးထွားလျက် မနက်ပိုင်းကရောက်လာသော ယောဂီအဘိုးကြီးအသွင်ကနေ ကြောက်စရာပုံစံကြီးသို့ ပြောင်းနေသည်။

နန်းခမ်းအေးယောက်ျား စိုင်းနွံလှသည်လည်း အိပ်ရာထက် ပက်လက်ကြီး၊ တစ်လကိုးသီတင်း မထနိုင်ဖြစ်နေရာက ထထိုင်လျက်ရှိနေပြီ။

စိုင်းနွံလှ၏ မျက်နှာမှာ ကြောက်ရွံ့ချောက်ချားနေသလောက် …

ထိုယောဂီအဘိုး၏ မျက်နှာကြီးမှာ ထိတ်လန့်တုန်လှုပ်ဖွယ် ရာ ကောင်းလှသည်။

မျက်လုံးကြီးနှစ်လုံးပြူးထွက်ကာ လျှာကြီးမှာ သွားရည်တရွှဲရွှဲနှင့် တစ်တောင်ခန့်ရှည်ထွက်နေ၏။ မျက်နှာကြီးက လေထိုးထည့်ထားသော ရော်ဘာပူဖောင်းကြီးလို ပြည့်အစ်ဖောင်းကားနေသည်။

နားရွက်ကြီးနှစ်ဖက် ဆင်နားရွက်လိုဖြစ်နေပြီး ယပ်



www.burmeseclassic.com

www.burmeseclassic.com


တောင်နှစ်ချပ်ပြိုင်ခတ်သလို ရှေ့ဘက်နောက်ဘက် ခတ်နေ၏။

"စိုင်းနွံလှ မင်း ငါ့ကိုကြည့်စမ်း။ ငါ ဘယ်သူလဲလို့"

လူမမာစိုင်းနွံလှ ထိုသူ့အမိန့်အတိုင်း ထိုသူ့မျက်နှာကို လှမ်းကြည့်တော့ ယောဂီအဘိုးအိုကြီးမဟုတ်ဘဲ သူ့သူငယ်ချင်း စိုင်းဇော်ဖြစ်နေသည်။

"ဟင်…စိုင်းဇော် မင်း…မင်း လွန်ခဲ့တဲ့ခြောက်လ လောက်က တောထဲမှာ သေခဲ့ပြီပဲ"

"အေး…ဟုတ်တယ်။ ငါ စိုင်းဇော်ပဲ။ မင်းတောထဲမှာ ပေါက်တူးနဲ့ပေါက်သတ်လို့ သေခဲ့တဲ့ စိုင်းဇော်ပဲ။ ငါ မင်းကို ပြန်သတ်ဖို့ လိုက်လာတာကွ"

"ဒါများကွာ မင်းက ယောဂီအဘိုးကြီးအယောင်ဆောင် လာရတယ်လို့"

"ငါ့မှာ ငါပြုထားတဲ့ ကုသိုလ်ကံကြောင့် ကမ္မဇတ္တိတချို့ ရှိလေတော့ အသွင်ပြောင်း ဖန်ဆင်းနိုင်တဲ့ပါဝါတော့ ရထားတာ ပေါ့။ ဒါ့ကြောင့် ယောဂီအဘိုးအိုဆေးဆရာကြီးယောင်ဆောင် ပြီး မင်းရှိတဲ့နေရာကို အရောက်လာခဲ့တာပဲ။ ဒီလိုအယောင်ဆောင် မှလည်း မင်းအိမ်ကို ဝင်လို့ရမှာကိုးကွ"

"မင်း အခု ဘာလာလုပ်တာလဲ"

"မင်းအသားကို စားမလို့"

"ဟာကွာ…ငါက သေတော့မှာပဲဟာ။ သေပြီမှ စားလို့


www.burmeseclassic.com

www.burmeseclassic.com



ရတာပဲဟာ"

"မင်းအသားကိုစားဖို့ မင်းသေတဲ့အထိ ငါမစောင့်နိုင်ဘူး။ မင်း ငါ့ကို ရှင်နေတုန်း ပေါက်တူးနဲ့ ခုတ်သတ်ခဲ့သလို မင်းကိုလည်း အသက်ရှိတုန်း အရှင်လတ်လတ် ပေါက်တူးနဲ့ခုတ်ခုတ်ပြီး ငါသတ်စားရလိမ့်မယ်"

"စိုင်းဇော်ရယ်…မင်းတော်တော်အငြိုးကြီးတာပဲ။ ငါ့မိန်းမသိသွားရင် ဒုက္ခပဲ။ သူ့ခမျာ ဗိုက်ထဲမှာ မလွတ်မလပ် ကိုယ်ဝန်ခြောက်လနဲ့ကွ"

"မင်းအပေါ် အငြိုးကြီးရမယ်ကွ။ မင်းနဲ့ ငါဟာ ဟူးကောင်းချိုင့်ဝှမ်းတောကြီးထဲမှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက လေယာဉ်ပျံပျက်ကြီးကို တွေ့ကြတုန်းကအတူတူ၊ အရိုးပြိုင်းပြိုင်း ကျနေတဲ့ လေယာဉ်မောင်းသမားလက်ထဲမှာ ဝတ်လျက်တန်းလန်း ပတ္တမြားလက်စွပ်ကို တွေ့ခဲ့တုန်းကလည်းအတူတူ။ ဒါပေမဲ့ အဲဒီ ပတ္တမြားလက်စွပ် လောဘဇောနဲ့ မင်း ငါ့ကို ပေါက်တူးနဲ့ခုတ်သတ်ခဲ့တာကိုး။ ငါကလည်း မင်းစိတ်ကိုသိလို့ အဲဒီပတ္တမြားလက်စွပ်ကို အရင်ရအောင်ဖြောင်ပြီး ငါ့တောစီးဖိနပ်ထဲမှာ ထည့်ဝှက်ထားလိုက်တာကိုး"

"ခွေးမသား စိုင်းဇော်တစ္ဆေ။ မင်းကို ငါ ပေါက်တူးနဲ့ ခုတ်သတ်ပြီးတော့ အဲဒီပတ္တမြားလက်စွပ်ကို မင်းတစ်ကိုယ်လုံး အနံ့မှာလိုက်ရှာတာ ဒါ့ကြောင့် မတွေ့တော့တာကိုး။ ငါလည်း



www.burmeseclassic.com

www.burmeseclassic.com



အဲဒီပတ္တမြားလက်စွပ်မရ၊ ငါ့ရွာကလေးပြန်ရောက်ပြီး နန်းခမ်းအေးနဲ့လက်ထပ်ပြီး တစ်နှစ်အကြာမှာ ငါသေကောင်ပေါင်းလဲ လူမမာဘဝရောက်ရတာ ခုပဲ သေတော့မှာပါကွာ။ ဒီကိစ္စတွေအတွက် မင်း ငါ့ကို ခွင့်လွှတ်ပါကွာ"

"ဟား…ဟား…ဟား…ခွင့်လွှတ်ရမယ် ဟုတ်လား။ စိုင်းဇော်တဲ့။ အငြိုးအတေး အစွဲအလမ်းကြီးတယ်။ ငါ့ကိုသတ်တဲ့ကောင်ကို ပြန်သတ်ရမှ။ ပြီးတော့ ငါတစ်ဖက်သတ်ကြိုက်နေတဲ့ နန်းခမ်းအေးကို ရအောင်ယူလိုက်တဲ့မင်းကို ဆက်ထားခွင့်ပေးလို့ရမလား။ ဟောဒီအိတ်ကြီးထဲမှာ ငါပတ္တမြားလက်စွပ်ဝှက်ထားတဲ့ တောစီးဖိနပ်။ အဲဒီတောစီးဖိနပ်နဲ့ မင်းအသားကိုတန်ရာတန်ကြေးပေးရအောင် ငါရောက်လာတာကွ။ ကဲ…ပြောနေကြာတယ်။ မင်း ငါ့ ကိုခုတ်သတ်တဲ့ပေါက်တူးနဲ့ မင်းကို ငါပြန်ခုတ်သတ်ပြီး ခုပဲစားရတော့မယ်"

အိတ်ထဲက ပတ္တမြားလက်စွပ်ထည့်ဝှက်ထားသည်ဆိုသော တောစီးဖိနပ်ကိုထုတ်၍ လူမမာစိုင်းနွံလှမျက်မှာအား စိုင်းဇော်တစ္ဆေကြီးက ပစ်ပေါက်ပြီး လက်တစ်ဖက် ရုတ်ခနဲမြှောက်လိုက်သည်တွင် သူ့ကိုခုတ်သတ်ခဲ့သည့်ပေါက်တူးကြီး ရုတ်တရက်ရောက်လာကာ စိုင်းနွံလှကို အသားကုန်လွှဲ၍ လွှဲ၍ ခုတ်တော့သည်။

"ဒုတ်…ဒုတ်"



www.burmeseclassic.com

www.burmeseclassic.com



"အား…အား"

ပေါက်တူးချက်ကြောင့် ပြတ်ကျပြုတ်ထွက်လာသော လက်များ၊ ခြေထောက်များကို စိုင်းနွံလှရှေ့မှာမြင်အောင် သွေးစိမ်းရှင်ရှင်နှင့် တဂျွမ်းဂျွမ်း၊ တဂျွတ်ဂျွတ် အသံမြည်အောင် မြိန်ရေရှက်ရေ စားသောက်ပြပြီးမှ နောက်ဆုံးအချီ လည်ကုပ်ကို ခုတ်ပိုင်းပြီး ဦးခေါင်းကို သူ၏ အစွယ်ငေါငေါသွားကြီးများဖြင့် သခွားသီး၊ ပန်းသီးများ ကိုက်ဖဲ့စားသလို တဂျွမ်းဂျွမ်း စားသောက်ပစ်လေတော့သည်။

နန်းခမ်းအေးခမျာ ကြောက်ရွံ့မှင်တက် ထိတ်လန့်ရင်းအသက်မရှူရဲဘဲ ကြည့်နေရာက ကြောက်စိတ်များကို အစွမ်းကုန် လွှင့်ခါထုတ်ရင်း ရုတ်ခြည်းရက် လူးလွန့်ခုန်ထွက်လိုက်သည်။

"ဝုန်း"

နန်းခမ်းအေးတစ်ကိုယ်လုံး အိမ်ခန်းထဲမှနေ၍ အိမ်ရှေ့ရောက်သွားသည်။

တစ္ဆေကြီးစိုင်းခေါ်ကတော့ နန်းခမ်းအေး အိမ်ရှေ့ရောက်လာတာတောင်မှ အစားအသောက်မပျက်ဘဲ စိုင်းနွံလှ၏ကိုယ်လုံးကြီးကို သူ၏လက်သည်းကြမ်းရှူးကြီးများဖြင့်ဖဲ့ပြီး ဆက်၍ ဣန္ဒြေမပျက် စားနေရာက လှမ်းပြောသည်။

"စိုင်းနွံလှ ငါ့ကိုသတ်ပြီးလိုချင်တဲ့ ပတ္တမြားလက်စွပ်နဲ့ သူ့အသားကို လဲပြီးလာစားတာပါ။ ငါတို့လို တစ္ဆေတွေအတွက်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီပတ္တမြားလက်စွပ်ထက် ကိုယ့်ကိုသတ်သွားတဲ့လူရဲ့အသားကို ပြန်စားရတာ အရသာအရှိဆုံးပဲဟေ့"

တစ္ဆေကြီးစိုင်းဇော် အားရကျေနပ်စွာပြောနေစဉ် နန်းခမ်းအေး အိမ်ရှေ့ခံပြင်သို့ ပြေးထွက်လာခဲ့သည်။

တောင်ခါးပန်းစပ် လှမ်းလှမ်းတွင်ရှိနေသော အဘဦးကျောင်းဝဏ္ဏအိမ်ကလေးရှိရာသို့ အမြန်ဆုံးနှုန်းနှင့် အလျင်ဆုံးပြေးသည်။

အဘကျောင်းဝဏ္ဏကတစ်ဆင့် တောင်ခြေခါးပန်းအိမ်ကလေးများရှိ ရွာသားတွေကို စုစည်းရသည်။ အဘကျောင်းဝဏ္ဏထို့နှင့်အတူ ညတွင်းချင်းပင် ရွာသားတွေကိုစုစည်းပြီး စိုင်းနွံလှအလောင်းကောင်နှင့် ပွဲတော်တည်နေသည့် တစ္ဆေကြီးစိုင်းဇော်တို့ရှိရာ အိမ်ကလေးသို့ ရောက်သွားတော့····

စိုင်းနွံလှ အလောင်းကောင်ကြီးရော···

ပွဲတော်တည်နေသည့် စိုင်းဇော်တစ္ဆေကြီးကိုရော အရိပ်အရောင် တစ်ရိုးတစ်မျှင်၊ တစိုးတစိမျှတောင် မမြင်ကြရတော့ချေ။

နန်းခမ်းအေးအဖို့ ထူးထူးဆန်းဆန်း ဖြစ်ကျန်ရစ်ခဲ့တာက သူမယောက်ျား စိုင်းနွံလှအလောင်းနေရာမှာ တစ္ဆေစိုင်းဇော်ရဲ့ တောစီးဖိနပ်တစ်ဖက်။

ကျော်ခင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



# ကုက္ကိုပြင်စောင့် တစ္ဆေကြီး သူယောင်နှီ

မင်းဘုန်းသိခ်သူ

ကျွန်တော့်ဖခင်ဘက်မှ အဘိုးအဘွားများသည် ဧရာဝတီတိုင်း၊ ဖျာပုံဇာတိနှင့် မိခင်သည် ဘိုကလေးဇာတိ ဖြစ်သည်။ လွှမ်းသိစ မူလတန်းကျောင်းသားအရွယ်မှစကာ နှစ်စဉ် နွေရာသီကျောင်းပိတ်ရက်များတွင် ရန်ကုန်တွင်မနေကြရဘဲ ကျွန်တော်တို့မောင်နှမတစ်စုသည် ဖျာပုံတောရွာကလေးသို့ သွားရောက်ကြလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖျာပုံအပိုင် ငုံ့ညင်းတန်းမြစ်ကွေ့၏ ဘေးရွာတစ်ရွာဖြစ်သည့် ကျုံတာရွာတွင် ကျွန်တော်တို့သည် နွေရာသီကျောင်းပိတ်ရက်တို့ ကုန်ဆုံးမှန်းမသိ ကုန်ဆုံးခဲ့ကြရသည်။ ရန်ကုန်လို ကျဉ်းကျဉ်းကျပ်ကျပ် အသက်ရှုမဝ နေထိုင်ခဲ့ကြသော မောင်နှမတစ်စုသည် ရွာသို့ရောက်သည်နှင့် လွတ်လပ်စွာဆော့ကစားကြရခြင်း၊ ကျယ်ပြောလှသော ကွင်းပြင်ကြီးနှင့် ငုံ့ညင်းတန်းမြစ်ထူထပ်သောတောအုပ်၊ ခြံတွင်းရှိ သီးပင်စားပင်များ၊ ချောင်းလက်တက်ငယ်ကလေးများသည် ကျွန်တော်တို့မောင်နှမတစ်စု၏ သီးခြားကမ္ဘာတစ်ခုဟု ဆိုရဆိုနိုင်ပေသည်။

ခြံတွင်းဝယ် မာလကာပင်၊ သရက်ပင်များသည် နွေရာသီကာလတွင် သီးပွင့်မှည့်ရွှမ်းလျှက်ရှိပေရာ နွေရာသီကာလအပန်းဖြေလာသော မောင်နှမတစ်စုကို ဖျော်ဖြေဖိတ်ခေါ်နေသကဲ့သို့ ရှိသည်။

ရွာသည် ငုံ့ညင်းတန်းမြစ်၏ လက်ဝဲဘက်တွင်ရှိပေရာ ထိုစဉ်ကပင် လက်ဖက်ရည်ဆိုင်၊ မုန့်ဆိုင်တို့ဖြင့် မနက်တိုင်းစည်ကားလှေ့ရှိသည်။ ထိုကာလသည် လွန်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်ကျော် လေးဆယ်နီးပါးကာလဖြစ်သည်။ သို့သော် ကျွန်တော်တို့နေထိုင်ကြသောခြံသည် ရွာ၏တစ်ဖက်ကမ်း မြစ်တစ်ဖက်ကမ်းဖြစ်ပေရာ လယ်ကွင်း၏ ခြံကျယ်ကြီးများဖြစ်ပေရာ အိမ်ခြေလေးငါးလုံးခန့်ရှိပြီး တစ်ခြံနှင့်တစ်ခြံ ခေါ်မကြားအော်မကြား ဝေးကွာ



www.burmeseclassic.com

www.burmeseclassic.com



လှပေသည်။ ညဘက်ဆိုလျှင် ကျွန်တော်တို့မောင်နှမတစ်စုမှာ အိမ်အောက်သို့ မဆင်းရဲဘဲ အိမ်ပေါ်မှာပင် စောစောအိပ်ရာဝင်ကြရပါသည်။ တစ်ဖက်ကမ်းရှိ အိမ်ခြေများသောရွာပင် ည ၈ နာရီဆို လူခြေတိတ်ပေ၏။

ရွာဖြစ်သည့်အလျောက် မုန့်ပဲသရေစာလည်း ရှားပါးလှပါသည်။ ပိုက်ဆံရှိ၍မှ ဝယ်စားမရသော ခေတ်ကာလမျိုးပင်။ မနက်မိုးလင်းသည်နှင့် အဘိုးနှင့်အဖေသည် မြစ်တစ်ဖက်ရှိရွာသို့ လှေဖြင့်ကူးကာ မုန့်ဟင်းခါး၊ ကောက်ညှင်းပေါင်းဝယ်၍ ပြန်လာကြရသည်။ နေမြင့်လျှင် မည်သည့်ဆိုင်မှ မရှိတော့ပါ။ ခြံထဲတွင်တော့ မာလကာ၊ သရက်၊ အုန်းပင်များရှိရာ မနက်မိုးလင်းစားသည့် မုန့်ပဲသရေစာများမဟုတ်၍ အနေကြာလာသောအခါ ကျွန်တော်တို့မောင်နှမတစ်စုမှာ မြို့စာများတောင့်တရင်း ပူညံပူညံဖြင့် ဆန္ဒပြလာကြတော့သည်။

ထိုအခါ အဘိုးမှာ မနေသာတော့။ ကျွန်တော်တို့၏ အဘိုးလေးနှစ်ယောက်ကို ပြောပြကာ မနက်စာအတွက် ဖွယ်ဖွယ်ရာရာစားသောက်ရန် ဟင်းစားရှာဖွေ ဖန်တီးရတော့လေသည်။ ဂုံညင်းတန်းမြစ်ထဲတွင် ငါးဖမ်းလှေကလေးများရှိရာ ကြိုတင်မှာယူမှ ငါးသလောက်၊ ငါးဖယ်တို့ကို နေအိမ်ရှေ့လှေဆိပ်ထိ လိုက်ပို့ပေးတတ်သည်။ ကြိုတင်မှာထားပါက လတ်ဆတ်သောသင်းငါးများကို စားရပါသည်။ မြစ်ငါး၊ ပုဇွန်များကိုလည်း တစ်ဖက်ကမ်း



www.burmeseclassic.com

www.burmeseclassic.com



ရွာဈေးတွင် နံနက်ပိုင်းစောစောသွားပါက ရရှိတတ်သည်။

ထိုအခါ အဘိုးသည် မြို့ဈေးကဲ့သို့ စားသောက်ဖွယ်ရာများကို လွယ်လွယ်ဝယ်ယူ ရှာဖွေမရသဖြင့် ကျွန်တော်တို့ကလေးတစ်သိုက် စားသောက်ရန် ရှာဖွေဖန်တီးရတော့သည်။ အဘိုးသည် အဘိုးလေးတစ်ယောက်ကိုခေါ်ကာ ခြံတွင်းရှိ ချောင်းပိတ်ကလေးဆီတွင် လုပ်ငန်းစပါတော့သည်။

× × ×

ခြံကျယ်ကြီးသည် ပေနှစ်ရာကျော်ကျော် ကျယ်ဝန်းလှသော ခြံကျယ်ကြီးဖြစ်ရကား ခြံကျယ်ကြီးကိုဖြတ်ကာ ၁၀ ပေမျှကျယ်သော ချောင်းလက်တက်ကလေးက ခြံစပ်မှနေကာ စီးဆင်းလျှက်ရှိသည်။ ရေတက်ချိန်တွင်ပင် လူကြီးတစ်ရပ် ရင်စို့ထိနစ်ပေရာ ထိုချောင်းသေးကလေးထဲတွင် ရေကျချိန်တွင် ကျွန်တော်တို့ဆော့ကစားလေ့ရှိသည်။

အဘိုးဦးမြဒင်သည် တူတော်မောင်တစ်ယောက်၊ အဘိုးလေးတစ်ယောက်ကိုခေါ်ကာ ဟိုးခပ်ဝေးဝေးခြံစပ်သို့ ပစ္စည်းပစ္စယများနှင့်အတူ သွားရောက်ကာ ချောင်းစွယ်ကလေးကို ယင်းလိပ်များဖြင့် ပိတ်ပါသည်။ ချောင်းကလေးသည် ထိပ်ပိတ်ဖြစ်ပေရာ ခြံစပ်တွင် အဆုံးသတ်သည်။ ဂုံညင်းတန်းမြစ်၏ ဒီရေအတက်အကျအတိုင်း ဖြစ်ပေရာ လက်နတ်လှေကလေးနှစ်စီးပေ၍ ဝင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ထွက်နိုင်သော ချောင်းပေါက်ကလေးဖြစ်ပေသည်။ တိတ်ဆိတ် ငြိမ်သက်လှသော သစ်ကြီးဝါးကြီးခြုံကြီးတွင်းရှိ ချောင်းငယ်က လေးဖြစ်ပေရာ မြစ်ငါးကြီးများ ဝင်ရောက်ခိုအောင်းရာလည်း ဖြစ်သည်။

ချောင်းပိတ်ကလေးဖြစ်သဖြင့် စည်းစံနစ်ကျကျ ဖမ်းယူ လျှင် စီးပွားဖြစ် အကုသိုလ်အလုပ်လည်းဖြစ်ပေရာ အဘိုးက ငါးဖမ်းခြင်းကို တစိုက်မတ်မတ်မလုပ်ပေ။ တစ်ခါတစ်ရံ ဟင်းစား အဖြစ်သာ တစ်ပိုင်တစ်နိုင်ဖမ်းယူသည်။

ယခု ကျွန်တော်တို့မြေးတစ်သိုက်အတွက် အဘိုးသည် မနေသာတော့ဘဲ ဟင်းစားကောင်းကောင်းရှာဖွေရတော့မည်ဖြစ် ပေရာ ယင်းလိုပ်ပြားများကာရံကာ ကြီးကြီးကျယ်ကျယ် ဖမ်းဆီး မည့်အမှုကို ပြုလေပြီ။

"အဘိုး ဒီချောင်းကလေးထဲမှာ ဘာငါးတွေရသလဲ အဘိုး"

"ငါ့မြေးရ ဒီချောင်းတက်ကလေးက နှယ်နှယ်ရရတော့ မဟုတ်ဘူးဟေ့။ လေလံလာဝယ်တဲ့လူတောင် ရှိသကွ။ အဘိုးက ခြုံထဲမှာ ရှုပ်ရှုပ်ယှက်ယှက်မကြိုက်တာနဲ့ လက်မခံတာပါ။ ငါးတွေ ကတော့ အစုံပေါ့ကွယ်။ ငါးတန်၊ ငါးသလောက်၊ ငါးဘတ်၊ ပုစွန်ထုပ်၊ သားကြီးငါးကြီးတွေ ချောင်းထဲကိုဝင်တတ်တယ်။ ဟင်းစားကတော့ မပြတ်စေရဘူးဟေ့"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးသည် ချောင်းကိုပိတ်ကာ ဝင်လာသမျှငါးကို ပိုက်ဖြင့်ပိတ်ဖမ်းခြင်းဖြစ်သည်။ ငါးများ မြစ်အတွင်း ပြန်မထွက်နိုင်အောင် ရွံ့တုံးများဖြင့်ပိတ်သည်။ ပိုက်၊ ယင်းလိပ်များဖြင့် ထိစပ်နေသော ချောင်းနံရံကို ငါးမထွက်နိုင်အောင်ပိတ်နေသည်။ ရေအတွက်တွင် ဝင်လာသမျှငါးများကို ပိတ်ထားသောချောင်းတစ်ဖက်ပိတ်အတွင်း ဝင်လာစေပြီး ရေကျသည်နှင့် တစ်ကောင်ချင်းလိုက်ဖမ်းသောနည်း ဖြစ်ပေသည်။

"ကဲ …ငါ့မြေး မင်းကို ရွံ့တွေစဉ်မယ်ကွ။ ဟောဟိုကုက္ကိုပင်အောက်မှာ သွားထိုင်နေ။ နေပူလာပြီ"

အဘိုးညွှန်ပြသောအပင်သည် ယောကျ်ားကြီးနှစ်ဖက်စာမျှလုံးပတ်ရှိသော ကုက္ကိုပင်ကြီးဖြစ်သည်။ လူတစ်ရပ်ခန့်မြင့်သောပင်စည်နေရာတွင် နတ်စင်လိုလို၊ နတ်နန်းလိုလို စင်ကလေးတစ်စင်ရှိသည်။ စင်ပေါ်တွင် မည်သည့်စားဖွယ်သောက်ဖွယ်မှ ကပ်လှူထားခြင်းမရှိ။ ကုက္ကိုပင်သည် အဘိုးတို့ခြံဧရိယာထဲတွင် မပါဝင်ပေ။ လူသွားလမ်း ကန်သင်းရိုးဘေးတွင်ရှိနေသည့် သီးခြားပေါက်နေသော ရှာပိုင်သစ်ပင်တစ်ပင်သာ ဖြစ်သည်။

သစ်ပင်ကြီးကား အရိပ်ကောင်းလှသည်။ အမြစ်ဆုံကြီးများသည် ထိုင်ခုံသဖွယ်ရှိနေပြီး ပြန့်ကား၍ အရွက်စိမ်းစိမ်းများက ထီးသဖွယ်ဖြစ်နေကာ နေပူလေပူတွင် နားခိုရသည်မှာ ကြည်နူးစရာအတိပင်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ကြီးမားလှသော သစ်မြစ်ဆုံကြီးတစ်ခုကို ရွေးချယ်ကာ စိတ်လွတ်ကိုယ်လွတ် ထိုင်ချလိုက်သည်။ အရှေ့ဘက်နှင့်မြောက်ဘက်တွင် ကျယ်ပြောသော ရိုးပြတ်လယ်ကွင်းပြင် ဟိုတစ်စုသည်တစ်စုပုံထားသော ကောက်ရိုးပုံများ၊ ဟိုးခပ်ဝေးဝေးတစ်နေရာတွင် လယ်စောင့်တောဆီမှ မီးခိုးတလူလူအူထွက်နေသည့် အရှေ့ဘက်လယ်ကွင်းအဆုံးတွင် ဂုံညင်းတန်းမြစ် ရှိသည်။ လယ်ကွင်းပြင်ကိုဖြတ်ကာ ဗျိုင်းတို့ပျံသန်းနေသည်။

ကျွန်တော်သည် သဘာဝအလှအပများကိုကြည့်ရင်း လက်ရှိဘဝကိုပင် မေ့လျော့သွားမိသည်။ သို့သော် ကျွန်တော်၏ သဘာဝအလှအပ ရှုခင်းများအပေါ် ကြည်နူးမှုခံစားချက်သည် တစ်ခဏသာဖြစ်သည်။

ကျွန်တော်၏အာရုံသည် တစ်နေရာသို့ စုစည်းထိန်းချုပ်လိုက်စဉ်မှာပင် လွင့်စဉ်လာသော ရယ်သံတစ်ခုကို ကြားလိုက်ရသည်။ ကျွန်တော်သည် အဘိုးဆီမှ ရယ်သံများဖြစ်လေမလားဟု ထင်သောအသိဖြင့် အဘိုးကိုလှမ်းကြည့်လိုက်သော်လည်း အဘိုးသည် သူ့အလုပ်နှင့်သူ ရှုပ်နေခဲ့သည်။ ပူပြင်းပူလောင်သော နေရောင်အောက်ဆီမှာ ရယ်ဖို့မဆိုနှင့် ပြုံးဖို့ကိုပင် အချိန်မရှိနိုင်ပါ။

ရယ်သံကြောင့် ကျွန်တော်သည် ရင်ထဲဖြန်းခနဲ ကြက်သီးထသွားကာ ဘေးဘီသို့ လှည့်ကြည့်လိုက်မိသည်။ သို့သော် ဘယ်သူမျှရှိမနေပါ။ သို့သော် ရတ်တရက်ဆိုသလို ကျွန်တော်၏ဘေး



www.burmeseclassic.com

www.burmeseclassic.com


တွင် ကျွန်တော့်အပြင် အခြားလူတစ်ယောက်ရှိနေသလို ခံစားမိသည်။ တကယ်တော့ ကျွန်တော့်နားတွင် မည်သူမျှရှိမနေပေ။ ထို့ကြောင့် ကြက်သီးမွေးညင်းထကာ သစ်ပင်ပေါ်သို့မော့ကြည့်မိသည်။ တစ်ယောက်ယောက်များ နောက်ပြောင်လေသလား။ သို့သော် မည်သူမျှရှိမနေပါ။ ရယ်သံသည် သစ်ပင်ကြီး၏တစ်နေရာမှ ထွက်ပေါ်လာခြင်းသာဖြစ်သည်။ ရယ်သံသည် လှောင်ပြောင်ရယ်မောသံနှင့် ဆင်ပါသည်။ သစ်ရွက်ကြွေသံ၊ သစ်ရွက်များကိုလေတိုးသံမဟုတ်ပါ။

ကျွန်တော်သည် အာရုံအသိထဲ၌ ရုတ်တရက်ကြားလိုက်ရသော ရယ်သံကြောင့် စိတ်အနှောင့်အယှက်ဖြစ်သွားမိသည်။ သည်နေရာသည် ထူးခြားချက်တစ်စုံတစ်ရာ ရှိနေပြီလော။ ကျွန်တော်သည် ထိုင်နေရာမှထကာ အဘိုးဆီသို့လျှောက်သွားမိသည်။ အဘိုးသည် အားကြိုးမာန်တက် နှီးတစ်စီးဖြင့် ယင်းလိပ်များကို ချည်နှောင်နေသည်။ ကျွန်တော် ချောင်းကမ်းစပ်သို့ရောက်လာသည်ကိုပင် ရိပ်မိဟန်မတူပေ။

"အဘိုး"

အဘိုးသည် နှီးချည်နှောင်နေရာမှ အသာရပ်ကာ လှည့်ကြည့်သည်။

"ဘာတုံး ငါ့မြေး"

ကျွန်တော်သည် သစ်ပင်၏ပင်စည်တွင် ခေါ်ကာရိုက်



www.burmeseclassic.com

www.burmeseclassic.com



ထားသော နတ်စင်ကို လက်ညှိုးထိုးပြလိုက်မိသည်။

"အဘိုး အဲဒီအိမ်ကလေးက ဘာလဲ"

အဘိုးသည် တစ်ချက်မျှရယ်မောလိုက်သည်။

"ဒါ အိမ်မဟုတ်ပါဘူးကွယ့် နတ်စင်ပါ"

"ဘာနတ်လဲအဘိုး"

အဘိုးသည် မည်သည့်စကားမျှ မဆိုနိုင်တော့ဘဲ သက်ပြင်းချသည်။

"ဗမာလူမျိုးတွေက ငါ့မြေးသိတဲ့အတိုင်းပဲကွ။ အားလုံးကို မဆိုလိုပါဘူး။ တချို့တလေပါ။ သစ်ပင်ကြီးကြီးမြင်ရင်၊ တောင်ပို့မြင်ရင် နတ်ကွန်းဆောက်တတ်တဲ့ ယုံကြည်မှုတစ်ခုပေါ့ကွယ်။ အဲဒီယုံကြည်မှုနဲ့ ဒီအဘိုးတို့ခြံစပ်က ရေမကုဋ္ဌိပင်ကြီးမှာ နတ်ကွန်းတစ်ဆောင် ရောက်လာတယ်ပဲဆိုပါတော့။ အဘိုးတို့ဆောက်ထားတာ မဟုတ်ပါဘူး"

"ပုန်းမကြည်ရှင်မလား အဘိုး"

အဘိုးသည် ဟဲခနဲတစ်ချက်ရယ်ကာ လုပ်လက်စအလုပ်ကို ဆက်၍လုပ်နေသည်။

"ဟား ဟား ငါ့မြေးက ဘယ်ဆိုးလို့တုန်းကွ။ ပုန်းမကြည်ကို သိနေပါလား ပြောပါဦး"

"အဘိုးကလည်း ပုန်းမကြည်ဆိုတာ လယ်သမားတွေယုံကြည်တင်မြှောက်တဲ့နတ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ပုန်းမကြည်မှာ ကာဠုယက္ခိနီဘီလူးမတော်ဝတ္ထုပြင် ဖြစ်သည်။

တစ်ရံရောအခါ ဗြဟ္မဏသတို့သားတစ်ယောက်သည် အမျိုးအနွယ်မပြတ်စေရန် အိမ်ထောင်ပြုရာ မယားက အမြုံမဖြစ်နေလေသည်။ ထိုအခါ မိခင်က တိုက်တွန်းပြန်သဖြင့် မယားကြီး၏ခွင့်ပြုချက်ဖြင့် နောက်အိမ်ထောင်ပြုရာ အမြုံမဟုတ်တော့ဘဲ ဒုတိယမယားသည် ပဋိသန္ဓေတည်လာသည်။

ထိုအခါ မယားကြီးက မနာလိုဖြစ်ကာ အဆိပ်ကျွေးသဖြင့် ကိုယ်ဝန်ပျက်ရသည်သာမက အသက်ပါ သေဆုံးရှာသည်။ ထိုအခါ ဒုတိယဇနီးသည် မယားကြီး၏လက်ချက်မှန်း နှောင်းမှသိရသဖြင့် ဖြစ်ရာဘဝ နိုင်ရပါလို၏ဟု ဆုတောင်းကာသေခြင်းဖြစ်ပေရာ ထိုအိမ်၌ ကြောင်မဖြစ်သည်။ လင်ဖြစ်သူကလည်း မယားကြီး၏ယုတ်မာမှုကိုသိကာ ရိုက်နှက်သဖြင့် မယားကြီးသေပြန်သည်။

မယားကြီးသေသည့်နောက် ကြက်မဖြစ်ရာ ကြက်မ၏ဥများကို ကြောင်ကစားသည်။ ထိုအခါ နောက်ဘဝတွင် ကြက်မသည် ကျားသစ်မဖြစ်ကာ ကြောင်မက သမင်မဖြစ်ပြန်သည်။ သမင်မက မွေးဖွားသည့်အခါ ကျားသစ်မက စားပြန်လေသည်။ ဤကဲ့သို့ သူတစ်ပြန်ကိုယ်တစ်လှည့် သမင်မက ဘီလူးမဖြစ်ပြီး ကျားသစ်မက အမျိုးသမီးဖြစ်သည်။ ထိုအခါ အမျိုးသမီးက သားဖွားသောအခါ ဘီလူးက ကလေးငယ်ကိုစားပြန်သည်။

www.burmeseclassic.com



ထိုအခါ ဂေါတမမြတ်စွာဘုရားရှင် ထွန်းပေါ်နေသော ကာလဖြစ်သည်။ တတိယအကြိမ်၌ အမျိုးသမီးသည် ဘီလူးမ အကြောင်းသိရှိနေပေရာ ပုန်းအောင်းနေရာသို့ ဘီလူးမက လိုက် လာသည်။

အမျိုးသမီးသည် ထိတ်လန့်ကာ မြတ်စွာဘုရားရှင် ကျောင်းတော်သို့ ရောက်လာသည်။ ထိုအခါ ဘုရားရှင်က 'နဟိဝေရေန ဝေရာဟိ' အစချီလျက် ရန်ကိုရန်ချင်း မတုံ့နှင်းရာ တရားကို ဟောကြားတော်မူပေခဲ့ရာ ဘီလူးမလည်း သောတာပန် တည်လေသည်။ ထိုအခါ အမျိုးသမီးက ဘီလူးမကိုခေါ်ကာ အိမ်မောင်းတင်းကုတ်တွင် လွတ်လပ်စွာနေစေသည်။ ထို့နောက် ဘီလူးမ၏ဆန္ဒအရ ဆိတ်ငြိမ်ရာဖြစ်သော ရွာနှင့်မနီးမဝေးတော ထဲ၌နေစေကာ နေ့စဉ် ယာဂုထမင်းဦးတို့ဖြင့် ကျွေးမွေးပြုစုသည်။

ဘီလူးမလည်း ကျေးဇူးတုံ့ပြန်သောအားဖြင့် လယ်ယာ လုပ်ငန်းများ ချောမောအောင်မြင်စေရန် ဆောင်ရွက်ပေးသော ကြောင့် ပြည့်စုံချမ်းသာစွာ နေထိုင်ရသည်။

တစ်ချိန်တွင် လယ်ယာများ ပျက်စီးကြရာ သီးနှံများ အောင်မြင်နိုင်ဘဲရှိစဉ် ရွာသူရွာသားများက အမျိုးသမီးနှင့်သား ငယ်ကို ချဉ်းကပ်မေးမြန်းကြပေရာ ဘီလူးမ၏ကျေးဇူးတရားကို ပြောပြသဖြင့် ရွာသားများက ဘီလူးမကို ပူဇော်ပသကြပေရာ ယနေ့ထက်တိုင် ထိုဓလေ့ထုံးစံ ထွန်းကားခဲ့ပေသည်။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ဘိလူးမသည် ဆိတ်ငြိမ်သောနေရာတွင် ပုန်းအောင်းနေရာမှ စိတ်ကြည်လင်လာသဖြင့် 'ပုန်းမကြည်'ဟု အမည်တွင်သည်ဟုဆိုသည်။ ကာလရွေ့လျားလာသောအခါ 'ပုန်းမကြည်'ကို အချို့က 'ဖုန်မကျီ'ဟုခေါ်သလို အချို့ကလည်း 'ပုပ္ပကြည်'ဟု ခေါ်သည်။

ပုပ္ဖာဂျီဟုလည်းခေါ်ပြန်သည်။ (ပုဏ-ပြည့်စုံခြင်း+ဂျီ စပါးကျီ)စပါးကျီများကို ပြည့်စုံအောင်ဆောင်ရွက်ပေးသောနတ်ဟု ခေါ်ဝေါ်ပေသည်။

ကျွန်တော်သည် အဘိုးအား တတ်သမျှ ဖတ်ထားသမျှကို ပြောပြပေရာ အဘိုးက သဘောကျစွာ ပြုံးပြလေသည်။

"ငါ့မြေးက ဘယ်ဆိုးလို့တုံးကွ။ ပုန်းမကြည်နတ်ကို သေသေချာချာသိနေတာကိုး"

"အဘိုးရာ ကျွန်တော်က တောင်သူလယ်သမားမျိုးဆက်လေ။ ဒီလောက်တော့ သိထားရမှာပေါ့"

"ကောင်းပါလေ့ကွယ် ကောင်းပါလေ့။ ဒါပေမဲ့ ဒီကုက္ကိုပင်က နတ်ကွန်းကတော့ ပုန်းမကြည်ကိုရည်စူးပြီးလုပ်ထားတာ ဟုတ်ဟန်မတူဘူး။ ပြီးတော့ ရက္ခစိုးဆိုတာလည်း ရှိပုံမရပါဘူးကွယ်"

အဘိုးသည် နှီးဖျားဖြင့် ချည်နှောင်နေရာမှ ကုက္ကိုပင်ဆီသို့ လှမ်းကြည့်လိုက်သည်။ အဘိုး၏မျက်ဝန်းညိုများသည် မှုန်



www.burmeseclassic.com

www.burmeseclassic.com



မှိုင်းအေးစက်နေကြပေသည်။ ထိုမျက်လုံးများက တစ်စုံတစ်ခုကို ပြောနေကြပေပြီ။ ထိုမျက်လုံးများတွင် မျှိုသိပ်မှုတစ်ခုရှိနေပြီး လျှို့ဝှက်ချက်တစ်ခုကို ထိန်းချုပ်ထားဟန်ရှိသည်။

ထိုအချိန်တွင် စောစောက ရယ်သံလိုလို လေတိုးသံလိုလို မသဲကွဲသောအသံတစ်ခုကြောင့်လည်း ကျွန်တော်၏ရင်ထဲတွင် လေးလံမှုတစ်ခု ဝင်ရောက်လာသလို ခံစားလိုက်ရသည်။

အဘိုး၏ မျက်ဝန်းမှိုင်းမှိုင်းများသည် တစ်ခုခုကိုပြောနေကြပေပြီ။ ကျွန်တော်သည် နောက်ကျောဘက်ရှိ ကုက္ကိုပင်ကြီးကို မဝံ့မရဲ လှည့်ကြည့်လိုက်မိသည်။ ကုက္ကိုပင်ကြီးသည် နေရောင်အောက်ဘက်ဆီတွင် ငြိမ်သက်တိတ်ဆိတ်လျက် …

နောက်ထပ် မိနစ်အနည်းငယ်ခန့်ကြာသောအခါ အဘိုး၏ ချောင်းပိတ်သောလုပ်ငန်းသည် ပြီးစီးသွားကာ ကုန်းပေါ်သို့ပြန်တက်လာသည်။ အဘိုး၏တစ်ကိုယ်လုံးလည်း ရွှံ့နှင့်ရေတွေ စိုရွှဲနေပေပြီ။

"ရေတက်စပြုလာပြီကွာ။ ရေကျသွားရင် ငါးတွေပါလာပြီ ငါ့မြေး"

× × ×

နောက်တစ်နေ့ မနက်စောစောတွင် ကျွန်တော်တို့ညီအစ်ကိုတစ်စုသည် ချောင်းပိတ်ငါးဖော်ရာသို့ အဘိုး၊ အဘိုးလေး



www.burmeseclassic.com

www.burmeseclassic.com



တို့နှင့်အတူတကွ သွားကြသည်။ ချောင်းရေကျနေချိန်ဖြစ်သည်။

ကျွန်တော်တို့ စုစုပေါင်း ခုနစ်ယောက်ခန့် ရှိပေလိမ့်မည်။ ချောင်းစပ်သို့ရောက်သောအခါ ကျွန်တော်တို့၏ဝမ်းသာမှုသည် ပြောမပြတတ်အောင် ဖြစ်သွားမိသည်။ ပိတ်ဆီးထားသော ယင်းလိပ်ပြား၏တစ်ဖက် ရေစပ်စပ်ထဲတွင် ငါးမျိုးစုံသည် ခုန်ပျံလျက်။

"ဝေးဟေးဟေး"

"ငါးတွေ အများကြီးပဲဟေ့"

"ပွတာပဲကွ"

ကျွန်တော်တို့ညီအစ်ကို သုံးယောက်သည် ဤမျှများပြားသောငါးများကို မမြင်ဘူးကြပေ။ ထို့နောက် အော်ဟစ်ခုန်ပေါက်ကာ အကျီလုံချည်များ လဲလှယ်ကာ ချောင်းထဲသို့ဆင်းကြလေသည်။ အဘိုးက သတိပေးသည်။

"ဟေ့ ဟေ့ အရမ်းမဆ[illegible]းကြနဲ့ကွ။ မြွေတွေဘာတွေပါလာတတ်တယ်"

ကျွန်တော်တို့သည် ဂရုမစိုက်နိုင်ကြ။ ညီအစ်ကိုဝမ်းကွဲကိုရဲဆိုသူနှင့်အတူ အဘိုးလေးလည်း ပါလာပေရာ လက်လှမ်းမီသမျှငါးကြီးများကို လိုက်ဖမ်းကြလေသည်။ ငါးမျိုးကား စုံလင်လှသည်။ ငါးသလောက်၊ ငါးဘတ်၊ ငါးတန်ပေါက်တွေပင်ပါသည်။ ငါးသေးငါးမွှားကလေးများကတော့ မလိုချင်လောက်အောင် များပြားလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ပါလာသောတောင်းများသို့ ထည့်ကြသည်။ ငါးသေးငါးမွှားကလေးများကိုတော့ မဖမ်းတော့ဘဲ ပြန်လွှတ်ပေးလိုက်သည်။ ထို့နောက် နေအိမ်သို့ တပျော်တပါးသယ်ယူသွားကြသည်။ အမေသည် ငါးများကို ဖွယ်ဖွယ်ရာရာချက်ပေးရာ ထိုနေ့အဖို့ ငါးသလောက်ပေါင်း၊ ငါးဘတ်မွှေဆီပြန်ဖြင့် ရန်ကုန်တွင် လတ်လတ်ဆတ်ဆတ်မစားရသမျှ ဝဝလင်လင်စားကြရပေသည်။ တချို့ ပိုလျှံသောငါးများကို ခြံနီးချင်းများသို့ပင် လိုက်လံပေးပို့ရပေသေးသည်။

× × ×

ကျွန်တော်တို့မောင်နှမ၊ ညီအစ်ကိုများသည် ရွာကလေး၏ လူဦးရေနည်းပါးပြီး ခြံကြီးများနှင့် ကျယ်ဝန်းလှသည့် တစ်ဖက်ကမ်းတွင် နေကြရကာ အစားအသောက် အလျှံအပယ်စားနေရသဖြင့် အဆင်ပြေသည်ဆိုရမည်။ အဘိုးကလည်း တစ်ရက်ခြားဆိုသလို ချောင်းပိတ်ငါးဖမ်းပေးသည်။

အိမ်သည် မြစ်ကမ်းနဖူးကို မေးတင်ဆောက်လုပ်ထားရပေရာ နံနက်လင်း၍ တံခါးဖွင့်လိုက်သည်နှင့် ရေဖွေးဖွေးနှင့်မြစ်ကြီးကိုမြင်ရမည်။ လေအလာတွင် ယိမ်းနွဲ့နေသော ဓနိရွက်များ တဖျတ်ဖျတ်မြည်သံကို ကြားရမည်။ တစ်ခါတစ်ရံ ဖြတ်သန်းသွားလာတတ်သည့် စက်တပ်သင်္ဘောများနှင့် လှေ၊ ရွက်တပ်လှေ၊ သစ်ဖောင်များကို မြင်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် ၁၀ ရက်ခန့်ကြာသွားသည်။

ထိုနေ့ညနေပိုင်းက ချောင်းပိတ်၍ အဘိုးနှင့် အဘိုးလေးတို့နှစ်ယောက် ငါးဖမ်းရန် ချောင်းပိတ်သည့်နေ့ဖြစ်ပေရာ ကျွန်တော်တို့ မနက်ဆိုလျှင် ငါးဟင်းစားရမည်ကို သိနေကြသည်။ အမေသည် ကျွန်တော်၏ အစ်မဝမ်းကွဲနှင့်အတူ တစ်ဖက်ကမ်းသို့ ဈေးဝယ်ရန် လက်ခတ်လှေငယ်ကလေးနှင့် ထွက်ခွာသွားပေပြီ။

သည်လိုနှင့် ညနေစောင်း ချောင်းဖောက်သည့်အချိန်ရောက်လာသည်။ မနက်စောစောကပင် အဘိုးနှင့်အဘိုးလေးတို့ ထွက်ခွာသွားသည်။ ချောင်းဖောက်ရန်ဖြစ်သည်။

မိနစ်အနည်းငယ်ကြာလျှင် အဘိုး ပျာပျာသလဲရောက်လာသည်။ လုံချည်တိုတို၊ ရွှံ့အလူးလူးနှင့် အဘိုးလေးသည် အိမ်ပေါ်သို့တက်လာကာ -

"ထူးဆန်းတယ်ဟေ့။ ဘယ်လိုဖြစ်သလဲမသိဘူးဟ။ ငါးကြီးတွေ တစ်ကောင်မှမမိဘူး။ ငါးသေးငါးမွှားတွေဘဲ ကျန်တယ်မိတယ်ဟေ့။ ဘယ်လိုဖြစ်သလဲမသိဘူး။ ကိုအောင်ရကတော့ ဒေါသထွက်နေလေရဲ့"

ဦးအောင်ရသည် ကျွန်တော်၏အဘိုးနာမည်ဖြစ်ပြီး ဦးမြဒင်မှာ အဘိုးလေးဖြစ်သည်။ အဘိုးလေးတို့၊ အဘိုးတို့ချောင်းဆယ်တိုင်း မြစ်ငါးတံ၊ ငါးသလောက် မရမရှိ ရသည်ချည်းဖြစ်သည်။ ထိုအခါ အဘွားက အိမ်ထဲမှထွက်လာကာ



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်ယောက်များ ဝင်ဖမ်းသလား"

အဘိုးလေးသည် မျက်မှောင်တစ်ချက်ကြုတ်ကာ -

"ဘယ်သူဖမ်းမှာတုံး။ ဘယ်သူမှမခိုးဘူး။ တို့ရွာမှာ သူခိုးရှိလို့လား။ မရှိရင်တောင်းစား ရတာပဲ။ ဘယ်သူခိုးမှာတုံးဟ"

ခဏကြာတော့ အဘိုးပါထပ်ရောက်လာသည်။

"မကျေနပ်ဘူးဟေ့။ ညနေ ချောင်းပြန်ပိတ်မယ်။ ငါလည်း သေသေချာချာပိတ်ခဲ့တာပဲဟာ။ ဘယ်လိုမှ ထွက်ပေါက်က လွတ်ရိုးမရှိဘူး။ ဒီတစ်ခါ အစာများများထည့်ပြီး ထပ်ပိတ်ကြည့်မယ်။ မြဒင် မင်းပါလိုက်ခဲ့။ ဖွဲနုနဲ့ ထပ်ထောင်ကြည့်မယ်။ တခြားငါးကြီးတွေကြိုက်တဲ့ ငါးစာနဲ့ပါ ထပ်ဖမ်းမယ်။ ဘယ်လိုဖြစ်တယ်ကြည့်ရအောင်ဟေ့။ ငါတော့ သိပ်မကျေနပ်ဘူးကွ။ တစ်ခုခုပဲဟေ့"

အဘိုးသည် ငါးကြီးတွေ တစ်ကောင်တစ်မြီးမှမရတဲ့ ငါးသေးငါးဖျင်းအနည်းငယ်သာ ရရှိခြင်းအပေါ် လုံးဝမကျေနပ်နိုင်ဘဲ ဗျစ်တောက်ဗျစ်တောက် မကျေမချမ်းပြောဆိုလျက်ရှိသည်။ ကျွန်တော်က သံယောင်လိုက်ကာ -

"အဘိုး ယင်းလိပ်ပြားတွေကို ခုန်ကျော်ပြီး ထွက်မပြေးနိုင်ဘူးလား"

"ဟာ…ငါ့မြေးရ ရေပြင်ပေါ်ကနေ လက်တစ်ဆုံကျော်



www.burmeseclassic.com

www.burmeseclassic.com


ကျော်ထောင်ထားတာ။ ပြီးတော့ ရေကျရင် လူ့နှစ်ရပ်နီးပါးရှိနေတာ ဘယ်ငါးက ခုန်ကျော်နိုင်မှာတုံးကွယ့်။ ဒီတစ်ချီ စောင့်ကြည့်မယ်ဟေ့"

အဘိုးသည် မကျေမနပ်ဖြင့် ခြံထဲပြန်ဆင်းသွားသည်။ ကျွန်တော်တို့အဖို့ ထိုညနေတွင် ငါးမပါသော ဘဲဥချဉ်ရည်၊ တို့စရာနှင့်သာ ပြီးလိုက်ရပေသည်။

× × ×

အဘိုးနှင့် အဘိုးလေးတို့၏ဒေါသ အထွတ်အထိပ်ရောက်သည့်နေ့တစ်နေ့။ ချောင်းရေကျသွားပြီး ချောင်းဖောက်ချိန်တွင် မနေ့ကလိုပင် မည်သည့်သားကြီးငါးကြီးမျှမရဘဲ ငါးမှုန်ငါးမွှားကလေး အနည်းငယ်ခန့်သာ ကျန်ရစ်ခဲ့လေသည်တကား။

အဘိုးသည် လုံးဝမကျေနပ်နိုင်ဘဲ တောက်တစ်ခေါက်ခေါက်နှင့် ချောင်း၏ ယိုပေါက်ထွက်ပေါက်များကိုရှာသည်။ အဘိုးလေးကလည်း စေ့စေ့စပ်စပ် ရှူ့အလူးလူးနှင့်ရှာဖွေသည်။ မည်သည့်အပြစ်မှ မတွေ့ရ။ ယင်းလိပ်ပြားများလည်း အပေါက်အပြဲမရှိ။ အင်အားကြီးသောငါးများ ထိုးဖောက်ဖျက်ဆီးသည့် လက္ခဏာမတွေ့ရပေ။ ရွှံ့နွံများလည်း ပေါက်ပြဲယိုစိမ့်သည့် အရိပ်အယောင် မမြင်ရပေ။

တစ်စုံတစ်ယောက်မှာ ညအခါ တိတ်တဆိတ်ဖိုက်ကွန်


www.burmeseclassic.com

www.burmeseclassic.com



ဖြင့် လာရောက်ဖမ်းဆီး ယူငင်သွားခြင်းလော။ ထိုစွဲချက်လည်း ဖြစ်နိုင်စရာရှိသည်။ ဘာပဲဖြစ်ဖြစ် စောင့်ဆိုင်းဖမ်းမှသာ အဖြစ်မှန်ကို သိရပေမည်။

အဘိုးသည် ငါးကြီးတစ်ကောင်မျှ မရလိုက်ခြင်းအပေါ် လုံးဝမကျေနပ်နိုင်ပဲ တစ်နေကုန် မကျေမချမ်းဖြစ်နေသည်။

"ဒီနေ့စောင့်ဖမ်းမယ်။ မိလို့ကတော့ ဇက်အပြတ်ပဲဟေ့။ ဒီညစောစောအိပ်ပြီး မနက်စောစော ထချောင်းမယ်။ ငါးတွေ ဘယ်လိုပျောက်တယ်ဆိုတာ သိကြတာပေါ့"

× × ×

လဆန်းရက်မို့ လသာသည်။ ပြည့်ပြည့်ဝဝ လမသာသော်လည်း ကြယ်ရောင်နှင့်ပေါင်းစပ်ကာ အလင်းသဲ့သဲ့သည် ပတ်ဝန်းကျင်ကို တိတ်ဆိတ်၍ ထွန်းလင်းလျက်ရှိသည်။ ညသည့်လရောင်ဖြင့် အလင်းနုနုတည်ငြိမ်စွာ အလင်းဖြန့်ပေးလျက်ရှိသည်။

အဘိုးတို့ခြံသည် ညအခါတွင် တိတ်ဆိတ်မှုသည် ကြောက်မက်ဖွယ်ခံစားမှုတစ်ခုဖြင့် လွှမ်းမိုးထားမြဲဖြစ်သည်။ တစ်ခြံနှင့်တစ်ခြံ ဝေးကွာလှရကား ခေါ်မကြား အော်မကြား ပတ်ဝန်းကျင်ဖြစ်သည်။ ခြံမြေသည် ညအခါ၌ တိတ်ဆိတ်မှုသည် ချောက်ချားဖွယ်ရာဖြစ်သည်။ နှစ်ပရိစ္ဆေဒများစွာ ကြာမြင့်စွာပိတ်လှောင်



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် ကျောက်ဂူတစ်လုံး ငြိမ်သက်မှုမျိုးနှင့်တူသည်။ ပတ်ဝန်းကျင်သည် ပိုးနံ့ကောင်များ၊ ပုရစ်များ၏အသံ လွှမ်းမိုးနေပြီး ခပ်ဝေးဝေးမှ မြစ်၏လှိုင်းပုတ်သံသာ တဖေါဖေါကြားနေရသည်။ တစ်ခါတစ်ခါ ငါးပွက်သံ...လေတိုးသံ...။

ထူထပ်လှသော သစ်ပင်များကြောင့် နွေဖြစ်သော်လည်း ပူလောင်မှုမရှိဘဲ လေတဟူးဟူးနှင့် အေးစိမ့်လှသည်။

ကျွန်တော်တို့ကလေးတစ်သိုက် မည်သည့်အချိန်က အိပ်ပျော်သွားသည်မသိ။ ဆူဆူညံညံအသံများကြောင့် တစ်အိမ်လုံး လန့်ဖျပ်ကာ နိုးလာတော့သည်။

အသံသည် အဘိုး၏ အလန့်တကြားအော်ဟစ်ကာ အိမ်ပေါ်သို့ပြေးတက်လာသော အသံဖြစ်သည်။ အဘိုးလေး၏ မေးခွန်းမေးသံ၊ အဘိုး၏ အမောတကောဖြေသံ။ ကျွန်တော်၏နားထဲတွင် 'ဆရဲခြောက်လှတ်သည်' ဟူသောအသံ ထပ်တလဲလဲကြားနေရပေသည်။

ကျွန်တော်တို့ အိပ်ရာထဲမှ လူလဲထကာ ခြင်ထောင်အပြင်သို့ ထွက်လိုက်ကြသည်။ အဘိုးသည် တစ်ကိုယ်လုံး ချွေးစေးများဖြင့်ရွှဲနစ်ကာ စကားမပြောနိုင်အောင် မောဟိုက်နေခြင်းဖြစ်လောက်အောင် အကြောက်လွန်နေချေပြီကော။ အဘိုးတို့ အဘိုးလေးတို့ညီအစ်ကိုသည် သတ္တိကောင်းသူများဖြစ်သည်။ ယခု အဘိုး၏ ကြောက်ရွံ့ထိတ်လန့်ပုံကိုမြင်ရတော့ ကျွန်တော်တို့ အံ့သြ


www.burmeseclassic.com

www.burmeseclassic.com



တကြီးဖြစ်ကာ ဖြစ်စဉ်ကို မမေးနိုင်သေးပေ။

"ငါ့ကို သရဲခြောက်လှတ်လိုက်တာ။ သရဲမဟုတ်ဘူး။ တစ္ဆေကြီးဟ"

အဘိုးအသံသည် တုန်တုန်ခိုက်ခိုက်ဖြစ်နေဆဲ။ အဘိုး၏ နံဘေးပတ်ပတ်လည်တွင် တစ်အိမ်လုံးဝန်းရံထားကာ ထိတ်ထိတ် ပျာပျာဖြစ်နေကြသည်။ စားပွဲပေါ်ရှိ စားပွဲတင်နာရီအိုကလေးကို လှမ်းကြည့်လိုက်တော့ ၄ နာရီကို ညွှန်ပြနေသည်။

အတန်ကြာမှ အဘိုးသည် တည်ငြိမ်သွားကာ စကားဆို နိုင်တော့သည်။

"ငါ့ကို တစ္ဆေခြောက်လှတ်လိုက်တာဟေ့။ ငါးကြီးတွေ ယင်းလိပ်ထဲမမိတော့ ငါ မသင်္ကာဖြစ်နေတာကြာပြီ။ ချောင်းဖမ်း ဖို့ စိတ်ကူးထားတယ်ဟေ့။ ငါလည်း ငါ့အကြံနဲ့ဆိုတော့ မနက် စောစောရေကျချိန် ထဖမ်းရင် ရမှာပဲဆိုပြီး အိပ်ရာထဲက စောစော ထပြီး ချောင်းပိတ်သွားလိုက်တာပေါ့။ လေးနာရီခွဲလောက်ထင် တယ်။ အလင်းရောင်မရောက်သေးဘူး။ ရေက ကျခါစ"

အဘိုးသည် နှစ်ခွမှိန်းကိုကိုင်ကာ ယင်းလိပ်တန်းချထား ရာသို့ တိတ်တဆိတ်ထွက်လာသည်။ နံနက် ၄ နာရီခန့်ပဲရှိသေး သည်။ ပတ်ဝန်းကျင်သည် မှောင်မိုက်နေဆဲ။ ကြယ်ရောင်ဖြင့် ပတ်ဝန်းကျင်ကို ကောင်းစွာတော့ မြင်နေရသည်။

အဘိုးသည် သစ်ရိပ်များကို အကာအကွယ်ပြုရင်း တိတ်



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်ဆိတ် ချဉ်းကပ်လာခြင်းဖြစ်သည်။

ချောင်းပိတ်နားသို့ရောက်သည်နှင့် အဘိုး၏နားထဲသို့ ထူးခြားမှုတွေဝင်ရောက်လာသည်။ အဘိုး ပထမဦးဆုံးကြားလိုက်ရသည်ကား တဗွမ်းဗွမ်းမြည်နေသော ရေသံပင်တည်း။ အဘိုးသည် မိုန်းတံကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ကာ ပေါ့ဖွဖွခြေသံဖြင့် တဖြည်းဖြည်း ချဉ်းကပ်လိုက်ပေသည်။

ရေသံသည် ငါးဖမ်းသည့်ပိုက်များချထားသည့်နေရာမှ အသံပေတည်း။ အဘိုးသည် အသက်ကို ပြင်းပြင်းမျှပင်မရှူတော့ဘဲ သစ်ပင်ကွယ်မှနေကာ စောင့်ကြည့်နေလိုက်သည်။ ရုတ်တရက် ရေသံတွေဆူညံသံ၊ ငါးတွေပွက်ပွက်ထသံတွေ တဝုန်းဝုန်းကြားလိုက်ရသည်နှင့် အဘိုးသည် ပုန်းကွယ်ရာမှ ရုတ်တရက် ထွက်လိုက်သည်။

အဘိုးမြင်လိုက်ရသည့်မြင်ကွင်းကား....

မြင်လိုက်ရသည့်မြင်ကွင်းကြောင့် အံ့ဩထိတ်လန့်မှုဖြင့် အဘိုး၏ခန္ဓာကိုယ်ထဲမှ ခွန်အားများသည် ခန္ဓာကိုယ်ပြင်ပဆီသို့ လွင့်ထွက်သွားကာ ဒူးနှစ်ဖက်သည် တဆတ်ဆတ်တုန်ယင်ကာ ညွတ်ကျသွားသည်။ ကြောက်ချွေးတွေ ချက်ချင်းပြန်လာသည်။

"အမလေး...ဘုရား...ဘုရား...ဘုရား ကယ်တော်မူပါ"

ဗလုံးဗထွေးမြည်တမ်းရင်း လက်ထဲမှာကိုင်ထားသော



www.burmeseclassic.com

www.burmeseclassic.com



မှိန်းတံသည် ချေးဖြင့်ချော်ထွက်ကာ လွတ်ကျသွားသည်။ အဘိုး၏ရင်ထဲတွင် ဖွက်လပ်ကြီးတစ်ခုလို ဟင်းလင်းဖြစ်သွားကာ လေဖြတ်သူလို တစ်ကိုယ်လုံးလှုပ်ရှားမရ ဖြစ်သွားခြင်းပင်တည်း။

"ဗေ…ဗေ…ရောမ…တစ္ဆေကြီးပဲ"

အဘိုး၏ပြူးကျယ်သော မျက်လုံးနှစ်ဖက်သည် မျက်တောင်ခတ်ရန် မေ့လျော့သွားပြီး ဗလုံးဗထွေးအော်သံသည် လည်ချောင်းပြွင်ဖသို့ မထွက်နိုင်ဘဲ ရင်ထဲမှာပင် တစ်ဆို့နေသည်။

အရပ်ရှစ်ပေနီးပါးရှိပြီး ခေါင်းပြောင်ပြောင်၊ အသားနီရောင်၊ ပုဆိုးအပြာကွက်တုံးကြီးကိုဝတ်ဆင်ထားသော ရောမလူကြီးတစ်ယောက်သည် အပေါ်ပိုင်း အင်္ကျီဗလာဖြင့် ကုက္ကိုပင်ရှိ နတ်ကွန်းကို လက်တစ်ဖက်ဖြင့်ထောက်ကာ ကျန်လက်တစ်ဖက်က ရောမငါးကြီးတစ်ကောင်ကို မြိန်ရေရှက်ရေ အရှင်လတ်လတ် ကိုက်စားနေခြင်းပေတကား။ သွေးစိမ်းရှင်ရှင်ဖြင့် တပ္လျက်ပ္လျက်မြည်ကာ ပုတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ စားသောက်နေခြင်းပင်တည်း။

အဘိုးသည် လွတ်ကျသောမှိန်းတံကို အသံမကြားအောင် အသာအယာကောက်ယူကာ နေအိမ်သို့ မည်သို့မည်ပုံပြန်ရောက်လာသည်မသိနိုင်တော့။ တဲအိမ်ရောက်တော့ အမောဆိုက်နေလေသည်။

နောက်မှသိရသည်မှာ အဆိုပါ ဦးခေါင်းပြောင်ပြောင်



www.burmeseclassic.com

www.burmeseclassic.com



အသားနီနီ တစ္ဆေကြီးသည် ဂျပန်ခေတ်ကာလက ဓားပြမှုဖြင့် ဂျပန်စစ်တပ်က မိသွားပေရာ ယင်းကုက္ကိုပင်ကြီးတွင် လှံစွပ်ဖြင့် ထိုး၍ အသတ်ခံရခြင်းဖြစ်သည့် ဓားပြဗိုလ်သာဒင်ဖြစ်ကြောင်း ပြောပြပေသည်။ ဓားပြဗိုလ်သာဒင်သည် တစ္ဆေဘဝဖြင့် မကျွတ်လွတ်နိုင်သေးဘဲ ရက္ခစိုးအယောင်ဆောင်ကာ သူယောင်နီတစ္ဆေကြီးဖြစ်နေကြောင်း ကြားသိရပေသည်။ ရွာသူရွာသားများတင်မြှောက်ထားသည့် ပုန်းမကြည်နတ်အတွက် အစာများကို ဝင်ရောက်စားသောက်သည့် အယောင်ဆောင်တစ္ဆေကြီးတစ်ကောင်သာ ဖြစ်ပေသည်။

မကျွတ်မလွတ် တစ္ဆေသရဲဘဝ၌ပင် ဟန်ဆောင်ပန်ဆောင်နေ၍ နတ်ကွန်းတွင်တင်သမျှ၊ ပသသမျှကိုစားသောက်နေသည့် သူတော်ကောင်းအယောင်ဆောင် သူယောင်နီတစ္ဆေကြီးဖြစ်ပေသည်တကား။ သူယောင်ဆိုသည့်တစ္ဆေဆိုသည်မှာ သရဲတစ္ဆေအကြီးစားများထဲတွင်ပါဝင်ပြီး မည်သည့်ပရိတ်ဂါထာရွတ်၍မျှ မကြောက်သည့် သတ္တဝါကြီးဖြစ်ပေသည်။

အဘိုးသည် ထိုနေ့မှစ၍ ထိုချောင်းပိတ်နေရာတွင် ငါးဖမ်းခြင်းလုပ်ငန်းကို စွန့်လွှတ်လိုက်ပြီး ငါးဖမ်းကိရိယာများကို ဖျက်ဆီးပစ်လိုက်လေသည်။

"အဲဒီကုက္ကိုပင်နားကို ကလေးတွေကော၊ လူကြီးတွေပါ မသွားကြနဲ့ဟေ့။ နတ်ကွန်းပေါ်မှာလည်း ဘာစားစရာမှမတင်ကြ



www.burmeseclassic.com

www.burmeseclassic.com



နဲ့။ ရက္ခစိုးမနေဘူး။ တစ္ဆေသူယောင်နီနေတာဟော့"

အဘိုးလေးက ကုက္ကိုပင်ကိုမှီတွယ်နေသော သူယောင်နီ တစ္ဆေကို လုံးဝမကျေနပ်ပေ။

"ခွေးမသား သူယောင်နီခေါးပြတစ္ဆေ။ ပမာမခန့်နိုင်လွန်းတယ်ဟော့။ ငါမီးတင်ရှို့ပစ်မယ်။ ရက္ခစိုးလည်းမဟုတ်၊ ပုန်းမကြည်နတ်လည်းမဟုတ်ဘူး တစ္ဆေလိမ်"

အဘိုးကတားသည်။ အဘွားကလည်း မီးတင်ရှို့သည်ကို မကြိုက်။

"ကိုယ်က စိတ်ကောင်းထားပြီး အမျှဝေပါတော်။ မကျွတ်မလွတ်တဲ့ဘဝနဲ့ နေနေရတာကလည်း လူ့ဘဝတုန်းက ဘာကောင်းမှုကုသိုလ်လုပ်လို့တုန်း။ လူထုကို ဘာအကျိုးပြုလို့တုံး။ ဒါပေမယ့် သူ့ဘဝနဲ့သူ့အကြောင်း ထားလိုက်ကြပါ"

အသားနီနီ၊ ဦးခေါင်းပြောင်ပြောင်၊ မျက်နှာပြဲပြဲ၊ ပုခုံးညိုကွက်တုံး အပေါ်အင်္ကျီဗလာနှင့် ရောမလူကောင်ကြီးမှာ ရက္ခစိုးအယောင်ဆောင်ကာ သားစိမ်းငါးစိမ်းများကို ဝင်ရောက်ခိုးယူစားသောက်နေသော ပရလောကသားတစ်ဦးသာဖြစ်ပေသည်။ ကျေးရွာအခေါ်အားဖြင့် 'သူယောင်နီသရဲကြီး' ဟု ခေါ်ဆိုကြပေသည်။ ရက္ခစိုးကဲ့သို့ သူတော်ကောင်းအယောင်ဆောင်ကာ ရက္ခစိုးအတုဖြစ်ပေသည်။ အသားနီနီဖြစ်သောကြောင့် သူယောင်နီဟုခေါ်ကြခြင်းဖြစ်ပေသည်။ နာနာဘာဝများထဲမှာပင် အယောင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကိစ္စ ရှိပေသည်တကား။

အထက်ပါ သားစိမ်းငါးစိမ်းစား သူယောင်နီတစ္ဆေကြီး သည် ကျွန်တော်တို့ ငယ်စဉ်ကာလမှစတင်ကာ မကျွတ်မလွတ်ဘဲ ရှိရာ မည်သူချွတ်၍မျှမရသည့် ဆရာမနိုင် သရဲအကြီးစားကြီးဖြစ် ကြောင်း ဆိုပေသည်။ တော်ရုံတန်ရုံဆရာပင် အသေလုပ်ထည့် လိုက်သည်ဟု ပြောသည်။

သို့သော် ၂၀၀၈ မေလတွင် မြန်မာပြည်တွင် နာဂစ်မုန် တိုင်းကြီးတိုက်ခတ်စဉ် သူယောင်နီသရဲတစ္ဆေကြီးနေထိုင်သော ကုက္ကိုပင်ကြီးလည်း နာဂစ်မုန်တိုင်းဒဏ်ခံရကာ အမြစ်မှကျွတ်ကာ လဲပြိုသွားပြီး သူယောင်နီတစ္ဆေကြီးလည်း ပျောက်ကွယ်သွားသည် ဟု ကြားရသည်။ ယခုအခါ ရွာမှလာရောက်သော ကျွန်တော်၏ ညီအစ်ကိုဝမ်းကွဲများ ပြောပြချက်အရ ကုက္ကိုပင်ကြီးမရှိကတည်း က သူယောင်နီတစ္ဆေကြီးလည်း ကျွတ်လွတ်သွားပြီလော၊ ဒါမှ မဟုတ် ဆိုင်ရာပိုင်ရာများက နေရာရွှေ့လိုက်ပြီလော မသိကြရဟု ဆိုသည်။ သို့သော် ထိုနေရာတစ်ဝိုက်တွင် ငါးဖမ်းသူများ အပျောက်အရှမရှိဘဲ အေးချမ်းသာယာလျက်ရှိကြောင်း ညီအစ်ကို ဝမ်းကွဲများက ပြောပြကြပေသည်။

မင်းဘုန်းသိခ်ိသူ



www.burmeseclassic.com

www.burmeseclassic.com



# ခေါင်းတလား တစ္ဆေ

မင်းဘုန်းသိခ်သူ

ပထမသတင်းမှာ မြစ်ကျွဲဘုန်းတော်ကြီးကျောင်းရှေ့ ဆိပ်တွင် သက်ရင့်ပိတောက်ပင်ကြီးမှ သကြဲနံမတိုင်မီ ာက်တွေ စောစီးစွာပွင့်ဖူးခြင်းနှင့် သူကြီးသာဖြေသမီး င်တုံးသူရှစ်းငှားဖိုးထောင်နှင့် လင်နောက်လိုက်သွားခြင်း တင်း။ တ်ငါသည်စောသိန်း ရေင်ရေချိုစပ်ဒေသတွင် ကျက်စား ာ လေးပေခန့် မိကျောင်း ခေါင်းတိုတစ်ကောင်၊ ဂုန်ညင်း မြစ်ထဲတွင် ဖမ်းဆီးရမိသွားသော သတင်းသုံးခုဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသီတင်းသုံးခုသည် မြစ်ကွေ့ရွာ၊ ကျုံတာရွာ၊ လက်ခုပ်ကုန်းရွာတို့ကို ချက်ချင်းပြန့်နှံ့ကူးစက်သွားခြင်းဖြစ်သည်။ သူကြီးသာဖြောသည် နှစ်လုံးပြူးသေနတ်ကြီးကို ချိတ်ချတုံ မောင်းတင်ချိ မောင်းဖြုတ်ချိနှင့် ဒေါသမီးတောက်ကာ တောမျောက်တစ်ကောင် ငါးပိကိုင်မိသလို ဗျာများနေသည်။ ရွှေစင်တုံးသည်ရွာ၏ ကွမ်းတောင်ကိုင်အလှပဂေးစာရင်းဝင်ဖြစ်ကာ ဖိုးထောင်သည် လယ်ယာလုပ်ငန်းဟူသမျှ အလုပ်စုံလုပ်နေရသည့် ဗောက်သမားဖြစ်သည်။ ဆင်းရဲသော်လည်း ရိုးသားကြိုးစားကာ လက်ရှိဘဝထက်မြင့်သော လူနေမှုဘဝကို မှန်းဆကြိုးစားနေသူကလေးဖြစ်သည်။ သူကြီးသာဖြောသည် ခိုင်းဖော်ခိုင်းဖက် လယ်သူရင်းငှားနှင့် သူ့လိုသူကြီးသမီး လားလားမျှမတန်ဟု ယူဆထားသဖြင့် အိမ်မြှောင်မြီးပြတ် ဖြစ်နေရခြင်းပင်တည်း။ နှစ်ယောက်စလုံးကို တွေ့သည့်နေရာ သတ်ပစ်မည်ဟု တစ်ကြိမ်းတည်းကြိမ်းနေသဖြင့် တစ်ရွာလုံးက ဝိုင်းဆွဲတောင်းပန်ထားရသည်။

"သာဖြောကို လာမကြောနဲ့။ ငါ့သမီးကို ခိုးမပြေးသွားတယ်ဆိုတာ ငါ့ခေါင်းကို သေးနဲ့ပန်းသွားတာကွ"

နှစ်လုံးပြူးသေနတ်ကြီးကိုင်ကာ ရွာလမ်းတွင်အော်နေသော သူကြီးကို သူကြီးကတော်ဒေါ်အေးဘုံက နားစွန်နားဖျားဖြင့်

"ဟောတော့ . . ဖိုးထောင်က ရှင့်ခေါင်းကို ဘယ်တုန်းက သေးနဲ့ပန်းသွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးသာဖြောသည် အံ့ကြိတ်ကာ လှည့်၍မာန်မဲရသည်။

"သေနာမရဲ့...ဥပမာပြောတာဟဲ့"

လူတွေက ကြိတ်၍ရယ်ပြီသည်။ ပြောင်ပြောင်တင်းတင်း မရယ်ရဲ။ နို့မို့ဆို သေနတ်ဒင်စာ မိသွားမည်။

နောက်သတင်းက ပိတောက်ပင်သတင်းဖြစ်သည်။ သုံးနှစ်တိုင်တိုင် မပွင့်မဖူးခဲ့သော ပိတောက်ပင်ကြီးက သင်္ကြန်မတိုင်မီ ၁၀ ရက်ခန့်အလိုတွင် တစ်ပင်လုံး ထိန်ထိန်ဝါအောင် ဖူးပွင့်လိုက်သော သတင်းပင်တည်း။ လှေဆိပ်တွင် မြင့်မြင့်မားမား ထီးတည်းကြီးဖူးပွင့်နေသည်ကို လှေသဘော်များ၊ ဝါးဖောင်များက အထူးအဆန်းဖြစ်နေကြခြင်းပင်။

BURMESE CLASSIC

နောက်ဆုံးသတင်းက ယနေ့မနက်ပိုင်းတွင် စောသိန်း၏ ပိုက်ထဲတွင် လေးပေခန့်ရှိ မိကျောင်းတစ်ကောင်မိခြင်းပင်ဖြစ်သည်။ ရေချိုမြစ်တွင်းတွင် မိကျောင်းများ နေထိုင်ကျက်စားလေ့မရှိ။ မည်သည့်အခါကမျှ ခေတ်အဆက်ဆက် ဂုန်ညင်းတန်းအရှေ့ဘက်တွင် ငါးမန်း၊ မိကျောင်း ဖမ်းမိလေ့မရှိဘဲ ယခုမှ ထူးဆန်းတိုက်ဆိုင်စွာ ပိုက်တန်းထဲတွင် သားစားမိကျောင်းတစ်ကောင် ဖမ်းမိသောသတင်းသည် သတင်းထူးသတင်းဆန်းဖြစ်ကာ အုတ်အော်သောင်းတင်းဖြစ်သွားကြရပေသည်။ စောသိန်းသည် လေးပေ မိကျောင်းကြီးကို ပါးစပ်ကြိုးတုပ်ကာ မြစ်ကမ်းဘေး တဲဆီသို့



www.burmeseclassic.com

www.burmeseclassic.com



ထမ်းပိုးလာခြင်းဖြစ်သည်။ ရွာစဉ်တွေမှ လာရောက်၍ကြည့်ရှုကြရာ စောသိန်းမှာ တစ်နေကုန်ရှင်းပြနေရသည်။ စောသိန်းမိန်းမကြာဥမှာလည်း ဧည့်သည်တွေကို ရေနွေးကျို၍ ဧည့်ခံရသည်ကလည်း ဖတ်ဖတ်မော။

"မိကျောင်းဆိုတာ အိမ်မြှောင်အကြီးစားပဲနော် အဘ"

ငါးနှစ်ရွယ် ကောင်ကလေးဂျစ်တူးက မိကျောင်းကို မဝံ့မရဲကြည့်ကာမေးသည်။ မိကျောင်းငယ်သည် ကြိုးတုပ်ထားလျက်က ရုန်းကန်နေသည်။

BURMESE CLASSIC

စောသိန်းသည် ဂျစ်တူးကိုကြည့်ကာ...

"မိကျောင်းနဲ့ မတူဘူးကွ။ ဖွတ်ကျားနဲ့တူတယ်"

"ဝါး...ဟား...ဟား"

ကလေးတွေက ဝိုင်းရယ်၍ ဂျစ်တူးရှက်သွားသည်။ ဖွတ်ကျားသည် ဂျစ်တူး၏အဖေဖြစ်ကာ မော်တော်အငှားလိုက်သည်။ နာမည်ရင်းကိုက ဖွတ်ကျားဖြစ်သည်။

သို့သော် ထိုထူးခြားသော သတင်းသုံးရပ်ထက် ပို၍ထိတ်လန့်အံ့သြစရာကောင်းသော သတင်းက ရွာကလေးတွင် ညနေ နေဝင်ရီတရောအချိန်တွင် ဖြစ်သွားခဲ့ပေရာ အထက်ပါသတင်းသုံးခုသည် သာမည်ဖြစ်ပြီး မေးမှိန်ပျောက်ကွယ်သွားသည်။ ထူးဆန်းသော သတင်းမဟုတ်တော့ဘဲ ငုပ်လျှိုးပျောက်ကွယ်သွား ခြင်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နွားရိုင်းသွင်းချိန် နေဝင်ဖျိုးဖျကာလ။ အနောက်ဘက် ကောင်းကင်ယံမှာ တိမ်နီတိမ်ဝါတွေ ထုပ်ပိုးရုပ်သိမ်းခါစ။

တစ်ရွာနှင့်တစ်ရွာ လှည့်လည်ကူးသန်းကာ ဈေးတောင်းရွက် ဈေးရောင်းသော မယ်မျှင်သည် အူယားဖားယားနှင့်ပင် ရွာထဲသို့ ပြေးဝင်လာသည်။ ထဘီမနိုင်၊ ဆံပင်စုတ်ဖွားနှင့် မျက်ပြူးဆန်ကာ ပြေးဝင်လာခြင်းဖြစ်ပေသည်။ အချိန်က လူလုံးကွဲခါစ ညီအစ်ကို မသိတသိအချိန် ကျေးငှက်ကလေးတွေ အိပ်တန်းငြိမ်ခါစဖြစ်သည်။ မယ်မျှင်သည် ယောကျ်ားသေဆုံးပြီး သားကလေးတစ်ယောက်၊ သမီးကလေးတစ်ယောက်နှင့် ဘဝကို ဖြစ်သလို ရုန်းကန်အသက်မွေးဝမ်းကျောင်းပြုနေရကာ ဂုဏ်ယူချီးကျူးထိုက်သော မိန်းမတစ်ယောက်ဖြစ်သည်။ ရွာစဉ်လှည့်၍ ချိတ်၊ အပ်၊ ပရုပ်လုံး စသည်ဖြင့် လှည့်လည်ရောင်းချနေသော ဈေးသည်တစ်ဦး။

ယခုတော့ သူမသည် အထိတ်တလန့် ရွာထဲသို့ဝင်လာလေပြီကော။ မယ်မျှင်သည် အိမ်ထဲသို့ တန်းတန်းမတ်မတ် မဝင်ဖြစ်သေးဘဲ သူကြီးအိမ်သို့ တန်းပြေးလေသည်။ သူကြီးမရှိ။ သူ၏သမီး လင်နောက်ပါသွား၍ လိုက်ရှာနေပြီလော။ သူကြီးကတော် ဒေါ်အေးဘုံသည် မယ်မျှင်ကိုကြည့်ကာ လက်ထဲမှာကိုင်ထားသော ထင်းခွဲဓားမကို ယောင်ယမ်းကာ ပစ်ချလိုက်သည်။

"မယ်မျှင်...မယ်မျှင် အမလေးဟဲ့။ ဘယ်လိုဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



တာတုံး”

မယ်မျှင်သည် ရုတ်တရက် ပြန်မဖြေနိုင်။ ဟောဟဲဆိုက်နေသည်။ ခဏကြာမှ မျက်နှာကို ချွေးသုတ်လိုက်ကာ…

“သ…သ…သ”

ထိုအခါ အေးဘုံကလည်း ယောင်ယမ်းကာ “သ…သ သ”ဟု ပြန်၍ရွတ်သည်။ ဒေါ်အေးဘုံသည် ခါးတို့လျှင် ယောင်ယမ်းတတ်သော နံ့အအမိန်းမကြီးတစ်ယောက်သာဖြစ်သည်။ ယခုတော့ မယ်မျှင်က အထိတ်တလန့် ကြောက်လန့်တကြားဖြစ်နေရာ သူမကပါ ရောယောင်၍ မြည်တမ်းနေလေ၏။ မယ်မျှင်သည် စိတ်ကို ငြိမ်ငြိမ်ထားပြီးမှ -

“ရေ…ရေ…ရေတစ်ခွက်လောက်”

ထိုအခါမှ ဒေါ်အေးဘုံသည် ရေတစ်ခွက် ထ၍ခပ်ပေးသည်။

“ဘာဖြစ်လာတာတုံးဟဲ့ မယ်မျှင်”

“ကျုပ်ကို သရဲခြောက်လွှတ်လိုက်တယ်တော့”

ထိုအခါမှ ဒေါ်အေးဘုံသည် အထိတ်တလန့်ဖြစ်သွားတော့သည်။ အချိန်ကလည်း မှောင်စပြုနေပြီမဟုတ်လား။

“ဘယ်က သရဲတုံး”

“ကလရုပ်သင်္ချိုင်းကပေါ့။ ကြောက်လိုက်တာအေရယ်။ ကလရုပ်ရွာထဲကို ဈေးရောင်းအကျွေးတောင်းရင်းပြန်လာတာ။



www.burmeseclassic.com

www.burmeseclassic.com



သံချိုင်းအစပ်ကပေါ့။ ညည်းသိပါတယ်အေ။ ဒီလိုပဲ လူတိုင်းဖြတ်သွားဖြတ်လာနေကျပဲဟာ။ တစ်ခါမှ သရဲခြောက်တယ် မကြားဖူးပါဘူးတော်။ ရွာနှစ်ရွာကြားပဲ ညဘက်တောင် သွားနေကြတာတော်။ အဲဒါအေရယ် သံချိုင်းလည်းကျော်ရော နောက်က ခြေသံတဖျပ်ဖျပ်ကြားရပြီး လှည့်ကြည့်လိုက်တော့ လူတစ်ယောက်ဟုတ်ပေါင်။ သရဲပေါ့ မျက်နှာမည်းကြီးနဲ့ ခေါင်းကြီးထမ်းပြီးကျုပ်နောက်က လိုက်လာတာ။ ညည်းနှယ်အေ ရင်ထဲကို ဒိန်းခနဲဖြစ်သွားပြီး မေ့လဲမတတ်ဘဲ။ ဒါနဲ့ ကျုပ်လည်း ငယ်သံပါအောင်အော်ပြီး ထွက်ပြေးလာတာ။ အမလေး မောလိုက်တာ။ ဥသရဲတကယ့်မှသရဲ။ ခေါင်းတလားသရဲ"

သည်လိုနှင့် တဖြည်းဖြည်း ခေါင်းတလားထမ်း သရဲခြောက်ခြင်းသည် နေဝင်ရီတရောအချိန်တွင် တစ်ရွာလုံးသို့ပြန့်နှံ့သွားသည်။ ထို့နောက် တစ်ရွာမှတစ်ရွာသို့ ညပိုင်းမဆိုထားနှင့် နေ့ခင်းဘက်ပင် ရွာနှစ်ရွာကြား ကလရပ်သုသာန်သို့ ဖြတ်သွားဖြတ်လာ မလုပ်ရဲလောက်အောင် ကြောက်လန့်သွားကြသည်။ နေဝင်ပြီဆိုလျှင် ကူးသန်းသွားလာမှု မပြုရဲကြတော့ပေ။

နောက်နှစ်ရက်သုံးရက်တိုင်အောင့် မယ်မျှင်သည် ရှင်းလင်းပြောပြရ၍ အာတွေပင် ညောင်းလာပေပြီ။ ထိုအခါ ဒေါ်အေးဘုံက ဝင်၍ရှင်းပြရသည်။ သမီးလင်နောက်လိုက်သည့်ကိစ္စကိုမရှင်းပြနိုင်ဘဲ ခေါင်းတလားသရဲအကြောင်းကို ကြားဝင်ဒိုင်ခံရှင်း



www.burmeseclassic.com

www.burmeseclassic.com



ပြပေးနေရပြန်သည်။ သူကိုယ်တိုင် ခြောက်လှန့်ခံရသည့်အလား တစ်ဆင့်ရှင်းပြပေးနေရခြင်းဖြစ်သည်။

"ဒီလိုပေါ့…သရဲက ခေါင်းကြီးထမ်းပြီး မျက်လုံးပြူး၊ လျှာကြီးတန်းလန်းကျနဲ့ နားရွက်ကြီးက ဖျာလောက်အေ့။ ပြေးလိုက်တာများ ခွစီးပြီး စားတော့ဝါးတော့မယ့်အတိုင်းပဲ"

"ဟုတ်လား ကြောက်စရာကြီး"

သည်လိုနှင့် စကားသည်ကား ကားသထက်ကား ကျယ်ပြန့်သွားပြီးလျှင်….

"အမလေး နောက်ကနေလိုက်လာတာတဲ့တော့။ ခေါင်းကြီးကိုမြင်းလိုစီးပြီး လျှာကြီးက တစ်လံလောက်ရှိသတဲ့။ ကြောက်စရာကြီးပါဗျာ။ ခေါင်းက တင်းတောင်းလောက်တဲ့။ သတိထားသွားကြလာကြပေါ့"

သည်လိုနှင့် ခေါင်းတလားသရဲ ခြောက်လှန့်မှုသည် မြစ်ကွေ့ရွာနှင့် ကလရပ်ရွာကြားသို့ လူသွားလူလာ ဖြတ်သန်းမသွားရဲလောက်အောင် သတင်းဆိုးဖြင့် ပြန့်နှံ့ချဲ့ကားသွားလေ၏။

× × ×

"ဟဲ့…မောင်ဖုန်း နင် တစ်ညနေလုံး၊ တစ်ညလုံး ဘယ်ပျောက်နေသလဲဟင်။ ဖအေကြီးက သမီးလင်နောက်လိုက်လို့ စိတ်ညစ်ဒေါသထွက်နေတာ နှစ်ရက်သုံးရက်ရှိနေပြီ။ အိမ်ကပ်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



သူကြီးသားမောင်ဖုန်းသည် လင်နောက်လိုက်ပြေးသော ရွှေစင်တုံး၏ အထက်အစ်ကိုကြီးဖြစ်သည်။ သူသည်လည်း မိဘ လက်ငုပ်လက်ရင်းကို မှီခိုကပ်ရပ်လုပ်ကိုင်ရင်း လက်ကြောသိပ် တင်းသူမဟုတ်ပေ။ နှမလင်နောက်လိုက်သွားသော်လည်း ရှက်ရ မှန်း၊ နာရမှန်းသိသူမဟုတ်။ ပျော်ပဲပျော်နေသလော မပြောတတ်ပေ။

"အမေကလည်းဗျာ ကျုပ်လည်း ကျုပ်ညီမကိုချစ်တာပဲ ဗျာ။ ဟိုကောင်ဖိုးထောင် ဘယ်ကိုခိုးပြေးသွားမှန်းမှမသိတာ။ သူတို့ ဝေးဝေးမပြေးနိုင်ပါဘူးဗျာ။ မသကာ ဖျာပုံဖြစ်ဖြစ်၊ ကျိုက် လတ်ဖြစ်ဖြစ်ပေါ့။ နေပါဦးအမေရဲ့။ အမေ့သမီးက လင်နောက် လိုက်သွားတာ။ ယောကျ်ားကောင်းပါအမေ။ လူလိမ္မာကလေးပါ အမေရဲ့။ လင်မှတ်မှတ်သားမှတ်မှတ်၊ မယားမှတ်မှတ်ပေါင်းသင်း ပြီး ရှာကျွေးမယ့်ကောင်ပါဗျ။ အသောက်အစားကလည်းမရှိ"

ဒေါ်အေးဘုံ ရုတ်တရက် မျက်လုံးပြူးကာ ခါးထောက် ရပ်လိုက်ရင်း...

"မသာ...နင်က ဖိုးထောင်နဲ့နှမကို သဘောတူနေ တယ်ပေါ့ ဟုတ်လား"

"တူတယ် တူတယ်"

"အေး...နင့်အဖေရှေ့သတိထား နှစ်လုံးပြူးစာမိမယ်"

မောင်ဖုန်းသည် တဟားဟားရယ်လေသည်။

"အဖေ့နှစ်လုံးပြူးကြီးကို အမေတောင်မကြောက်တာ



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ကြောက်ရမှာလားဗျ''

''ဟဲ့...သေချင်းဆိုး''

''ဒါပဲနော်အမေ။ ရွှေစင်တုံး ယောက်ျားယူပြီးရင် ကျုပ်အလှည့်ပဲ။ ကျုပ်ဖဲက မိစမ်းနဲ့နော်။ ဒီတစ်မိုးကုန်ရင် မင်္ဂလာဆောင်ပေးရမှာပဲ''

ထိုအခါ ဒေါ်အေးဘုံသည် ဒေါသတကြီးဖြစ်ကာ အသံကုန်ဟစ်လေသည်။

''မောင်နှမ၊ ညီအစ်ကို တစ်နှစ်ထဲမှာ နှစ်မင်္ဂလာမဆောင်ရဘူးဆိုတာ မသိဘူးလား မောင်ဖုန်း။ လူရိုက်တတ်တယ်တဲ့။ တစ်မင်္ဂလာပဲရှိတယ်''

မောင်ဖုန်းသည် ခေါင်းကို တွင်တွင်ခါသည်။

''ဒါတွေ ကျုပ်မသိဘူး။ ကျုပ်သိတာက ဒီမိုးကုန်ရင် အမေတို့နှားဖောက်ထားတဲ့အတိုင်းပဲ မိစမ်းနဲ့ မင်္ဂလာဆောင်ပေးရမှာပဲ''

''ဩော်...မောင်ဖုန်း နင်ဟာ အသိခေါက်ခက် အဝင်နက်လှပါလား။ အလုပ်ကျတော့ လက်ကြောမတင်းချင်ဘူး။ ဟိုအကြောကတော့ တော်တော့်ကို တော်တော်ပဲပြောလိုက်မယ်''

မောင်ဖုန်းသည် တဟဲဟဲရယ်ပြန်သည်။

''ဒါ ထားလိုက်ဦး။ နင် ညနေရီ နေဝင်ရီတရောမှာ သွားတာလာတာ သတိထားစမ်း။ ကာလရပ်နဲ့မြစ်ကျွေးကြီးက



www.burmeseclassic.com

www.burmeseclassic.com



သုသာန်မှာ ညနေဘက်ဆို သရဲက ခေါင်းလောင်းကြီးထမ်းပြီး လိုက်လိုက်ခြောက်လှန့်နေတာ။ နင်သတိထား သေနေဦးမယ်”

ဒေါ်အေးဘုံစကားဆုံးသည်နှင့် မောင်ဖုန်းသည် ခွက်ထိုးခွက်လန် ရယ်လေတော့သည်။

“ဟား ဟား ဟား ခေါင်းတလားထမ်းတဲ့ သရဲမကလို့ သဘက်ပဲဖြစ်ဖြစ်၊ ပြိတ္တာပဲဖြစ်ဖြစ် ကျုပ်က မကြောက်၊ မကြောက်ရေးချ မကြောက်”

မောင်ဖုန်းသည် မိခင်ကို ပြောင်လှောင်သရော်ပြီး ရွာလမ်းမဆီသို့ ပြေးထွက်သွားပြန်သည်။

ရွာထဲတွင်ကား နေဝင်ရီတရောတွင် ခေါင်းတလားတစ္ဆေ၏ ခြောက်လှန့်မှုကြောင့် ကျီးလန့်စာစားဖြစ်ကာ နေဝင်ပြီဆိုသည်နှင့် အိမ်ထဲမှအိမ်ပြင်မထွက်ဘဲ တိတ်ဆိတ်နေမိကြသည်။ မှန်ပေသည်။ ခေါင်းတလားတစ္ဆေသည် ဈေးသည်မယ်မျှင်ကို ခြောက်လှန့်လိုက်သည်မှစကာ နှစ်ရက်ခြား၊ သုံးရက်ခြားဆိုသလို ခြောက်လှန့်သည့်သတင်းက ထွက်နေပြန်သည်။ အခြောက်အလှန့်ခံရသူတွေကလည်း မှန်သည့်အတိုင်း ထွက်ဆိုကြပေရာ ခေါင်းတလားသရဲသည် တဖြည်းဖြည်း နာမည်ကြီးလာသည်။

ထိုသို့ အခြောက်အလှန့်ကြီးနေသည့် ကာလတစ်လျှောက်လုံး အေးအေးလူလူ ပြောင်သလိုပြက်သလိုနေသူမှာ မောင်ဖုန်းတစ်ယောက်တည်းသာရှိသည်။ မောင်ဖုန်းသည် ခေါင်းတလား



www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေကို မကြောက်ရွံ့သည်သာမက ညဥ့်နက်သန်းခေါင်မှာပင် သင်္ချိုင်းကိုဖြတ်ကာ သွားလာသဖြင့် တစ်ရွာလုံးက လက်ဖျားခါနေရသည်။

ရွာထဲတွင် ခေါင်းတလားတစ္ဆေ အခြောက်လှန့်ခံရသူတို့က လူစုစုဝေးဝေးတွင် ပြောဆိုနေကြ၊ ရှင်းလင်းနေကြချိန်တွင် မောင်ဖုန်းသည် ကွယ်ရာတွင် ဟားတိုက်ရယ်မောနေလေ့ရှိသည်။ ထိုအချက်က ထူးခြားသည်။ အဘယ်ကြောင့်ဆိုသော် ခေါင်းတလား သရဲတစ္ဆေခြောက်လှန့်မှုတွင် မောင်ဖုန်းသည် ပါဝင်ပတ်သက်နေသောကြောင့်ပင်တည်း။

မောင်ဖုန်းသည် အမှန်စင်စစ် ခေါင်းတလားသရဲပင်တည်း။ ညနေ နေဝင်ပြီဆိုသည်နှင့် သင်္ချိုင်းမြေထဲသို့ တိတ်တဆိတ်ဝင်ရောက်ကာ ဝှက်ထားသောအဝတ်နက်နှင့် ခေါင်းပျဉ်အပေါင်းကြီးကိုထုတ်ယူ၊ ပခုံးပေါ်ထမ်းသည့်အခါထမ်း၊ ဦးခေါင်းပေါ်ရွက်သည့်အခါရွက်ကာ သင်္ချိုင်းအနီး ဖြတ်သွားဖြတ်လာများကို "ဝူး...ဝူး...ဝါး...ဝါး"အော်ကာ ခြောက်လှန့်တတ်ပေသည်။ တစ်ခါတစ်ရံ ခေါင်းပျက်ကြီးကို မြင်းလိုလုပ်စီးကာ မျက်နှာအိုးမည်းသုတ်၍ ရွာဖျားထိ လိုက်ခြောက်လှန့်သေးသည်။ အချို့ယောကျ်ားကြီးများပင် သရဲတကယ်ခြောက်လှန့်သည်ထင်မှတ်ကာ သေလုမြောပါး အော်ဟစ်ပြေးလျှင် မောင်ဖုန်းသည် ခွက်ထိုးခွက်လှန် အားရပါးရ ရယ်မောကာ ကျေနပ်ရစ်

www.burmeseclassic.com



တတ်သည်။

သည်လိုနှင့် ခေါင်းတလားသရိုသည် ရက်ပေါင်းများစွာ ပြောစမှတ်ပြုရင်း ကျန်ရစ်ခဲ့ပေသည်။ ရက်ခြားဆိုသလို ခြောက်လှန့်မှုက ကြိုကြားကြိုကြားဆိုသလို ဖြစ်ပေါ်နေတတ်သေးသည်။

× × ×

ရက်ပေါင်း တစ်လကျော်ကျော် နှစ်လနီးပါးခန့် ကြာမြင့်သွားခဲ့ပေပြီ။ တစ်ဦးတည်းသောသမီးကလေး ရွှေစင်တုံးသည် လယ်သူရင်းငှားဖိုးထောင်နှင့်အတူ နေအိမ်သို့ပြန်ရောက်လာခဲ့ကာ နှစ်ဦးနှစ်ဖက် အဆင်ပြေသွားခဲ့ပြီဖြစ်သည်။ ရွာမိရွာဖများက သူကြီးသာပြောကို ဖျောင်းဖျနားချခဲ့သဖြင့် သားမက်ဖိုးထောင်ကလည်း လိမ္မာရေးခြားရှိသူတစ်ယောက်ဖြစ်ကာ သူကြီးသာပြောသည် ကျေနပ်ခေါင်းညိတ်လိုက်ရလေသည်။ ထို့ကြောင့် သမီးနှင့် သားမက် အိမ်ခြံဝင်းတွင်းတွင် သပ်ရပ်သောအိမ်ကလေးတစ်လုံး ဆောက်ပေးထားကာ လယ်ယာလုပ်ငန်းကို အတူတကွ လုပ်ကိုင်စားသောက်စေသည်။

တစ်နေ့ညဦးပိုင်း လကရေးသာသာ သူငယ်တိတ်ဆိတ်အချိန် ကျေးလက်တောရွာတို့၏ထုံးစံအတိုင်း စက်နာရီ ၈ နာရီလောက်ဆိုလျှင် လူငယ်တွေသာမက လူကြီးတွေပါ ငြိမ်သက်တိတ်ဆိတ် အိပ်ပျော်စပင်ပြုပြီ။ သူငယ်နှင့် လူလတ်ပိုင်းတွေသာ



www.burmeseclassic.com

www.burmeseclassic.com



ရွာလမ်းတစ်လျှောက် လျှောက်ပြန်သံပေး ခြေအေးမိုက်နှာ ဖြတ်သန်းသွားလာတတ်ကြပေသည်။

ညသည် တိတ်ဆိတ်စွာ ပျံ့သန်းလျှက်ရှိသည်။ ခြံအပြင်ဘက်တွင် လေသည် ငြိမ်သက်နေသော်လည်း တစ်ခါတစ်ရံတော့ ကစားနေတတ်သည်။ ထိုစဉ် ရုတ်တရက် လေပြင်းတစ်ချက် ဆောင့်တိုက်လိုက်ပေရာ ခြံထောင့်ဝါးရုံပင်ဆီမှ ဝါးရွက်ချင်းပွတ်တိုက်သံမှာ တောသံပေးသကဲ့သို့ တဖျောဖျောမြည်သွားလေသည်။ စံပယ်ချုံနဲ့မှ စံပယ်ရနံ့သည် ဆွတ်ပျံ့ဖွယ် သင်းမြလာပြန်သည်။ လေပြည်က တနွဲ့နွဲ့ တော့၍တော့၍ တိုက်နေဆဲ။

တစ်ခဏကြာလျှင် ရွာထိပ်မှ ခွေးတစ်ကောင်၏ စူးစူးဝါးဝါး သံရှည်ဆွဲကာအူလိုက်နှင့် မရှေးမနှောင်း သစ်ပင်ထက်မှ ညဉ့်ငှက်တစ်ကောင်က ဂီးခနဲအော်ကာ ထ၍ပျံထွက်သွားသည်။

ဒေါ်အေးဘုံသည် ဘုရားဝတ်ပြုပြီးသည်နှင့် စိပ်ပုတီးကို ဘုရားကျောင်းဆောင်ထောင့်တွင် ချိတ်လိုက်သည်။ ရွှေစင်တုံးသည် မနက်စောစော ထမင်းချက်ပြုတ်ရန် စပါးလုံးရွေးနေသည်။ အိမ်တွင် ဦးသာဖြောနှင့် ဖိုးထောင်မရှိချေ။ မြေခွန်လယ်ခွန်ကိစ္စအတွက် ဖျာပုံမြို့ပိုင်ကြီး ဆင့်ခေါ်သဖြင့် နေ့လယ်ကပင် ဖျာပုံသို့ ထွက်ခွာသွားကြပြီ။ အိမ်တွင် ဒေါ်အေးဘုံ၊ မောင်ဖုန်းနှင့် ရွှေစင်တုံးသာ ကျန်ရစ်သည်။

မောင်ဖုန်းသည် ကာလသား လူငယ်ခြေတက်ပီပီ ရွာထဲ



www.burmeseclassic.com

www.burmeseclassic.com


သို့ ခွပ်လက်ခွပ်တက်ရှာရန်သွေးရန် ညဦးပိုင်းထဲက ထွက်သွား ရာ ယခုချိန်ထိ နေအိမ်သို့ ပြန်ရောက်မလာသေးပေ။ ခပ်ဝေးဝေး တွင် ပုလွေမှုတ်သံနှင့် ဘင်ဂျိုသံကြားနေရသည်။ မာနရှင်ကို တီးခတ်နေခြင်းဖြစ်သည်။ "မာနရှင်ရယ် မုန်းဟန်မမူနဲ့ကွယ်" နေရာတွင် ကာလသားတွေဝိုင်းဆိုကြသည်မှာ တက်တက်ကြွကြွ ပင်။ ထိုဂီတဆည်းဆာ လရိပ်ပြာတွင် မောင်ဖုန်းရောက်နေပေလိမ့် မည်။ သူပါ ဝင်ရောယောင်ကာ သံပြိုင်အဖွဲ့ထဲ ပါနေကောင်း ပါနေပေလိမ့်မည်။

ဒေါ်အေးဘုံသည် ဘေးပြတင်းပေါက် တံလားတံခါးကို ထောက်ထားသော သစ်သားချောင်းကိုဖြုတ်ကာ တံခါးတစ်ချပ်ကို စေ့ပိတ်လိုက်စဥ်မှာပင် ခြံထဲသို့ဝင်လာသည့် ခပ်ဖွဖွခြေသံတစ်ခုကို ကြားလိုက်ရသည်။

မောင်ဖုန်းပြန်လာပြီလား။

× × ×

ဒေါ်အေးဘုံသည် မီးခွက်ကိုမြှောက်ကာ ခြံထဲဝင်လာ သည့်ခြေသံတစ်သံကြောင့် လှမ်းကြည့်သည်။ မောင်ဖုန်းမဟုတ်။

ကောင်မလေးတစ်ယောက်။ ဒေါ်အေးဘုံ အံ့ဩသွား သည်။

ကောင်မလေးသည် လွယ်အိတ်အနွမ်း အထုပ်ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ကာ ခြံရှေ့တံခါးဝတွင်ရပ်နေခြင်းဖြစ်သည်။ ကောင်မလေး ကိုမြင်လိုက်တော့ ဒေါ်အေးဘုံ တစ်ခဏငေးမောသွားသည်။ ရွှေစင်တုံးသည် ဆန်ပြာခြင်းကို ရပ်လိုက်သည်။ ကောင်မလေးသည် မဝံ့မရဲဝင်လာပြီဖြစ်သည်။

မီးရောင်မှိန်မှိန်အောက်တွင် မြင်လိုက်ရသည်က ချောမောလှပသော ကောင်မလေးတစ်ယောက်ဖြစ်သည်။ ကောင်မလေးကို ဒေါ်အေးဘုံ တစ်ကြိမ်တစ်ခါမျှပင် မြင်ဖူးခြင်းမရှိချေ။ တစ်ရွာသူသာဖြစ်မည်။ ကိုယ်လုံးကိုယ်ပေါက်လှလှနှင့် ဖိန်ဖိန်သွယ်သွယ်ကလေးဖြစ်ရာ အထူးခြားဆုံးမှာ ကောင်မလေး၏မျက်ဝန်းများပင်ဖြစ်သည်။ မျက်ဝန်းများသည် မီးရောင်မှိန်မှိန်အောက်မှာပင် ရွှန်းလက်နေကာ အရောင်ထွက်နေသကဲ့သို့ တောက်ရွှန်းလှပနေခြင်းပင်တည်း။

ရွှေစင်တုံးသည် ရုတ်တရက် ငေးကြောင်ကြည့်မိလျက်သား ဖြစ်သွားသည်။

"ဘယ်သူလဲ"

ဘယ်သူလဲဟူသော ပြိုင်တူမေးခွန်းသံသည် ကရုဏာဖြင့် တုန်ခါသွားခြင်းဖြစ်ပြီး ဒေါ်အေးဘုံကော ရွှေစင်တုံးဆီကပါ ထွက်ပေါ်လာသော အသံဖြစ်သည်။

"ကျွန်...ကျွန်...ကျွန်မ"

ကောင်မလေးသည် မျက်နှာငယ်ကလေးနှင့် ရပ်ရင်းကာ



www.burmeseclassic.com

www.burmeseclassic.com



အထိတ်တလန့်ဖြစ်နေပြီး မျက်ဝန်းများက ပြူးစက်နေသည်။ မိုးရေမိသော ငှက်ကလေးလို ကြောက်လန့်ကာ တုန်ခိုက်နေခြင်းဖြစ်သည်။

သူမ၏နှုတ်ခမ်းထူထူ ဖောင်းဖောင်းကလေးများက အလန့်တကြားဖြစ်နေကာ ဆတ်ခနဲတုန်ခါသွားသည်။ ထိုစဉ် ခြံပြင်ဘက်ဆီမှ နွားပေါက်ကလေးတစ်ကောင်၏ "ဘူးအဲ" အော်သံ ထွက်ပေါ်လာသည်။ ဒေါ်အေးဘုံသည် ကောင်မလေးမှလွဲ၍ မည်သည့်အရာမှ စိတ်မဝင်စားနိုင်။

"ဟဲ့...ဩော် လုံမလေး ညည်းက ဘယ်သူတုံး၊ ဘယ်ကိစ္စတုံး၊ ဘယ်ကလာတာတုံး"

မေးခွန်းများဖြင့် များပြားကာ ရှုပ်ထွေးသွားသည်။ ရွှေစင်တုံးက မိခင်ဘက်တစ်ချက်လှည့်ကာ...

"အမေရယ် မေးခွန်းတွေက များလိုက်တာ။ အိမ်ပေါ် ခေါ်ပါဦးအမေရဲ့။ အပြင်ဘက်ကြီးမှာ သူ့ခမျာ တစ်ယောက်တည်း မှောင်ကမှောင်ပါဘိသနဲ့"

ထိုအခါကျမှ ဒေါ်အေးဘုံသည် ညှိုသည်ကို အိမ်ပေါ်ခေါ်ရန် သတိရသွားကာ -

"အို...တော်ရေ ဟုတ်ပါရဲ့။ ဟဲ့...ဟဲ့ လုံမလေး အိမ်ပေါ်တက် အိမ်ပေါ်တက်။ အိမ်ပေါ်ရောက်မှပြော လာ...လာ...လာ...တက်အေ"

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ ကောင်မလေးသည် လွယ်အိတ်ကို ရင်ခွင်တွင် တင်းကျပ်စွာပွေ့ပိုက်ကာ အိမ်ပေါ်သို့ မဝံ့မရဲတက်လာသည်။ ရင်ဘက်ထဲက လွယ်အိတ်ကိုတော့ မည်သူ့ကိုမှစိတ်မချ မယုံကြည်သည့်အလား တင်းကျပ်စွာပွေ့ပိုက်ထားပြီး လက်ကမချချေ။

ဒေါ်အေးဘုံ၊ ရွှေစင်တုံး၊ သူစိမ်းသူရံကောင်မလေးသည် အိမ်ရှေ့ဖိနပ်ချွတ်ခုံနားတွင် ထိုင်လိုက်ကြသည်။ ဒေါ်အေးဘုံသည် ကောင်မလေးကို ခြေဆုံးခေါင်းဆုံး ကြည့်ရှုအကဲခတ်ကာ -

"ညကြီးမိုးချုပ်ပေါ့ လုံ့မရယ်။ အချိန်မဲ့အခါမဲ့ ဘယ်ကလာတာတုံး။ လာပုံကလည်း ထူးဆန်းလိုက်ပါဘိ။ ညည်းကိုတစ်ခါမှ မမြင်ဖူးပါကလား။ ပြောစမ်းပါဦး ဖြစ်ပုံပျက်ပုံ အလုံးစုံကို။ ကူညီသင့်တာ ကူညီရတာပေါ့"

ကောင်မလေးသည် ခေါင်းတစ်ချက်ငုံ့သွားသည်။ ရုတ်တရက် ဘာမှပြန်မဖြေနိုင်။ ကောင်မလေးသည် ရှက်နိုးဟန်ဖြင့် စကားတစ်ခွန်းတလေမှ ပြောမထွက်ခြင်းသာ ဖြစ်သည်။

"ကြီးကြီးရယ် ကျွန်မ ရှမ်းကွင်းကြီးကပါရှင်။ ဦးမြရှင် ဒေါ်သွင်ရဲ့သမီးပါ။ ဒီလိုပါကြီးကြီးရယ်။ ရှေ့မျက်နှာနောက်ထားပြီး ပြောရမှာပရှင်။ ဟိုညီမလေးလည်း သေသေချာချာနားထောင်ပါနော်။ တခြားမဟုတ်ပါဘူး။ ကြီးကြီးသား ကိုမောင်ဖုန်းနဲ့ ကျွန်မ လူငယ်ချင်း မေတ္တာမျှနေတာ နှစ်လသုံးလလောက်ရှိပါပြီအဲ..."



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး၏စကားပင် မဆုံးသေး။ ဒေါ်အေးဘုံသည် မျက်စိမျက်နှာပျက်ကာ ရွှေစင်တုံးကို လှမ်းကြည့်သည်။ ရွှေစင်တုံးသည် ဣန္ဒြေပျက်နေပြီ။ ဒေါ်အေးဘုံသည် နှုတ်ခမ်းကြီးကို တစ်ချက်တွန့်ရွဲ့လိုက်ကာ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

"ဖူး…ရှုပ်ကုန်ပြီ တကယ်ပါပဲကလား။ ရှုပ်ကုန်ပါပြီ အေရယ်"

ထိုအခါ ကောင်မလေးသည် အနည်းငယ် ရဲတင်းဟန်ပြလာပြီး စကားပြောအရှိန်ရလာကာ မျက်နှာကို ငံ့ထားလျက်ကပင် -

"အဲဒါ ကြီးကြီးသား ကိုမောင်ဖုန်းနဲ့မေတ္တာမျှပြီး သူကဆက်ထပ်ခွင့်တောင်းပါတယ်"

ဒေါ်အေးဘုံသည် မျက်လုံးကြီးပြူးထွက်၊ ရင်ဘတ်ကိုဆက်နှင့်ဖိထားသည်။

"ဘုရား…ဘုရား ကိုယ်ကျိုးတော့နည်းပါပေါ့။ ရွှေစင်တုံးရေ နင့်အစ်ကိုလုပ်ပုံကိုကြည့်ပါဦး။ ကောင်းသေးရဲ့လားလို့"

ကောင်မလေးသည် မျက်လုံးတစ်ချက် လှန်ကြည့်ကာ

"မယုံရင် ကိုမောင်ဖုန်းလာတော့ စစ်ဆေးမေးမြန်းကြည့်ပါ ကြီးကြီးရယ်။ ကျွန်မ အမှန်အတိုင်း ပြောဆိုရတာပါ။ မလိမ်ပါဘူး။ ကျိန်ဆိုရင် ကျိန်ပြပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးဘုံ ခေါင်းကို ခါယမ်းကာ လက်ကာပြသည်။ ရွှေစင်တိုးသည် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ ရှက်ကိုးရှက်ကန်း အယောင်ယောင်အမှားမှားဖြစ်နေလေသည်။

"အစ်ကိုကတော့လေ ခက်ပါတယ်။ ဘာတွေလျှောက်လုပ်နေမှန်းမသိဘူး။ ဩော်…အစ်မရေ ဒီလိုရှိပါတယ်။ နားနှင့်မနာ ဖဝါးနှင့်သာ နာပါတော့နော်။ ကိုမောင်ဖုန်းမှာ ချစ်သူရှိတယ်ရှင့်။ ဒီတစ်မိုးကုန်ရင် မင်္ဂလာဆောင်မှာ"

ကောင်မလေးသည် မျက်နှာတစ်ချက်ပျက်သွားကာ ဘုရားတလိုက်သည်။ ထို့နောက် "ကျွန်မ တကယ်မသိပါဘူးရှင်။ ဒီလိုချစ်သူတွေဘာတွေ ရှိရင်တော့ ကိုမောင်ဖုန်းက လျော့နှစ်ဖက်နင်းတာပဲရှင်။ ခက်တော့တာပါပဲ။ သူလာမှ စာရင်းပြတ်ရှင်းရတော့မှာပဲ"

ထိုအခါ ဒေါ်အေးဘုံသည် ထိတ်ထိတ်ပျာပျာဖြစ်သွားကာ-

"လုံမရယ်…စာရင်းရှင်းရင်လည်း တိုးတိုးသက်သာပြောပြပါအေ။ ပြေပြေလည်လည်လုပ်ကြပါနော်။ မောင်ဖုန်း…မောင်ဖုန်း တော်တော်ဒုက္ခပေးပါလားနော်။ ဒီလိုလုံမရေ…ကလရပ်ရွာက မိစမ်းဆိုတဲ့ကောင်မလေးနဲ့ သူတို့ချင်း ချစ်ကြိုက်ကြတာ သုံးနှစ်လောက်ရှိပြီ။ ဒီနွေကုန် ဟုတ်ပေါင် သီတင်းကျွတ်ရင် မင်္ဂလာဆောင်ပေးမယ်လို့ လူကြီးချင်း သဘောတူပြော



www.burmeseclassic.com

www.burmeseclassic.com



ဆို ကြောင်းလမ်းပြီးသား လုံမရဲ့။ လုံမနဲ့မောင်ဖုန်း ဘယ်လိုက ဘယ်လို တွေ့ကြတာတုံး”

“ဖျာပုံဈေးထဲမှာ တွေ့ကြတာပါရှင်။ ဈေးဝယ်ရင်း ဆုံကြတာပါ”

ဒေါ်အေးဘုံသည် သက်ပြင်းရှည်ကြီးတစ်ချက်ကိုချရင်း ရွှေစင်တုံးကို ငေးကြည့်နေ၏။

“သမီးရေ ဒီကောင် ဖြူဖျော်ကောင်ပဲ ကြည့်စမ်း။ မျက်နှာတော်တော်ပြောင်တဲ့ကောင်ပါလား။ မိစမ်းကိုလည်း ဒီတစ်မိုးထွန်ရင် လက်ထပ်ပေးဖို့ ကတိပေးပြီးပြီ။ ဒီမှာလည်း တစ်ယောက်ကို ဘယ်လိုတွေ့ပြီး မိန်းမခိုးလာပါလိမ့်။ ငါ့နှယ်နော် သေသာသေလိုက်ချင်ပါတော့တယ်အေ”

ရွှေစင်တုံးသည် ရှေ့သို့ အနည်းငယ်ငုံ့ကိုင်းကာ တိုးသက်သာလေသံမျှဖြင့် ....

“အစ်မက ကိုမောင်ဖုန်းနောက်ကို လိုက်လာတယ်ဆိုပါတော့”

ကောင်မလေးသည် ရှက်စနိုးဟန်ဖြင့် ဦးခေါင်းကိုငုံ့ထားသည်။ နှုတ်ကမဖြေ။

“ဩော်...အစ်မနာမည်ပြောပါဦး”

“ငွေဝါ”

ရွှေစင်တုံးသည် မျက်လုံးကလေးပိုင်းစက်သွားကာ



www.burmeseclassic.com

www.burmeseclassic.com



"အို…အစ်မနာမည်ကလေးက ချစ်စရာ။ ရုပ်ကလေးက သာတောင်လှသေး"

ဒေါ်အေးဘုံသည် ရွှေစင်တုံးကို မျက်စောင်းတစ်ချက်ထိုးလိုက်သည်။

"ညည်းနှယ်အေ…ဒီလောက်ပြဿနာတက်ပြီး မအေခေါင်းမီးတောက်နေတာတောင် နာမည်လှတာတို့၊ ရုပ်ရည်လှတာတို့ စစ်တမ်းထုတ်နိုင်သေးရဲ့။ ခက်လှပါလား။ ဘယ်လိုဆက်လုပ်ရမလဲဆိုတာ ကူပြီးစဉ်းစားဦးဟဲ့"

ရွှေစင်တုံးသည် ခစ်ခနဲ တစ်ချက်ရယ်မောလိုက်သည်။

"အမေရေ…ကျွန်မတော့လေ မိစမ်းလို အာကြမ်းလျှာကြမ်း ရွာကျော်ရပ်ကျော်နဲ့ သိပ်သဘောမကျဘူး။ ရှင်းရှင်းပဲပြောတာနော် အမေ။ အမေ ကြိုက်ချင်ကြိုက်၊ မကြိုက်ချင်နေ ကျွန်မကတော့ ဟောဒီမမငုဝါကို မြင်မြင်ချင်းချစ်တယ်။ နာမည်ကလေးကလည်းလှ၊ ရုပ်ရည်ကလေးကလည်း ပြောစရာမရှိ။ ကြည့်စမ်းပါဦးအမေရယ်။ ဟိုအငြိမ့်မင်းသမီးလေး လေဘာတီမြရင်နဲ့ မတူဘူးလားဟင်။ အမေ ချောလိုက်ပါဘိနော်"

ဒေါ်အေးဘုံသည် စိတ်ညစ်၍ သေချင်စိတ်ပေါက်နေရသည့်အထဲ သမီး၏ချီးမွမ်းခန်းကို မကြားချင်ကြားနေရပြန်သည်။ ထို့နောက် နားစွန်နားဖျားဖြင့်….

"စိတ်ညစ်ရတဲ့အထဲ ဘာရယ် လေးဖက်ကြီးမြရင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တူတယ် ဟုတ်လား"

ရွှေစင်တုံးသည် ဒေါ်အေးဘုံစကားဆုံးသည်နှင့် မျက်နှာမော့လှန်၍ ခွက်ထိုးခွက်လန်ရယ်လေသည်။ ဗိုက်နှိပ်၍ရယ်သည်။

"ဟား…ဟား…ဟား…ဟီး…ဟီး…ဟီး အမေ့နယ် တော်တော်ခက်ပါတယ်။ လေးဖက်ကြီးမမြရင်မဟုတ်ဘူးအမေ။ ဘေဘာတီမမြရင် လေဘာတီမမြရင် လေးဖက်ကြီးမမြရင်မဟုတ်ဘူး။ အမေ့နယ်နော် ဟီး…ဟီး…ဟီး လေးဖက်ကြီးမမြရင်တဲ့။ ဟား…ဟား…ဟား"

ကောင်မလေးကပါ ပြုံးစေ့စေ့ဖြစ်သွားသည်။ ထို့နောက် ဒေါ်အေးဘုံသည် ကောင်မလေးဆီသို့ အာရုံရောက်သွားပြီး…

"ကဲ…ခုမှတော့ မထူးပါဘူး။ မီးစင်ကြည့်ကရဲတော့ မှာပဲ။ ကဲ…ပြောပါဦးလုံမရေ။ မောင်ဖုန်းနဲ့ညည်းနဲ့ ဘယ်လိုဆုံတွေ့ပြီး ဖြစ်လာကြသလဲဆိုတာ ဇာတ်စုံခင်းပါဦး"

ဒေါ်အေးဘုံသည် ကောင်မလေးကို တစ်ချက်ငဲ့ကြည့်ရာ ရေနံဆီမီးခွက်မှ မှိုင်းတွေဝလာသဖြင့် လက်ဖြင့်ဖယ်ထုတ်ရင်း မီးစာကို မြှင့်လိုက်သည်။ ကောင်မလေးသည် အိမ်ခါးပန်းကို ကျောမှီရင်း ခေါင်းငုံ့၍ပြောသည်။ ခေါင်းကိုမမော့။ ရှက်နေခြင်းဖြစ်သည်။

"ဒီလိုပါကြီးကြီး။ ကိုမောင်ဖုန်းက ကျွန်မကိုခိုးလာတာ ပါ။ ကျွန်မက ဒီလိုဆိုရင် လှုပ်ကိုင်စားသောက်ဖို့ ရွှေတိရွှေစ

www.burmeseclassic.com



အရင်းနှီးကလေးနဲ့ငွေကလေးနည်းနည်းပါးပါး လွယ်အိတ်ထဲမှာ ထည့်လာမိပါတယ်ကြီးကြီးရယ်။ နွားပေါက်ကလေးတောင်ပါရဲ့"

ဒေါ်အေးဘုံရော ရွှေစင်တုံးပါ မျက်လုံးပြူးသွားသည်။ သူတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း လမ်းမဘက်သို့ ကဲ၍ကြည့်လိုက်ကြလေသည်။

"ဘယ်မှာလဲအေရယ်။ လုံမရဲ့ ညည်းနွားပေါက်ကလေး ဆိုတာ"

ရွှေစင်တုံးက ရွာလမ်းမသို့ ထွမ်းငေးရင်း...

"ဟုတ်ပါရဲ့ မမငုဝါ။ နွားပေါက်ကလေး မတွေ့ပါလား ဟင်"

"ပါပါတယ်ညီမလေးရဲ့။ ခြံပြင်မှာ ကြိုးချည်ထားခဲ့တယ်"

ဒေါ်အေးဘုံသည် နှုတ်ခမ်းတစ်ချက်စူလိုက်ပြီး မကျေနပ် ဟန်ဖြင့်...

"လုံမနှယ်အေ လင်နောက်လိုက်လာတာ နွားပါယူလာ ခဲ့ရသလားဟယ်။ ကျားသားမိုးကြိုး"

ကောင်မလေးသည် အသံကိုမြင့်ကာ ခပ်တိုးတိုးပြန်ဖြေ သည်။

"နွားကလေးက ကျွန်မကို အရမ်းချစ်တာ ကြီးကြီးရဲ့။ ကျွန်မကို မျက်စိအောက်က အပျောက်ခံတာ မဟုတ်ဘူးနော်။ ကျွန်မ အစာကျွေးမှ၊ ရေတိုက်မှ စားတာသောက်တာ။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ခိုးရာလိုက်လို့ သူ့ကိုထားခဲ့ရင် သေရှာမှာပါပဲ။ ဒါကြောင့် သနားပြီး လင့်နောက်ကို ခိုးရာလိုက်ပြေးတာတောင် ကျွန်မမှာ နွားကလေးကို အပါခေါ်လာရတာပေါ့ ကြီးကြီး''

ရွှေစင်တုံးနှင့် ဒေါ်အေးဘုံသည် မှောင်မိုက်နေသော ခြံအပြင်ရွာလမ်းမဆီသို့ လှမ်းငေးမျှော်ကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြပြန်လေသည်။ ရုတ်တရက် နွားပေါက်ကလေးအော်သံ ထွက်ပေါ်လာသည်။

''နွားကလေးကို ခြံအပြင်ထောင့်က သစ်ပင်မှာ ကြိုးလှန်ထားပါတယ်ကြီးကြီး…ရှိပါတယ်''

ထိုအခိုက် နွားကလေး၏ ဘူးခနဲမြည်သံ ထွက်ပေါ်လာပြန်လေသည်။ ထိုစဉ် ရွာစပ်ရှိ တဲအိမ်မှ ခွေးတွေအူသံထွက်ပေါ်လာသလို ကြောင်တစ်ကောင်၏ ဒေါသတကြီး မာန်ဖီသံပါ ဆက်တိုက်ကြားနေရပြန်လေသည်။

ဒေါ်အေးဘုံသည် ကောင်မလေးလက်ကမချွတဲ ရင်ခွင်တွင် ပွေ့ပိုက်ထားသော လွယ်အိတ်ကိုတစ်လှည့်၊ ရွှေစင်တုံးကိုတစ်လှည့်စီ ကြည့်ကာ…

''နေပါဦးလုံမရဲ့ ညည်းက ဘာပစ္စည်းတွေပါသတုံး''

''ရွှေတိုရွှေစ ဆွဲကြိုး၊ လက်ကောက်နဲ့ မျက်နှာချေပေါင်ဒါမှုန့်၊ သနပ်ခါးတုံးကလေးတစ်တုံးတလေပေါ့ကြီးကြီး''

ဒေါ်အေးဘုံသည် ငြိမ်သက်တိတ်ဆိတ်သွားပြန်သည်။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်တုံးသည် ရုပ်ရည်သန့်ပြန့်ချောမောလှပသော တစ်ရှာသူ မိန်းကလေးကို ယခုမှမြင်ဖူးပါလျှက်ပင် ချက်ချင်းဆိုသလို တွယ်တာခင်မင်သွားမိသည်။ ယောက်မတော်ချင်စိတ် ပေါက်သွား၏။ မိဘချင်းပြောဆိုပြီးပြီဖြစ်သော တစ်ရှာသူ ကလရုပ်သူမိစမ်းကို စိတ်မတွေ့တော့ပေ။ မိစမ်းနှင့် ယခု ငုဝါကို နှိုင်းယှဉ်ကြည့်ပါက ဆီးသီးစေ့နှင့် မြင်းမိုရ်တောင်လို ကွာခြားနေပုံရသည်။ ထင်နေသည်။ မိစမ်းက အာကြမ်းလျှာကြမ်း ရှာကျော် အော့ကြောလန်။ ရုပ်ကလည်း ရွက်ကြမ်းရေကျို။ ရွှေစင်တုံးသည် မိစမ်းကို ချက်ချင်း အမှတ်လျှော့ပစ်လိုက်သည်။ ဟောဒီ ငါဝါဆိုသော မမနှင့် ကိုမောင်ဖုန်းသာ လက်ဆက်လိုက်ရလျှင်...

ရွှေစင်တုံးသည် ကြိတ်၍ပြုံးလိုက်ပေသည်။ ဒေါ်အေးဘုံကတော့ ရိုးသားသောတောသူပီပီ ကတိမပျက်ချင်။ မျက်နှာပျက်ရမည့်ကိစ္စကို လက်မခံနိုင်ပေ။ ယခုတော့ သားတော်မောင် မောင်ဖုန်းသည် လှေနံနှစ်ဖက်နင်းကာ ဓာတ်ရှုပ်တစ်ခုကို စတင်ပြီမဟုတ်ပါလား။

"ကဲပါလေ...ဓာတ်စုံခင်းပါဦး"

"အမေရယ် အစ်မဖြည်းဖြည်းပြောပါစေ။ ရှက်လို့ ခက်နေပါ့မယ်"

ဒေါ်အေးဘုံသည် မှိုင်းဝနေပြီဖြစ်သော မီးခွက်ကို ညှိုးယောက်ကြားသို့ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါကြီးကြီး။ ခုညနေကမှ မောင်ဖုန်းနဲ့တိုင်ပင်နှီး နှောပြီး ကျွန်မ ရွာကနေ လူကြီးတွေမသိအောင် ခိုးထွက်လာတာ ပါ။ ကိုမောင်ဖုန်းကတော့ ရွာပြင်က စောင့်နေရစ်ချည်ပေါ့။ ဒါနဲ့ နှစ်ယောက်အတူ နွားကလေးဆွဲပြီး ထွက်လာကြတော့ ဒီ ရွာရဲ့သုသာန်နားရောက်တော့ မိန်းမခိုးလာတာ အိမ်ကလူကြီးတွေ သိရင် ငါ့ကို ပြသနာရှာတော့မယ်တဲ့။ လောလောဆယ် ငါလိုက် လို့မဖြစ်သေးဘူး။ ညဦးနက်မှ ငါနောက်က လိုက်လာခဲ့မယ်ဆို တာနဲ့ ကျွန်မ ရှေ့က ထွက်ခဲ့တာပါပဲရှင်"

"သူက ဘယ်ဆီနေခဲ့တာတုံး"

"ရွာနှစ်ရွာကြားက သုသာန်မှာပါကြီးကြီး"

"ဟိုက်"

ဒေါ်အေးဘုံသည် ဟိုက်ခနဲမြည်ကာ နဖူးကို လက်ဝါး ဖြင့်ရိုက်သည်။ ကြမ်းပြင်ကို လက်သီးဖြင့်ထုလေသည်။ ရွှေစင် တုံးသည် "ဘုရားရေ" ဟုတကာ မျက်နှာပျက်နေသည်။

"အစ်ကိုကတော့ ချောက်ကျပြီ။ သေတော့မှာပဲ။ ဒီ လောက်တောင် မြေကြမ်း၊ ရေကြမ်း၊ အခြောက်အလှန့်ကြီးနေတဲ့ သချိုင်းထဲမှာ နေရစ်သတဲ့။ ကျားသားမိုးကြိုးဆိုပါတယ်တော်ရေ။ တယ်သတ္တိကောင်းပါလား။ အစ်မငုဝါရေ...အဲဒီမှာ ခုတလော နေဝင်ရီတရော မှောင်လုမှောင်ခင်ဖြစ်နေတဲ့ကာလများမှာများ ခေါင်းတလားသရဲတစ်ကောင် သောင်းကျန်းနေတယ်တော်ရေ။



www.burmeseclassic.com

www.burmeseclassic.com



သတိသာထားနေကြတော့။ လူသေခေါင်းကြီးကို ခေါင်းပေါ်ရွက် လို့ရွက်၊ ပခုံးပေါ် ထမ်းလို့ထမ်းနဲ့။ သရဲကြီးတစ်ကောင် အချိန်မ တော် ဖြတ်သွားဖြတ်လာတွေကို လိုက်ပြီးခြောက်လှန့်နေတာ။ တစ်လလောက် ရှိပါပကော။ ကြောက်စရာကြီး။ ဖျားတဲ့သူ နာ တဲ့သူတွေလည်း အများပေါ့ မမင့်ဝါ။ အစ်ကိုမောင်ဖုန်းရယ် ခက်ပါလား။ တယ်သတ္တိကောင်းနေပါလား။ ဗန္ဓုလသွေးထင်ပါ့။ မိဘကိုကြောက်ရင် ရွာထဲတစ်နေရာမှာ ပုန်းနေလို့မဖြစ်ဘူးလား။ ခုများတော့ ရွာနှစ်ရွာကြားက သရဲခြောက်ပါတယ်ဆိုတဲ့ သချိုင်း မှာ ပုန်းနေရသတဲ့တော်။ အံ့ပါ့…အံ့ပါ့"

ရွှေစင်တုံးသည် မကျေမနပ်ဖြစ်ကာ တဖျစ်တောက် တောက် ဆိုပြောပြောနေပေသည်။ ကောင်မလေးက ငြိမ်သက် လျှက်။ မည်သည့်စကားမှမဆို။ ခေါင်းကိုသာ ရှက်စနိုးဖြစ်လှ ဟန်နှင့် ငုံ့ထားမြဲ။ ရှက်ရွံ့နေမြဲ။

"ကဲ…ရွှေစင်တုံး ဒီလိုထိုင်နေလို့ဖြင့် မပြီးပေဘူးတဲ့။ တစ်ခုခုလုပ်ကြမှ။ ဟိုကောင် ဓာတ်ရှပ်ကောင်မောင်ဖုန်းလည်း ခလာသေးဘူး။ ဒီလိုလုပ်ကြမယ်အေ"

"ပြောပါ ကြီးကြီး"

ဒေါ်အေးဘုံသည် အနည်းငယ် စဉ်းစားဟန်ဖြင့် နှုတ်ခမ်း တစ်ချက် စူလိုက်သည်။

"ဒီလိုလုပ်ကြမယ်အေ။ မကောင်းဘူးလား ငါ့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျား သူကြီးကိုသာဖြောလည်း မရှိဘူး။ ဖျာပုံမြို့နယ်က ဆင့်ခေါ်လို့ မနက်ကပဲ လှေတစ်စီးနဲ့ သမက်နဲ့အတူတူ သွားလေရဲ့။ ဒီတစ်ညတော့ လုံမလေး သမီးရွှေစင်တို့အခန်းထဲမှာ အိပ်တော့။ ညည်းပစ္စည်းတွေလည်းယူထား။ ပြီးတော့ ခြံပြင်က နွားကလေးကိုလည်း ခြံထဲသွင်းပြီး နှင်းပန်းပင်အောက်မှာ ချီထားကွယ့်။ ဟုတ်ပြီလား"

"ဟုတ်ပါပြီ ကြီးကြီး"

"ဒီတစ်ညတော့ ဒီလိုပဲ စခန်းသွားကြတာပေါ့။ မနက်မိုးလင်း ကိုသာဖြောလာမှ စီစဉ်စရာရှိတာ စီစဉ်ရတာပေါ့အေ။ လုံမလေး မနစ်နာစေရပါဘူး။ နာမည်လည်း မပျက်စေရပါဘူး။ စိတ်ချ စိတ်ချ။ တို့က မျိုးနဲ့ရိုးနဲ့ ဆွေကောင်းမျိုးကောင်းအေ့။ ဟို...ရွှေပ်ကောင်မောင်ဖုန်းသာ ဆွမ်းဆန်ထဲ စပါးလုံးရောနေတာ။ ဪ...ဒါတောင် လုံမလေး ရွာထဲဝင်လာတော့ ဘယ်သူတွေမြင်ကြသတုံး"

"ဘယ်သူမှ မမြင်လောက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နေရောင်ပျောက်ပြီး မှောင်နေပါပြီရှင်။ ရွာလမ်းမမှာလည်း ဘယ်သူမှ ဖြတ်သွားဖြတ်လာတောင် မရှိပါဘူး။ ကျွန်မလည်း နွားကလေးဆွဲခေါ်၊ လွယ်အိတ်ကလေး ရင်ခွင်ထဲပွေ့ပိုက်ပြီး ကိုမောင်ဖုန်းညွှန်ပြခဲ့တဲ့ ဒီအိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတော့တာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ ဒေါ်အေးဘုံသည် ပင့်သက်ကိုမ၍ ရင်ကိုချသည်။

"တော်ပါလေ့။ ကျူပ်တော်ပါလေ့။ ကဲ…ကဲ ခြံပြင်က နွားကလေး အထဲသွင်းဖို့လုပ်ကြချေကွဲ့။ လုံမလေး အောက်ဆင်း နွားကလေးကို ခြံထဲသွင်း"

"ဟုတ်ကဲ့ အမေ"

"ဟုတ်ကဲ့ ကြီးကြီး"

ရွှေစင်တုံးတို့ မီးခွက်ကိုင်ကာ ခြံပြင်သို့ဆင်းသွားကြပြီး နွားကလေးကိုခေါ်ကာ ခြံထဲသွင်း မြက်ခြောက်၊ ကောက်ရိုးပုံကာ ရေခွက်ပါ ချပေးထားပြီး အိမ်ပေါ်ပြန်တက်လာကြသည်။

ညကား တဖြည်းဖြည်း နက်ရှိုင်းထူထဲစပြုလာပေ၏။ တစ်ရွာလုံး ထူးထူးခြားခြား တိတ်ဆိတ်နေသည်မှာ ချောက်ချားစရာတစ်မျိုး ကောင်းလှသည်။

"ကဲ…လုံမလေး၊ ရွှေစင်တုံးအခန်းထဲမှာ သွားအိပ်ချင် အိပ်နေနော်။ တို့သားအမိနှစ်ယောက်ကတော့ ဟိုလေ့နှစ်ဖက်ခွတဲ့ ကောင်ကိုစောင့်ပြီး ပြောရဆိုရ မေးမြန်းရဦးမယ်ကွယ်။ ခက်လှပါ သကွယ်။ ဒီလို ဗရုတ်သုတ်ခကောင်မျိုး တစ်ဆွေလုံးတစ်မျိုးလုံး မှာ မရှိပါဘူးဟယ် အေ"

"အမေရေ မြည်တွန်တောက်တီးနေလို့ဖြင့် မပြီးပေဘူး နော်။ ကိုမောင်ဖုန်းပြန်အလာကိုစောင့်ပြီး ပြောရဆိုရဦးမပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အော် မငုဝါ မမလည်း စိတ်သောကတွေနဲ့ တစ်နေ့ကုန်ပင်ပန်းထားပုံရတယ်။ အိပ်ချင်အိပ်လိုက်ပါလား။ ကျွန်မ ခြင်ထောင်ထဲဝင်အိပ်နော် မမငုဝါ”

ထိုအခါကျမှ ကောင်မလေးသည် ခပ်သွက်သွက်ခေါင်းညိတ်ကာ···

“ကျေးဇူးကြီးလှပါဘိ ကြီးကြီးနဲ့ ညီမလေးတို့ရယ်။ ကျွန်မ တကယ်ပဲ စိတ်ပန်းလူပန်းလှပါပြီ။ စောစောကလေး အိပ်ပါရစေ”

“ကဲ···ရွှေစုင်တုံးရေ၊ လုံမလေးကို အိပ်ခန်းထဲလိုက်ပို့လိုက်ချေ။ ငါကတော့ ဟိုကောင်ကို စောင့်ရဦးမယ်”

“ဟုတ်ကဲ့အမေ။ လာမမငုဝါ။ မမ အရင်အိပ်နှင့်။ ကျွန်မတို့ကတော့ ကိုမောင်ဖုန်းကို စောင့်ရဦးမယ်”

“ဟုတ်···ဟုတ်···ဟုတ်ကဲ့”

× × ×

လရောင်ရှိသောကြောင့် ရွာကလေးသည် လင်းလင်းဆင်းထင်းရှိနေခြင်းဖြစ်သည်။ လရောင်မဲ့သော ညများ၌ကား ကြောက်မက်ဖွယ်အဆင်းဖြင့် ငြိမ်သက်နေတတ်သည်။ ဖြူလင်းသောလရောင်ကို အမှီပြုကာ ညဘက်ခရီးသွားတတ်သည့် လှည်းယာဉ်များတော့ရှိသည်။ ဒါကလည်း ရံဖန်ရံခါမျှသာပင်။



www.burmeseclassic.com

www.burmeseclassic.com



ညဥ့်ပျော်ငှက်များ ရွာထဲမှ ငပေငတေများကတော့ ညဥ့်ဆယ့်နှစ်နာရီ တစ်နာရီထိုးသည့်တိုင် အိပ်စက်ခြင်းရှိဟန်မတူဘဲ တစ်နေရာတွင်စုဝေးရင်း အရက်သောက်၍သော်လည်းကောင်း၊ စကားစမြည်ပြော၍သော်လည်းကောင်း အချိန်ဖြုန်းတတ်ပေသေးသည်။

ညကား တစ်စတစ်စ မှန်ရီအေးစက်လာသည်နှင့် အအေးဓာတ်ပိုလာသည်။ ရွာကလေး၏ ခေါင်းပေါ်မှ တစ်ခါတစ်ရံဖြတ်၍ပျံသန်းသွားသော လင်ကောင်ပိုးငှက်၏ စီးခနဲမြည်သံကသာ အေးချမ်းသာယာသည့် ရွာကလေးကို ရုတ်တရက် လှန့်နှိုးလိုက်သလို ရှိပေသည်။

သူကြီးအိမ်တွင်ကား ဒေါ်အေးဘုံတို့သားအမိသည် မီးခွက်တစ်လုံး နှစ်ယောက်ကြားသို့ချကာ တိတ်ဆိတ်စွာထိုင်နေကြပေသည်။ သားအမိနှစ်ယောက်သည် စိတ်လှုပ်ရှားခြင်းကြီးစွာဖြင့် အိပ်စက်ခြင်းမပြုနိုင်ဘဲ မောင်ဖုန်းပြန်အလာကို စောင့်မျှော်နေကြခြင်းဖြစ်သည်။

မောင်ဖုန်း၏ အရိပ်အရောင်ပင် မမြင်ရသေးချေ။ ဒေါ်အေးပုံသည် တောက်တခေါက်ခေါက်ဖြစ်ကာ ဒေါသထွက်လျက်ရှိသည်။ ရွှေစင်တုံးသည် မျက်စိမျက်နှာပျက်ကာ စကားမဆိုဘဲ ငြိမ်သက်နေပေသည်။

"တော်တော်ကို မသိဆိုးဝါးနိုင်လှတဲ့ သားဝါပါ



www.burmeseclassic.com

www.burmeseclassic.com



ကလား။ သမီး ခုထိျပန္မလာေသးဘူး။ ငါဘာလုပ္ခဲ့သလဲ၊ ငါ ဘာျဖစ္မွာလဲ မစဥ္းစားတဲ့ေကာင္ပဲ သမီးေရ။ တစ္ဖက္မွာလည္း သီတင္းကၽြတ္ရင္ မဂၤလာေဆာင္ဖို႔ေျပာထားၿပီးၿပီ။ ခု မိန္းမတစ္ေယာက္ခိုးလာတယ္။ မိဘမ်က္ႏွာတင္မကဘူး တစ္ေဆြလုံးတစ္မ်ိဳးလုံးကိုပါ အရွက္ခြဲတဲ့ ေမာင္ဖုန္းပဲ”

ေဒၚေအးဘုံသည္ ဗ်စ္ေတာက္ဗ်စ္ေတာက္ မေက်နိုင္မခ်မ္းနိုင္ေျပာေနေပသည္။ ညဥ့္ကား နက္လွၿပီ။ သက္ႀကီးေခါင္းခ်ိဳန္။

ထိုစဥ္ ၿခံေရွ႕တြင္ ေယာက္်ားကေလးအုပ္စု၏ ဆူဆူညံညံအသံကို ၾကားလိုက္ရသည္။ ေယာက္်ားကေလး ေလးငါးေျခာက္ေယာက္၏ အလုအယက္ စကားေျပာလိုက္သံပင္ ျဖစ္သည္။ ဆူဆူညံညံ အသံဗလံမ်ားသည္ ၿခံေရွ႕ေရာက္ေသာအခါ အရွိန္တန႔္သြားေလသည္။

“ေဒၚေလးေရ ေဒၚေလး”

ေဒၚေအးဘုံသည္ မီးခြက္ကိုျမႇင့္ကာ...

“ဟဲ့...ဘယ္သူေတြတုံး”

“ကၽြန္ေတာ္တို႔ပါ ေဒၚေလး”

“ဟဲ့...အရိုန္မေတာ္”

ၿခံ၀မွ ျပန္၍ေအာ်ဟစ္သံ။

“ဒီမွာ ကိုေမာင္ဖုန္းကိုလာေခၚပါဦး”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...မောင်ဖုန်း ဘာဖြစ်သတုံး"

"လာပြီဗျို့ လာပြီ"

ခြံပြင်မှ လူစုလူဝေးဖြင့် ပြောဆိုသံများကြားတွင် လူအုပ်စုသည် တစ်စုံတစ်ယောက်ကို တွဲယူခေါ်လာသည်ကို လရောင်အောက်တွင် တလှုပ်လှုပ်တရွရွ တွေ့လိုက်ရပေသည်။ ထိုအခါ ဒေါ်အေးဘုံနှင့် ရွှေစင်တုံးသည် ထိုင်နေရာမှ ပျာပျာသလဲထရပ်လိုက်ကြကာ ဝင်လာသော လူစုလူဝေးထဲတွင် ဦးခေါင်းကြီးလည်လျှက် ခွေယိုင်၍ပါလာသော မောင်ဖုန်းကို တွေ့လိုက်ရပေသည်။ မောင်ဖုန်းသည် ခြေထောက်ပင် ကောင်းစွာမထောက်နိုင်ဘဲ မြေကြီးနှင့်ဒယဉ်တိုက်၍ ပါလာခြင်းဖြစ်သည်။

"အမလေး...ဘုရား...ဘုရား"

"အမေ လုပ်ပါဦး အစ်ကိုဘာဖြစ်သလဲမသိဘူး"

သားအမိနှစ်ယောက်သား အိမ်အောက်သို့ လွှားခနဲခုန်ဆင်းကာ မောင်ဖုန်းကို တွဲခေါ်ယူကြသည်။

"ဘယ်လိုဖြစ်လာတာတုံး ပြောကြပါဦးကွယ်"

လူအုပ်ထဲမှ တစ်ယောက်က မောင်ဖုန်းကို အိမ်ပေါ်တွင် နေရာချပေးသည်။ မောင်ဖုန်းကား စကားမပြောနိုင်သေး။ အိမ်ရှေ့ဘုရားကျောင်းဆောင်အောက်တွင် ဖျာကြမ်းတစ်ချပ်ပေါ်တွင် ပက်လက်အနေအထားဖြင့်...

ရွှေစင်တုံးသည် ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



မီးခွက်ကိုမြင့်ကာ မောင်ဖုန်းမျက်နှာကို သေသေချာချာကြည့်သည်။ ရွာထဲမှ ကာလသားတွေ ဝိုင်းနေကြသည်။

"အမေ အစ်ကိုတော့ တစ်ကိုယ်လုံးပေပွပြီး မှုးရောင်နေပါလား။ ကျောကုန်းမှာလည်း ဖနောင့်ရာကြီး ကြောက်စရာကြီး အမလေး"

ဒေါ်အေးဘုံသည် ငိုမလို၊ ရယ်မလိုဖြစ်နေကာ သားအတွက် မိခင်တို့၏ စိုးရိမ်သောကစိတ်အတိုင်း ခြေမကိုင်မိလက်မကိုင်မိဖြစ်နေရှာပေ၏။

"မသေကောင်းမပျောက်ကောင်းအေ။ ဘယ်လိုဖြစ်လာတာတုံး။ ရန်ဖြစ်လာလား။ ဒါမှမဟုတ် အရက်မူးပြီး ချော်လဲလာသလား ပြောစမ်း"

မောင်ဖုန်းသည် မည်သည့်စကားမျှ မဆိုနိုင်သေး။ ညည်း ညူ၍သာနေသည်။

"ကျော်နုရယ် ဖြစ်ကြောင်းကုန်စင်ကလေး ပြောပြစမ်းပါ။ ဘယ်လိုဖြစ်လာတာလဲဆိုတာကို"

ကျော်နုသည် အိမ်ရှေ့ကွပ်ပျစ်တွင် ဝင်ထိုင်ရင်း...

"ဒီလို ဒွေးလေးရေ ဒီလို။ ကျုပ်တို့ ရှမ်းကွင်းကြီးရွာမှာ မင်္ဂလာဆောင်ရှိလို့ သွားပြီးကူညီလုပ်ကိုင်ပေးကြတာပါ။ ဒီရွာက ကာလသားတွေ ရှစ်ယောက်လောက်ပေါ့။ ပထမတော့ မင်္ဂလာဆောင်မှာ အိပ်ဖို့ပါပဲ။ ဒါပေမယ့် ကျွန်တော်က စိတ်ပြောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



မနက်မှလာတော့မယ်ပြောပြီး ထွက်လာကြတာ။ အားလုံး ယောကျ်ားလေးချည်းရှစ်ယောက်လောက်ဆိုတော့ ကြောက်စရာ မလိုဘူးလေ။ ဒါနဲ့ သင်္ချိုင်းနားကဖြတ်ပြီး ပြန်လာကြတာပါ ဒွေးလေး။ သင်္ချိုင်းစပ်နားရောက်တော့ လရောင်ဖွေးဖွေးအောက်မှာ လူတစ်ယောက် ညည်းညူပြီးလဲနေတာတွေ့တော့ သွားကြည့်ကြ တော့ ကိုမောင်ဖုန်းဖြစ်နေတယ်။ သတိမရတစ်ချက် ရတစ်ချက် ပဲ။ ရန်ဖြစ်သလား ဒါမှမဟုတ် ခေါင်းတလားသရဲပဲ လည်ကုပ်ခွ စီးပြီး အတီးခံရသလားဆိုတာ မသိရဘူး။ ဒွေးလေး ကိုမောင် ဖုန်း အဲဒီနေရာကို အချိန်မတော် ဘယ်လိုဘယ်ပုံရောက်နေတယ် ဆိုတာ သူသတိလည်ပြီး ပြောနိုင်ဆိုနိုင်မှပဲ မေးမြန်းစုံစမ်းရစ်ပါ တော့။ ကျုပ်တို့တော့ အိပ်ချင်လှပြီ။ ပြန်လိုက်ဦးမယ် ဒွေးလေး"

ရွာခံလူငယ်တွေက ပြောပြောဆိုဆို အသီးသီးပြင်ဆင်နေ ရာမှ ထရပ်ကြကာ နှုတ်ဆက်၍ အိမ်ဝိုင်းထဲမှ ထွက်သွားကြ သည်။

"ကျေးဇူးတင်ပါတယ်ကွယ်။ ဒီလိုကူညီပေးတာကို"

"ဟုတ်ကဲ့ပါရှင်။ ကျွန်မအစ်ကိုကို အိမ်အရောက်ပို့ပေး တာ ဝမ်းသာလှပါပြီ"

ရွှေစင်တုံးက ဝင်ပြောသည်။

လူငယ်တွေ ရွာပြင်လမ်းပေါ်တွင် စကားတပြောပြောဖြင့် ပျောက်ကွယ်သွားကြသည်။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…သမီး မီးခွက်နောက်တစ်လုံး ထွန်းထားစမ်းဟဲ့။ မောင်ဖုန်း ဘာဖြစ်လာသလဲမသိဘူး။ တစ်ကိုယ်လုံးလည်းပေပွ။ မျက်နှာတွေလည်း ဖူးရောင်၊ ကျောကုန်းမှာလည်း ခြေရာကြီးနဲ့ အေး။ ဒုက္ခပါပဲ။ သင်္ချိုင်းစပ်မှာ တွေ့လာရသတဲ့။ အံ့ပါရဲ့ ဘယ်လိုဖြစ်ပါလိမ့်"

ရွှေစင်တုံးသည် မီးခွက်တစ်လုံးထပ်ထွန်းသည်။ အိမ်ရှေ့ခန်းသည် မီးခွက်နှစ်လုံးမှ မီးရောင်ဖြင့် ထိန်ထိန်လင်းသွားသည်။

ဒေါ်အေးဘုံသည် သားသမီးသံယောဇဉ်၊ ချစ်ခြင်းမေတ္တာ ရှိသူပီပီ မိန်းမခိုးလာသည့်ပြဿနာကို မေ့လျော့ကာ ဒဏ်ရာဖြင့် သတိမရတစ်ချက်ရတစ်ချက်ဖြစ်နေသော သားအပေါ်သို့ အာရုံလွှင့်လျက်ရှိသည်။ ရွှေစင်တုံးသည်လည်း အားကိုးအားထား အစ်ကိုတစ်ယောက်အဖြစ် တစ်စုံတစ်ခုဖြစ်မည်ကို စိုးရိမ်ကာ ပျာလောင်ခတ်နေသည်။

"အမေ အစ်ကိုက သေလောက်တဲ့ဒဏ်ရာတော့မရှိဘူး။ တစ်ယောက်ယောက်နဲ့ရန်ဖြစ်ပြီး သင်္ချိုင်းနားမှာ လာပစ်ထားတာဖြစ်မယ်။ ရှုံဆေးလေး နှာခေါင်းထိပ်မှာ ပွတ်ပေးရအောင်အမေ။ ပရုတ်ဆီကလေးပေါ့။ ဒါ ငါးရံ့နှစ်ကောင်ဖမ်းလို့ ဟိုဘက်က ဆွေမျိုးတွေက လိုက်ရိုက်မှာပေါ့"

"ဟုတ်ပြီ ပရုတ်ဆီကလေး ပွတ်ပေးရအောင်အေ။ မြန်မြန်လုပ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့အမေ"

ရွှေစင်တုံးသည် ပရုတ်ဆီဘူးကို ထယူသည်။ ရေတစ်ခွက်ပါ လိုလိုမည်မည်ခပ်လာ၏။

"ဟဲ…ဟဲ့…သမီး သတိရလာပြီဟဲ့"

မှန်ပေသည်။ မောင်ဖုန်းသည် ဖျာပေါ်လှဲအိပ်နေရာမှ ခန္ဓာကိုယ်ကို ဘယ်ညာစောင်းရွေ့ကာ လှုပ်လှုပ်ရှားရှားဖြစ်လာပြီး ညည်းညည်းညူညူဖြစ်လာသည်။ နှုတ်မှ တစ်စွန်းစနှစ်စွန်းစ ပြောလာသည်။ စကားလုံးတော့ မသဲကွဲသေး။

"အ…အ…မေ…မေ…အမေ"

ဒေါ်အေးဘုံသည် သားဇောဖြင့် ပွေ့ဖက်ကာ…

"အမေရှိတယ်။ ညီမလေးလည်းရှိတယ်။ ပြော သတိရလာပြီမှတ်လား"

မောင်ဖုန်းသည် မျက်နှာကြီးရှုံ့မဲ့ကာဖြင့်….

"ရေ…ရေ…ရေသောက်ချင်တယ်"

ရွှေစင်တုံးသည် ဘေးတွင် အဆင်သင့်ချထားသော ရေခွက်ကိုယူကာ မောင်ဖုန်း၏ပါးစပ်နားတွင် ကပ်ထားပေးသည်။ မောင်ဖုန်းသည် "အား"ခနဲတစ်ချက်ညည်းညူပြီး ထထိုင်ရန် ကြိုးစားသည်။ ခန္ဓာကိုယ်တစ်ခုလုံး အဝတ်ဖွပ်သလို ပျော့ဖတ်ခွေကာ ကိုင်ရိုက်ထားသလိုဖြစ်သည်။

"အဲ့စ်ကို ရေသောက်လိုက်ပါဦး ရတယ်မှတ်လား"

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



မောင်ဖုန်းသည် လေးပင်စွာ ခေါင်းညိတ်သည်။ ရေခွက်ကို ခပ်ဖြည်းဖြည်းယူသောက်၏။

"ကျွတ်…ကျွတ်…ကျွတ် နာလိုက်တာဗျာ။ အရိုးတွေကြေမွကုန်ပြီမှတ်တယ်"

"ဘယ်လိုဖြစ်တယ်သားရယ်။ မသေကောင်းမပျောက်ကောင်း"

"ဟုတ်ပါရဲ့အစ်ကို ရေသောက်ပြီးမှ ဖြည်းဖြည်းပြော"

ရေသောက်ပြီးသောအခါ ခွက်ကိုပြန်ပေးသည်။

"ရှင်းပြစမ်းပါဦး ဘယ်လိုဖြစ်တယ်ဆိုတာ"

မောင်ဖုန်းသည် ဘေးဘီဝဲယာကို လှည့်ပတ်ကာ ကြည့်ရှုအကဲခတ်လိုက်သည်။

"ဒီလိုပါအမေ။ သချိုင်းနားက သရဲမက ကျွန်တော့်ကို ဆော်လွှတ်လိုက်တာပါ"

ဒေါ်အေးဘုံ ရင်ဘတ်ကို လက်ဖြင့်ဖိလျက်…

"အမလေး…ဘုရား…ဘုရား"

ရွှေစင်တုံးသည် ဒေါ်အေးဘုံကိုပြေးဖက်သည်။

"ဟင်…သရဲက ဆော်လွှတ်တယ်"

မောင်ဖုန်းသည် ခေါင်းညိတ်သည်။ ဒေါ်အေးဘုံက စကားကိုဖြတ်ကာ…

"ဟင်…ခေါင်းတလားသရဲနဲ့ တွေ့လာပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မောင်ဖုန်းသည် ခေါင်းခါပြသည်။

"မဟုတ်ဘူးအမေ။ ခုမှတော့ မထူးတော့ပါဘူးအမေ ရယ်။ ဇာတ်စုံရှင်းပြပါရစေတော့။ အမေနဲ့ ရွှေစင်တုံးလည်း ကျူးပ်လုပ်ရပ်ကို စိတ်မဆိုးကြပါနဲ့တော့။ သင်္ချိုင်းစပ်ကနေပြီး နေဝင်ရီတရောမှာ ခေါင်းတလားကြီးထမ်းပြီး လူတွေကို ခြောက် လှန့်လွှတ်နေတာ ဘယ်သူလဲ အမေ"

ဒေါ်အေးဘုံ၏မျက်နှာသည် ပို၍ပြူးကျယ်လာသည်။ ရွှေ စင်တုံးက ရှေ့တိုးလာသည်။

"သိပေါင်တော်။ အကုသိုလ်နဲ့သေတဲ့ မသာကောင်တစ် ကောင် ဖြစ်မှာပေါ့"

မောင်ဖုန်းသည် ခေါင်းတစ်ချက် ငုံ့လိုက်၏။

"အဲဒါ ကျူပ်ပါပဲ အမေ။ ကျူပ်ပါပဲ"

"ဘုရားရေ။ အမလေးတော်ရေ ခေါင်းတလားသရဲက နင်ကိုး"

"ဟင်...အစ်ကို အစ်ကိုရူးနေလား"

သားအမိနှစ်ယောက်စလုံး လန့်ဖျပ်ကုန်ကြသည်။ မျက်စိ မျက်နှာပျက်ကုန်သည်။ ဒေါ်အေးဘုံသည် မျက်မှောင်ကြုတ်လျက် မောင်ဖုန်းကိုကြည့်သည်။

"ဘယ်လိုရည်ရွယ်ချက်နဲ့များ ဒီလိုလုပ်ရတာတုံး"

"ပျော်ချင်လို့ပါအမေ။ ပျော်ချင်လို့ပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အသက်နဲ့ရင်းပြီး ပျော်ရသလားဟဲ့ နွားရဲ့ ကာလမှာ"

မောင်ဖုန်းသည် တစ်ချက်ညည်းညူပြန်သည်။

"နောက်မှဆူပါတော့အမေ။ ခုတော့ ကျွန်တော်ရှင်းပြပါရစေဦး"

ရွှေစင်တုံးက ဝင်၍...

"ဟုတ်တယ်အမေ။ အစ်ကိုရှင်းပြတာ နားထောင်လိုက်ပါဦး"

ဒေါ်အေးဘုံ ငြိမ်သက်သွားသည်။ မောင်ဖုန်းသည် ချောင်းတစ်ချက်ရှင်းသည်။

"ဒီလိုအမေ။ ညနေဘက်ကျတော့ ကျုပ် ပျင်းပျင်းရှိတာနဲ့ ဒီနေ့တော့ သရဲခြောက်ဦးမှပဲဆိုပြီး သင်္ချိုင်းဘက်ထွက်လာတာ။ ချောလိုက်တဲ့ကောင်မလေး အမေ။ ဟိုလေ ပြဇာတ်အငြိမ့်မင်းသမီး မေမေဝင်းကျနေတာပဲ။ လွယ်အိတ်နဲ့ဗျ"

"လေးဖက်ကြီးမမြရင် မဟုတ်ဘူးလားဟဲ့။ ဟိုမှာလေ ဘာ...ဘာတဲ့ ရွှေစင်တုံး ပြောစမ်းဟဲ့"

ရွှေစင်တုံးသည် တခစ်ခစ်ရယ်ပြလေ၏။ အသံထွက်အောင် ရယ်သည်။

"လေဘာတီမမြရင်ပါအမေရယ်။ အမေနှယ် ဒုက္ခပါပဲနော်။ အစ်ကိုပြောတာ တစ်ယောက်ပါ"

ထို့နောက် သားအမိနှစ်ယောက်သည် တစ်ယောက်မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာတစ်ယောက်ကြည့်ကာ အိပ်ခန်းထဲသို့ အဓိပ္ပာယ်ပါပါ လှမ်း၍ ကြည့်မိလိုက်ကြသေးသည်။ ဒေါ်အေးဘုံသည် တစ်ခုခုပြောမည် ကြံရွယ်လိုက်သော်လည်း ဘာမှမပြောဖြစ်တော့ဘဲ ငြိမ်သက်နေလိုက်မိသည်။

"ဒါနဲ့ဗျာ ကျုပ်လည်း ကောင်မလေးချောချောကို ခြောက်မှပဲဆိုပြီး နောက်ကနေ ခေါင်းကြီးထမ်းပြီး လိုက်တာပေါ့ဗျာ။ ဒါပေမယ့် ကောင်မလေးက မပြေးဘူးဗျ။ ကျုပ်ကို မျက်မှောင်ကုတ်ပြီး မကျေမနပ် ကြည့်နေသေးရဲ့ဗျို့။ ခါတိုင်း လူတွေ ခြောက်လှန့်လိုက်ရင် ဖဝါးနဲ့တင်ပါး တစ်သားတည်းဖြစ်အောင် ပြေးကြတာလေ။ အမေ့ ခုကောင်မလေးက မပြေးတဲ့အပြင် ရန်ရှာမယ့်ပုံစံမျိုးနဲ့ ခါးထောက်ပြီး ဘုကြည့်ကြည့်နေတာခင်ဗျ။ ဒါနဲ့ ကျုပ်လည်း မထူးတော့ဘူးဆိုပြီး ကောင်မလေးဆီ ခေါင်းကြီးထမ်းပြီး ပြေးဝင်တယ်ဆိုရင်ပဲ ကောင်မလေးက ဘာမပြောညာမပြောနဲ့ လျှင်လိုက်တာ။ ရင်ဘတ်ကိုဆောင့်တွန်းလိုက်တာဗျာ။ ခေါင်းတလားတခြား လူတခြား ပက်လက်လန်သွားတော့တာပဲ။ မြန်လိုက်တဲ့ကောင်မလေးဗျာ။ သန်လိုက်တာလည်း လွန်ပါရော။ အာဂကောင်မလေးဗျို့"

ကျုပ်က ပြန်တွယ်ဖို့ကြံကာရှိသေး သူက ကျုပ်ရင်ဘတ်ပေါ်ခွစီးပြီး မျက်နှာတွေရော၊ ရင်ဘတ်တွေရော ကုပ်ဖွဲ့တက်နင်း ကျုပ်အောက်ကနေ ခံနေရတာ။ သူ့ကို တစ်ချက်ကလေးဆောင့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်မတွယ်နိုင်ပါဘူး။ အောက်ကနေပြီးပဲ အမလေး၊ အဘလေး တပြီး လုပ်သမျှခံနေရတာပဲခင်ဗျ။ သန်မာလိုက်တဲ့ကောင်မလေး ဗျာ။ လက်သီးထိုးချက်ကလည်း ပြင်းလိုက်တာ ပြောမနေပါနဲ့ တော့။ ဒိုးခနဲ ဒေါက်ခနဲ ခွပ်ခနဲပဲ။ ဒီအချိန်မှာ သူ့မျက်နှာကြီးက လည်း တဖြည်းဖြည်း ကြောက်စရာကောင်းလာတယ်။ မျက်လုံး ကြီးက ပြူးထွက်လာသလိုပဲ။ ဒါနဲ့ ကျုပ်လည်း ကြောက်လန့်ပြီး ရှန်းကန် အသက်မထွက်အောင်ကြိုးစား ရင်ဘတ်ပေါ်ခွစီးထားတဲ့ သူ့ခန္ဓာကိုယ်ကို တွန်းထုတ်ရတာပေါ့။ မရပါဘူး။ အရမ်းကို သန်မာတာပါဗျာ"

အဲဒီအချိန်မှာ သူက သင်္ချိုင်းမြေပုံတွေကြားထဲက ချုံပုတ် တွေဆီကို လှမ်းပြီး "လာကြဟေ့ သူထမ်းတဲ့ခေါင်းထဲ သူ့ပြန် ထည့်မယ်"ဆိုပြီး လှမ်းအော်လိုက်တာ။ လူမည်းမည်းထွားထွား ကြီးလေးယောက် ရုတ်တရက် ပေါ်လာပါရောဗျို့။ အဲဒီလူမည်း ကြီးလေးယောက်က ကျုပ်ထမ်းလာတဲ့ တလားကြီးကို ရှေ့နှစ် ယောက် နောက်နှစ်ယောက်လောက်ထမ်းပြီး ကျုပ်ဆီ ပြေးလာ ကြတော့တာပါပဲ။ အဲဒီအချိန်ကျမှ ကျုပ်လည်း သေရမှာကြောက် ပြီး တော်တော်ကလေး တုန်လှုပ်ချောက်ချားသွားမိတော့တယ်။ တကယ်လို့ သေသွားရင် ဘဝကူး ကောင်းလိုကောင်းငြား အစွဲပါ အောင်ဆိုပြီး စိတ်ကူးရင်း ဘုရားဂုဏ်တော်ကိုးပါးကို နှုတ်ကနေ တဖွဖွရွတ်လိုက်တာပဲ အမေ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ ကျုပ်လည်း ဖျတ်ခနဲ သတိလစ်သလိုဖြစ်သွားပြီး ကောင်မလေးရော၊ လူမည်းကြီးတွေပါ ပျောက်သွားတော့တာပါပဲ။ ဒါနဲ့ စိတ်လျှော့လိုက်တယ်ဆိုရင်ပဲ သတိလစ်မေ့မြောသွားလိုက်တာ ပြန်လည်းသတိရရော ခုလိုအိမ်ပေါ်ကို ရောက်နေတာပါပဲ အမေ"

မောင်ဖုန်းစကားဆုံးသည်နှင့် ဒေါ်အေးဘုံသည် ခေါင်းကိုခါယမ်းသည်။ ရွှေစင်တုံးသည် မျက်နှာပျက်ကာ ရင်ထဲမှာနောက်ကျိနေပုံရသည်။

"ဟဲ့…နင်ဘာတွေ လာပြောနေတာလဲ။ ကလရပ်က မိစမ်းနဲ့ ဒီမိုးကုန်ရင် မင်္ဂလာဆောင်ဖို့ လူကြီးချင်းပြောဆိုကြောင်းလမ်းထားတာ နင်မေ့နေပြီလားအရူးရဲ့"

မောင်ဖုန်း၏ခန္ဓာကိုယ်သည် ဆတ်ခနဲတုန်ခါသွားသည်။ လှဲနေရာမှ ငေါက်ခနဲထထိုင်သည်။

"အမေ ဘာတွေပြောနေတာလဲ။ ဟုတ်တယ်လေ မိစမ်းကို ကျုန်တော် ယူမှာလေ"

ဒေါ်အေးဘုံသည် တောက်တစ်ချက်ခေါက်ကာ အံကြိတ်သည်။

"ငပေါရဲ့ နင့်လုပ်ပုံ ဟုတ်သေးရဲ့လား။ ရှမ်းကွင်းကြီးက ငဝါကို နင်ခုခိုးလာပြီမဟုတ်လား။ ဟိုမှာ ပစ္စည်းတွေရောနွားကလေးတောင် ပါလာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အစ်ကို။ ကောင်မလေးရောက်နေပြီ။ အစ်ကို့ကိုစောင့်ရင်း ပင်ပန်းတာနဲ့ အခန်းထဲမှာ အိပ်ပျော်နေလေရဲ့။ အစ်ကိုနဲ့ ခိုးရာလိုက်လာတာတဲ့။ ခြံထဲမှာ သူနဲ့အတူ နွားကလေး တစ်ကောင်တောင် ပါလာသေးရဲ့။ မယုံရင် ဆင်းကြည့်တော့။ လွယ်အိတ်လည်းပါတယ်"

မောင်ဖုန်း၏မျက်နှာသည် ဟန်မဆောင်နိုင်လောက် အောင်ပင် သိသိသာသာ ပျက်ယွင်းသွားသည်။ အုံ့ဩတကြီး ငေးကြောင်ကြည့်ရင်း တဖြည်းဖြည်း မျက်နှာပျက်စပြုလာသည်။

"ရှုပ်နေတာပဲ။ ဘာတွေမှန်းကို မသိတော့ဘူး"

ထိုအခါ ရွှေစင်တုံးက ဝင်၍အော်လေသည်။

"ရှုပ်နေတာ အစ်ကို။ အစ်ကိုရှုပ်နေတာ။ လှေနံနှစ်ဖက် နင်းနေတာ"

"ငါဘာမှမသိဘူး။ ငဝါလည်းမသိဘူး။ ငပြောလည်းမသိ ဘူး"

ဒေါ်အေးဘုံသည် ဒေါသတကြီး ပြန်ထိုင်နေရာမှ ငေါက် ခနဲ ထရပ်လိုက်တော့၏။

"ဟဲ့...မောင်ဖုန်း နင်ရှုးရှင်ယောင်ဆောင်မနေနဲ့။ ဒီမှာ ခုနင်ခိုးလာတဲ့ကောင်မလေး၊ ရှမ်းကွင်းကြီးရွာက ငဝါနဲ့ မရှိသေး စကား လင်မယားအရာရောက်ပြီလား၊ မရောက်ဘူးလား သိချင် တယ်။ တကယ်လို့ လင်မယားအရာမရောက်သေးဘူးဆိုလည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုလုပ်ရမယ်။ တောင်းပန်တန် တောင်းပန်၊ လျော်ကြေးပေး တန်ပေးပြီး ပြန်လွှတ်ရမယ်။ ကဲ…ပြော ပွင့်ပွင့်လင်းလင်းပြောပေ တော့။ ငါက မိန်းမချင်းကိုယ်ချင်းစာလို့ ပြောနေတာဟဲ့။ မိန်းကလေးနစ်နာတယ်။ သမီးရှင် မျက်နှာပျက်မယ်"

မောင်ဖုန်းသည် ခေါင်းကို တဖျင်းဖျင်းကုပ်လေသည်။ မောင်ဖုန်းသည် လက်ရှိပြဿနာကြောင့် စောစောပိုင်းက ခံစား လာခဲ့ရသော သရဲထောင်းထုနှိပ်စက်သည့် ဒဏ်ရာဝေဒနာများ ကြက်ပျောက်ငှက်ပျောက် ကွယ်ပျောက်ကုန်ကာ ဇောချွေးတွေ ပြန်လာတော့သည်။

"ခက်တော့ခက်နေပြန်ပြီ။ သရဲအနှိပ်စက်ခံရလို့ လွတ်ပြီ မှတ်တယ်။ အိမ်ရောက်မှ ပိုဆိုးနေပါပေါ့လားဗျာ"

ဒေါ်အေးဘုံသည် အလျှော့မပေး။

"နင်ခက်နေတာဟဲ့။ ကောင်မလေးက လုပ်ကိုင်စား သောက်ဖို့ အရင်းအနှီးကလေးတွေ ယူလာတဲ့အပြင် နွားပေါက်က လေးတောင် ပါလာလေရဲ့။ ခြံထောင့်မှာချည်ထားတယ်"

မောင်ဖုန်းသည် အံတစ်ချက်ကြိတ်သည်။ ရွှေစင်တုံးက မောင်ဖုန်းကို မျက်စောင်းထိုးသည်။

"ကဲ…အမေ အခုရှင်းပြမှဖြစ်မယ်။ အိပ်နေတဲ့ချွေးမ လောင်း ငှဝါကို ဒီကိုခေါ်လာချည်တော့ဗျာ။ ဒုက္ခပါပဲ"

ဒေါ်အေးဘုံသည် ဘာမှမပြောတော့ဘဲ ထိုင်ရာ ဆတ်



www.burmeseclassic.com

www.burmeseclassic.com



ခနဲထသည်။ ကောင်မလေး အိပ်ပျော်နေရာသို့သွားကာ နှိုးသည်။

"ဟဲ့…လုံမလေး လုံမလေး"

ခြင်ထောင်ထဲမှ ထူးသံမကြားရ၊ အိပ်ပျော်နေပုံရသည်။ ထပ်ခေါ်သည်။ မထူး။ ထိုအခါ ဒေါ်အေးဘုံသည် ခြင်ထောင်ကို လှပ်ကာ မီးခွက်အလင်းရောင်ဖြင့် ကြည့်လိုက်သည်နှင့်…

"အောင်မလေးတော့ လုံမလေးရဲ့"

ဒေါ်အေးဘုံသည် လေဖြတ်သူလို ရုတ်တရက် ပက် လက်လန်လဲပြိုကျကာ ပါးစပ်ထဲမှ အမြှုပ်တွေထွက်၊ ခြေလက် တွေ ကောက်ကွေးကာတက်နေလေသည်။ မောင်ဖုန်းနှင့်ရွှေစင်တုံး သည် ရုတ်တရက် လန့်ဖျပ်ကာ ဒေါ်အေးဘုံကို ပြေး၍ပွေ့ဖက်ကြ သည်။ ဒေါ်အေးဘုံသည် တဂစ်ဂစ်မြည်ကာ တွန့်လိမ်ကာ တက် နေသည်။

"ဘယ်လို…ဖြစ်….ဖြစ်တာလဲ အမေ"

"ဘုရား…ဘုရား ကယ်ကြပါဦး။ ခြေမချိုး ခြေမချိုး"

မောင်ဖုန်းသည် ခြင်ထောင်ကိုလှပ်ကာ အတွင်းသို့ ငုံ့ ကြည့်လိုက်သည်နှင့်…

"ဟိုက်"

မောင်ဖုန်း၏နှုတ်မှ လွှန်မင်းစွာ အလန့်တကြား အော် လိုက်သည့် "အူး"လား"ဖူး"လားဟူသောစကားသံသည် ခု ဖွက်သွားသောသွေးများနှင့်အတူ တစ်ကိုယ်လုံးရှိ အင်အားများ



www.burmeseclassic.com

www.burmeseclassic.com



သည် နှံးခွေသွားပြီး အော်ဟစ်လိုက်သံသည့် ရင်ခေါင်းထဲတွင် ပိတ်ဆို့လျက် မေးရိုးတွေက ခိုင်ခံ့အေးစက်ကာ နှုတ်ခမ်းနှစ်လွှာသည် တဆတ်ဆတ်တုန်နေသည်။ သူသည် ဒဏ်ရာရသားကောင်ကဲ့သို့ အာခေါင်ခြစ်ကာ အထိတ်တလန့် အော်ဟစ်လိုက်ခြင်းသာ ဖြစ်သည်။ အသံကတော့ လုံးဝထွက်မလာပေ။ စက္ကန့်ပိုင်းအတွင်း မှာပင် စိတ်ကိုပြန်ထိန်းလိုက်သောအခါ အနည်းငယ် တည်ငြိမ်သွားသော်လည်း နှလုံးသွေးရပ်နေသလို ရေထဲနစ်မြုပ်သွားသလို မွန်းကျပ်ဆို့နစ်မှုက ကျန်ရှိနေသေးသည်။

ခြင်ထောင်ထဲတွင်ကား ခန္ဓာကိုယ်မပါ၊ ရေအိုးလောက်ရှိသော ဦးခေါင်းပြတ်ကြီးတစ်လုံးသည် အကြမ်းပန်းကန်လုံးခန့်ရှိ မျက်လုံးကြီးနှစ်လုံးကို ပုတ်ခတ်ပုတ်ခတ်လုပ်ကာ တစ်ထွာသာသာလျှာနီနီပြားပြားကြီးကို ထုတ်ချည်သွင်းချည်ပြုလျက် တဟီးဟီးရယ်ပြနေပေသည်။ ခန္ဓာကိုယ်မပါ ခေါင်းချည်းသက်သက်သဘက်ကြီးတစ်ကောင် ဖြစ်နေပေသည်တကား။ ပါးစပ်ကြီးပြဲကာ လက်နှစ်ဆစ်ခန့် အစွယ်ဝါဝါကြီးတွေနှင့် အကောင်ဆိုးကြီးပေတကား။

ရွှေစင်တုံးသည် အမေ့ဟုတစ်ချက်သာအော်နိုင်ပြီး မောင်ဖုန်းကို ပြေးဖက်သည်။ ထို့နောက် မောင်နှမနှစ်ယောက်သည် မိခင်ဖြစ်သူကို နှာနှပ်ပေးခြင်း၊ ပရိတ်တရားများရွတ်ဖတ်ပေးခြင်း၊ ရှူဆေးများရှူစေခြင်းဖြင့် ခဏကြာလျှင် သတိပြန်



www.burmeseclassic.com

www.burmeseclassic.com



လည်လာတော့သည်။

"ဘုရား…ဘုရား ကယ်တော်မူပါ။ ခြင်ထောင်ထဲမှာ သဘက်ကြီး"

"အမေမကြောက်နဲ့ ကျွန်တော်တို့ရှိတယ်"

ထို့နောက် မောင်ဖုန်းနှင့်ရွှေစင်တုံးသည် ရရာလက်နက်များကိုင်စွဲကာ ခြင်ထောင်ကို ပြန်၍လှပ်ကြည့်ပြန်ရာ ခြင်ထောင်ထဲတွင် ခေါင်းပြတ်သဘက်ကြီး မရှိတော့ပေ။

"အမလေး…လုံမ…လုံမ…လုံမရဲ့ငုဝါက သဘက်ကြီးဖြစ်နေပါကရော့လား"

ဒေါ်အေးဘုံတို့သည် မဝံ့မရဲဖြင့် ခြင်ထောင်ကိုဖြုတ်သိမ်းကာ ကောင်မလေးပွေ့ပိုက်ယူလာသော လွယ်အိတ်အနွမ်းကလေးကို ထောင့်တစ်နေရာတွင်တွေ့၍ လှန်လှောရှာဖွေကြပြန်လေသောအခါ မည်သည့်အဖိုးတန် ရွှေထည်ပစ္စည်း၊ လက်ဝတ်ရတနာ၊ ငွေကြေးမှမရှိဘဲ ထဘီစုတ်နှင့်ထုပ်ပိုးထားသော လူသေကောင်၏ဒူးရိုး၊ လက်ဖျံရိုး၊ လက်ချောင်းလက်ဆစ်ရိုးများသာ ရွံရှာထိတ်လန့်ဖွယ် ထပ်မံတွေ့ရှိရပြန်သည်။

ညဉ့်ကား နက်လှပေပြီ။ သန်းခေါင်ယံကျော်ပြီဖြစ်သည်။

ဒေါ်အေးဘုံတို့သုံးယောက်သားမှာ မအိပ်နိုင်။ အိပ်စက်ဖို့ သတိမရနိုင်။ အတန်ကြာမှ ဒေါ်အေးဘုံသည် တစ်စုံတစ်ခုကို သတိရသွားကာ…



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…သမီး အိမ်အောက်သစ်ပင်ဘေးမှာ ချည်ထားတဲ့ နွားပေါက်ကလေးကို သွားကြည့်ကြပါစို့"

မောင်နှမနှစ်ယောက် တွန့်ဆုတ်တွန့်ဆုတ်ဖြင့် ထွက်သွားကြသည်။ ကြိုးချည်ထားသော နွားကလေးကို ကြည့်လိုက်သော အခါတွင်ကား….

"ဟာ"

"အမလေး အစ်ကိုရဲ့"

ရွှေစင်တိုးသည် ခိုက်ခိုက်တုန်ကာ မောင်ဖုန်းခါးကို ပြေးဖက်လေသည်။ မြင်လိုက်ရသည့်မြင်ကွင်းကား သစ်ပင်ချည်တိုင်တွင် ချည်နှောင်ထားသည့် နွားပေါက်ကလေးမဟုတ်တော့ဘဲ ဆံပိစိမ်စဉ္စလူ‌ကပ်ထားသော ကလေးအသုဘခေါင်းသေးသေးလေးကို ထဘီစုတ်ကို ကြိုးကဲ့သို့ပြုလုပ်ကာ ချည်နှောင်ထားသည်ကို တွေ့လိုက်ကြရပေတော့သတည်း။

ယိုနေ့မှစ၍ ရွာနှစ်ရွာကြား သုသာန်တွင် ခေါင်းတလား သရဲခြောက်လှန့်ခြင်း မရှိတော့ဘဲ လုံးဝအေးချမ်းသွားလေတော့ သည်တကား။

*မှတ်ချက်။ ။ သက်ကြီးစကား*

မင်းဘုန်းသိမ်သူ

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



# လမ်းကြုံကလေး လိုက်ပါရစေ

ဂါဦးနွံနီးကို

ဟယ်လို…သမီးငယ်လေးလေး။ အေး…ဟုတ်တယ်
ဖေဖေ ကလေးက ပြန်ရောက်နေပြီ။ အင်း…နေကောင်းပါတယ်။
ဟာ…ကလေးမှာတော့ ဆောင်းရဲ့အေးချက်က မပြောနဲ့တော့။
မုံရွာမှာအေးတာ ဘာဟုတ်သေးလဲလို့။ ဟိုမှာက မုံရွာကို အလာ
လမ်းမှာ စားသောက်ဆိုင်တန်းလေးတစ်ခုရှိတယ်။ ကားတွေ ဆိုင်
ကယ်တွေ စဝဥည်းချတဲ့နေရာပေါ့။ အဲဒီမှာ ဖေဖေတို့အဖွဲ့ စား
ကြသောက်ကြ မီးအတူလှုံကြရင်း ဖေဖေ့ရဲ့မိတ်ဆွေက မနှစ်က



www.burmeseclassic.com

www.burmeseclassic.com



သူဒီကိုလာရင်း ကြုံခဲ့ရတဲ့အဖြစ်အပျက်တစ်ခုကို ဖေဖေတို့ကိုပြောပြတယ်။ သူ့ဇာတ်လမ်းနားထောင်ပြီး ဖေဖေ အရယ်ချင်ဆုံးပဲ။ ဘာတဲ့…အင်း…တစ္ဆေအခြောက်ခံရတာ ပြောတယ်။ ကြောက်ဖို့လည်း မကောင်းပါဘူးဗျာတဲ့။ ကဲ…ငါ့သမီး နားဆင်ပေတော့။

× × ×

လဆန်း ၂ ရက်နေ့ဖြစ်၍ ကောင်းကင်ယံတွင် လကခပ်ကွေးကွေးသာလျက်ရှိသည်။ လီဘာကုန်နင်းထားသော ဆိုင်ကယ်လေးက မည်းမှောင်နေသော လမ်းမကြီးထက်တွင် တရိပ်ရိပ်ပြေးလွှားနေ၏။ ရိုးတွင်းခြင်ဆီအထိ ထိုးဖောက်စိမ့်ဝင်လာသော အအေးဓာတ်ကြောင့် ဆိုင်ကယ်လက်ကိုင်နှစ်ဖက်ကို ဆုပ်ကိုင်ထားသော ဦးကျော်အေး၏လက်နှစ်ဖက် အေးစက်ထုံကျင်လာသည်။ ဒါတောင် လက်အိတ်ဝတ်ထားပေလို့သာ။ ချမ်းအေးလွန်းလှ၍ ဖြစ်နိုင်လျှင် မွေ့ရာထူထူပေါ်တွင် စောင်အထပ်ထပ်ခြုံကာ ကွေးနေချင်စိတ်တောင် ပေါက်လာမိသည်။ နို့ပေမယ့်လည်း အလုပ်တာဝန်တွေကရှိနေ၍ ဖြစ်ချင်စိတ်တွေကို ချိုးနှိမ်ကာ ဆိုင်ကယ်ကို သတိနှင့် မောင်းနှင်းရင်း ရက်စက်သည့် ဆောင်း၏အအေးဓာတ်ကို အံကြိတ်ခံနေမိ၏။ ဆောင်းလက ရေခဲအပ်များသဖွယ် ခန္ဓာကိုယ်ကို နာကျင်စူးရှစေသည်။

လမ်းကွေ့တစ်ခုအရောက် လမ်းမဘေးတွင် ဘူဒိုဇာကားကြီးတစ်စီး ရပ်တန့်ထားသည်ကို တွေ့မြင်လိုက်ရသည်။ ကားကြီး



www.burmeseclassic.com

www.burmeseclassic.com



နံဘေး ခပ်လှမ်းလှမ်းတွင်တော့ တဲအိမ်ကလေးတစ်အိမ် လမ်းပြင်သော အလုပ်သမားတစ်စုဖြစ်မည်ဟု ဦးကျော်အေးခန့်မှန်းမိသည်။ တဲအိမ်ထဲတွင် လူရှိပုံမရ။ မှောင်မည်းနေသည်။

"ဆရာ တဲအိမ်ကိုအကူအညီတောင်းပြီး မီးလှုံမလို့လား"

ဆိုင်ကယ်သွားနှုန်း နှေးသွားသောကြောင့် အနောက်တွင်လိုက်ပါလာသော တပည့်ဖြစ်သူ ကိုမင်းမင်းက သိချင်ဇောနှင့်မေးလိုက်မိသည်။ အမှန်တော့ ကိုမင်းမင်းကိုယ်တိုင်လည်း အအေးဓာတ်ကိုဆန့်ကျင်ကာ စောင်ခြုံပြီး မီးနွေးနွေးလေး လှုံချင်လှပြီ။

"အေးကွ…ဒီလိုအချိန်ကြီးကျမှ သွားခေါ်ရင် အားလုံးအိပ်ရေးပျက်ကုန်လိမ့်မယ်။ သူတို့က နံနက်စောစော အလုပ်ဆင်းရမယ့်လူတွေ။ ဒီတော့ ဒီနားလေးမှာပဲ တို့ဘာသာ ထင်းခြောက်တွေစုပြီး မီးမွှေးကြမယ်။ မှောင်ကြီးမည်းကြီးထဲမှာဆိုပေမယ့် အဖော်ကြုံရင် လူရှိနေတော့ အားမငယ်ရတော့ဘူးပေါ့ကွာ"

ဦးကျော်အေး တပည့်ကလည်း ဦးကျော်အေး၏စကားကိုခမ်းသာအားရ ထောက်ခံသည်။ သို့နှင့် ဦးကျော်အေးနှင့်ကိုမင်းမင်း ထိုတဲရှေ့လမ်းဘေးတွင် ဆိုင်ကယ်ရပ်ကာ ကိုမင်းမင်းကဟိုဟိုသည်သည်မှ မီးတောက်လောင်စေရန် မီးခြစ်တစ်လုံးနှင့်ကြိုးစားရှို့သည်။ ပိုးပုရင်တို့၏ တစီစီအော်သံသာ ဝန်းကျင်မှာလွှမ်းမိုးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်ပေါ်ထိုင်စဉ်က ဆိုင်ကယ်အင်ဂျင် အပူငွေ့၏ ကျေးဇူးဖြင့် ယခုလောက်မအေးဖူးသေး။ ယခုများတော့ မီးခြစ် ကိုင်ထားလျက်နှင့်ပင် တစ်ကိုယ်လုံး တုန်ချင်လာပြီ။ ခိုက်ခိုက် တုန်ချင်လာပြီ။ ဟော…ထင်းများကလည်း ထင်းခြောက်ဟုသာ ခေါ်နေရသော်လည်း နှင်းခါးရိုက်ထား၍ စိုတိစိုဖပ်တွေချည်း။ ညဉ့်နက်လာလေ အအေးဓာတ်က ပိုတိုးလာလေ။

"ဆ…ဆရာ…တော်…တော်ပါပြီဗျာ။ နောက်ထပ်နှစ် မိုင်ကျော်လောက်ဆို ဆိုင်တန်းလေးရောက်တော့မှာပဲ"

"အဲဒီကျမှ မီးလှုံကြတာပေါ့။ ထင်းတွေကလည်း တော် တော်နဲ့ တောက်မယ့်ပုံမပေါ်ဘူး"

ဦးကျော်အေးမှမဟုတ် ကိုမင်းမင်းလည်း တစ်ကိုယ်လုံး အေးစက်ထုံကျင်လာသည်အထိ ဟေမန်ဆောင်း၏ အအေးဓာတ် က အစွမ်းထက်လှသည်။

"အေး…အေးကွာ။ ဒါဆိုလည်း သွားကြစို့"

ဦးကျော်မင်း စိတ်တိုတိုနှင့် ထင်းပုံကို ခြေဖြင့်တစ်ချက် ကန်ပြီး ဆိုင်ကယ်ရှိရာဆီသို့ ထလာလိုက်သည်။ ဆိုင်ကယ်လက် ကိုင်ကို ဆုပ်ကိုင်ပြီး လမ်းမပေါ်သို့တွန်းလိုက်သော်လည်း ဆိုင် ကယ်က တုတ်တုတ်မျှမလှုပ်။ လူတွေသာမက ဆိုင်ကယ်ပါ ချမ်းနေလေပြီလားမသိ။

"ဟ…ဆိုင်ကယ်က လေးလှချည်လား။ ဟိတ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



ငမင်း လာပါဦးကွ။ ဆိုင်ကယ်ကို လမ်းမပေါ်ရောက်အောင် အနောက်က ဝိုင်းတွန်းပေးဦး”

ကိုမင်းမင်းက နေရာတွင် ခုန်ဆွခုန်ဆွလုပ်နေရာမှ ဆိုင်ကယ်နောက်သို့ ပြေးလိုက်လာပြီး လမ်းမပေါ်သို့ ဆိုင်ကယ်ကို တွန်းတင်လိုက်သည်။ လမ်းမပေါ်သို့ရောက်သောအခါ ဦးကျော်မင်းက ဆိုင်ကယ်ကို စက်နှိုးလိုက်သည်။ စက်နှိုးလိုက်သည်နှင့် တစ်ပြိုင်နက် ကိုမင်းမင်းက ဆိုင်ကယ်နောက်တွင် တက်ထိုင်ပြီးသား။ ခဏအကြာတွင်တော့ ဆိုင်ကယ်လေးသည် လမ်းမကြီးအတိုင်း ကျည်ဆန်လေးတစ်ပွင့်လို တစ်ရှိန်ထိုး ပြေးထွက်သွားတော့သည်။

လမ်းက တဖြည်းဖြည်းနှင့် အကွေ့အကောက်တွေများလာ၍ ဦးကျော်မင်း သတိထားမောင်းနှင်ရသည်။ လဏ်တစ်ချက်တုန်လို့မဖြစ်။ တစ်ချက်အိပ်ငိုက်လို့မဖြစ်။ တစ်ချက်အိပ်ငိုက်လိုက်သည်နှင့် လက်တစ်ချက်တုန်သွားသည်နှင့် တစ်ဖက်ချောက်ထဲသို့ ကားခနဲ ထိုးကျသွားနိုင်သည်မဟုတ်ပါလား။ အရေးထဲမှ အနောက်တွင်ထိုင်နေသည့် မင်းမင်းက အိပ်ငိုက်နေသလားမပြောတတ် ဦးကျော်မင်းအနားသို့ အတင်းတိုးကပ်နေသည်။

“ဟိတ်ကောင် မင်းမင်း၊ နောက်နည်းနည်းဆုတ်ဦးလေကွာ။ မင်း အိပ်ငိုက်မနေနဲ့”

ဦးကျော်မင်းက အနောက်သို့ လှည့်မကြည့်အား၍ အလ



www.burmeseclassic.com

www.burmeseclassic.com



သံဖြင့် အော်ပြောလိုက်သည်။

"ဟိတ်ကောင် ကြားတယ်နော်။ အရမ်းမတိုးနဲ့"

ရုတ်တရက် အနောက်ဘက်မှ ကြားလိုက်ရသောစကားကြောင့် ဦးကျော်မင်း အံ့အားသင့်သွားမိသည်။ အသံက တိုးတိုးမျှင်မျှင်လေးသံလေးမျှသာ။ ဒီကောင်မင်းမင်း ငါ့ကို လှောင်ပြောတာများလားဟု ဦးကျော်မင်း သံသယဝင်မိပေမယ့် တပည့်ကျော်မင်းမင်း၏အကြောင်းကို မိမိအသိဆုံး။ မင်းမင်းက ချင်းလူမျိုး။ သူ့နာမည်အရင်းက ချင်းဘာသာဖြင့်သော်လည်း ခေါ်ရခက်သောကြောင့် အဖျားဆွတ်ကာ မင်းမင်းဟုသာ ခေါ်ဆိုကြသည်။ ချင်းပြည်နယ်တွင်ကြီးပြင်းသော ချင်းလူမျိုးဖြစ်သဖြင့် ဗမာစကားကိုလိုအပ်သည်ထက် ပိုမပြောတတ်။ နောက်ပြီး အထက်လူကြီးဖြစ်သူ ဦးကျော့်အေအပေါ်လည်း အလွန်ကျိုးနွံသောသူ။ စနောက်ပြောင်ရန်၊ လှောင်ပြောင်ရန်ကို စိတ်ကူးဖြင့်ပင် တွေးဖူးမည်မဟုတ်။ မိမိနားကြားမှားတာနေမှာပါလေဟု စဉ်းစားမိကာ အကြောင်းအရာများကို အာရုံထဲမှထုတ်ပစ်လိုက်ပြီး ဆိုင်ကယ်ကို အာရုံစိုက်ကာ မောင်းနှင်နေလိုက်သည်။

"ဟာ…မင်းမင်း ရှေ့ကို သိပ်မတိုးနဲ့ကွာ။ ဒီမှာ ဆိုင်ကယ်မောင်းရတာ အဆင်မပြေဘူး။ နောက်ဆုတ်ဦး"

ဆိုင်ကယ် မောင်းနေလို့မှ မကြာ။ စောစောကပုံစံအတိုင်း ဦးကျော်အေးအနားသို့ မင်းမင်း အတင်းတိုးကပ်လာပြန်၍ ဦးကျော်



www.burmeseclassic.com

www.burmeseclassic.com



အေး သတိပေးရပြန်သည်။ ခရီးကလည်း မရောက်နိုင်သေး။

"ဟို…ဟုတ်…ဆရာ"

"ဟိတ်ကောင် နောက်ကိုဆုတ်ကွာ"

မင်းမင်းက ဦးကျော်အေးကို ရိုကျိုးစွာပြန်ဖြေရင်း တစ်ဆက်တည်းမှာပင် တစ်စုံတစ်ယောက်ကို မာန်မဲကြိမ်းမောင်းလိုက်ပြန်သည်။ ဦးကျော်အေး မသင်္ကာတော့။ မိမိဆိုင်ကယ်၏နောက်တွင် မင်းမင်းတစ်ယောက်တည်း ထိုင်နေတာမှဟုတ်ရဲ့လား။ လမ်းက အကွေ့အကောက်အလွန်ပေါများ၍ ဆိုင်ကယ်ကို သတိထားမောင်းနှင်ရင်းနှင့်မှ နောက်တွင် မည်သူရှိနေသလဲဟု သိချင်သည့်စိတ်က ချုပ်ထိန်းမရနိုင်အောင် ဖြစ်လာမိသည်။ သို့ကြောင့် ဆိုင်ကယ်ကို သတိထားမောင်းရင်း ဦးခေါင်းကိုစောင်းငဲ့ကာ အနောက်သို့ ဖျတ်ခနဲလှည့်ကြည့်လိုက်၏။

"ဟာ"

လျှပ်တစ်ပြက်မြင်ကွင်းထဲတွင် ပေါ်ပေါက်လာသူက ဆိုင်ကယ်နောက်၌ မင်းမင်းတစ်ယောက်တည်းမဟုတ်။ မင်းမင်း၏နောက်တွင် လူတစ်ယောက်လိုက်ပါလာသည်ကို ဆိုင်ကယ်မီးရောင်ဖြင့် မှုန်ဝါးဝါးအရိပ်ပမာ တွေ့မြင်လိုက်ရသည်။ (ဆိုင်ကယ်ရှေ့မီးနောက်မီးများ၏ အလင်းရောင်ဖြင့် တွေ့မြင်ရခြင်းဖြစ်သည်။) ဆိုင်ကယ်တိမ်းမှောက်မည်စိုးသောကြောင့် ဦးကျော်အေး အရှေ့သို့ ပြန်ကြည့်နေပြီးဖြစ်သော်လည်း မိမိ၏အတွေ့အကြုံတွေ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဇဝေဇဝါ။ မိမိ၏ဆိုင်ကယ်နောက်မှ လိုက်ပါလာသူသည် မည်သူနည်း။ ဆိုင်ကယ်စတင်မောင်းနှင်စဉ်က ဆိုင်ကယ်ပေါ်သို့ မင်းမင်းတစ်ယောက်တည်းသာ တက်ပါစီးနင်းလိုက်မှန်း မိမိသိရှိသတိပြုမိပါလျက် ထိုသူက မည်သို့ပါရှိလာရသနည်း။ မင်းမင်းကို မေးကြည့်ရင်ကောင်းမလားဟု စဉ်းစားလိုက်မိပြီးမှ ရုတ်တရက် သတိရလိုက်မိသည်။ ထိုသူက လူသားမဖြစ်နိုင်ဆိုသည့် အချက်ပင်။ သာမန်လူတစ်ယောက်သည် ဆိုင်ကယ်အရှိန်ဖြင့် ပြေးနေစဉ်၌ ဆိုင်ကယ်မောင်းနေသူမသိအောင် ဆိုင်ကယ်ပေါ်သို့ ခုန်တက်နိုင်လိမ့်မည်ဟု ဦးကျော်အေးတော့မထင်။ သို့ကြောင့် ထိုသူသည် တစ္ဆေသရဲပင် ဖြစ်လိမ့်မည်ဟု ဦးကျော်အေး တစ်ထစ်ချ တွက်ဆလိုက်မိ၏။ ကြက်သီးတဖြန်းဖြန်း ထသွားတော့သည်။

တစ္ဆေတစ်ကောင်နှင့် ဆိုင်ကယ်တစ်စီးတည်း စီးနင်းရသည့် ခံစားမှုမျိုးကို ဦးကျော်အေး တစ်ခါမျှ တွေးမကြည့်ဘူးခဲ့။ ယခုတော့ လက်တွေ့ကြုံဆုံနေရပြီးဖြစ်၍ ဦးကျော်အေးစိတ်ထဲ ကြောက်ရွံ့ရမည့်အစား ကြည်နူးသလို ပျော်ရွှင်သလို ခံစားမိ၏။ နောက်ပြီး သရဲဆိုတာ ဘယ်လိုပုံသဏ္ဌာန်မျိုးပါလိမ့်ဟု သိချင်လာ၍ ဦးကျော်အေး နောက်ဘက်ကို နောက်တစ်ကျော့ လှည့်ကြည့်မိပြန်သည်။

"ဟင်"

× × ×

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို ဖျတ်ခနဲမြင်ကွင်းဖြစ်ပေမယ့် ဦးကျော်အေး ကဲ့သို့ အကင်းပါးပြီး မျက်စိလျင်သူအဖို့ လုံလောက်သော အချိန် အတန့်ဖြစ်၏။ သရဲတစ္ဆေသည် ကြောက်ရွံ့ထိတ်လန့်ဖွယ်ကောင်း မည်ဟု မိမိယူဆထားသည့်စိတ်ကူးများ လွဲချော်သွားခဲ့၍ ဦးကျော် အေး စိတ်ပျက်သွားမိသည်။ ထိုသူသည် သာမန်တောင်သူလယ် သမားများကဲ့သို့ အင်္ကျီအကွက်နှင့် ခမောက်ကိုဝတ်ဆင်ထားပြီး အောက်တွင် ပုဆိုးအကွက်ကျဲကြီးကို ဝတ်ဆင်ထားသည်။ ဟိုဟို သည်သည် တွေးတောနေတုန်းမှာပင် တပည့်ကျော် မင်းမင်းက မိမိအနားသို့ တိုးကပ်လာပြန်သည်ကို သတိပြုမိသော်လည်း ဦးကျော်အေး အပြစ်မဆိုတော့။ အဖြစ်အပျက်အမှန်ကို ဦးကျော် အေးကိုယ်တိုင်လည်း သိရှိနေပြီမဟုတ်ပါလား။

တောင်တောင်အီအီစဉ်းစားရင်း ဆိုင်ကယ်ကို အရှိန်ပြင်း ပြင်းဖြင့် မောင်းနှင်လာလိုက်ရာ ဈေးဆိုင်တန်းလေးဆီသို့ ရောက် ရှိခဲ့လေသည်။ ဦးကျော်အေး ဆိုင်ကယ်ရပ်ပြီး ဆင်းလိုက်သည် နှင့် ဆိုင်ကယ်နောက်သို့ ဦးစွာကြည့်လိုက်မိ၏။

"ဟင်း…မင်းနောက်ကတစ်ယောက် မရှိတော့ပါလား"

ဦးကျော်အေး၏စကားကြောင့် မင်းမင်းက နဝေတိမ် တောင်ဖြစ်သွားကာ…

"ဟာ…ဆရာ ဘယ့်နှယ်လုပ်သိတာလဲ"

"မင်းရှေ့ကို အတင်းတိုးလာတုန်းက ငါမသက်သာဘူးနဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်ကို ဖျတ်ခနဲလှည့်ကြည့်တော့ တွေ့မိတာ။ ဒါနဲ့ သူ ဘယ်နားမှာဆင်းသွားလဲ”

“ဟိုး…သစ်ပင်တန်းလေးနားရောက်တော့ မရှိတော့ဘူး။ အဲ့ဒီမှာ သူဆင်းသွားတာထင်တယ်”

တပည့်မင်းမင်းက မီးဖိုနားတွင် ဝင်ထိုင်ရင်း ခပ်အေးအေးပြောလိုက်သည်။

“မင်း သူ့ကို ဘာဆိုတာရောသိရဲ့လား ငါ့ကောင်ရ”

“ဆိုင်ကယ်အချိန့်ရှမှ ဖျတ်ခနဲ ကျွန်တော့်နောက်မှာ ပေါ်လာတာရယ်၊ ခါးကို လက်အေးကြီးနဲ့ ဖက်လိုက်တာရယ်ကို ခြုံကြည့်ရင်တော့ သရဲလို့ထင်ရတာပဲ။ လူဆိုရင် ဆိုင်ကယ်ပြေးနေတုန်း တက်နိုင်မယ်မထင်ဘူးဗျာ”

မင်းမင်း၏ အမူအရာက နည်းနည်းမှမတုန်လှုပ်သဖြင့် ဦးကျော်အေး အံ့ဩသွားမိသည်။ သူပြောနေသောအကြောင်းအရာက သာမန်လူတော်တော်များများ ကြောက်လန့်တတ်သည့်ကိစ္စမဟုတ်လား။

“ဟ…သရဲမှန်းသိရဲ့သားနဲ့ မင်းမကြောက်ဘူးလား။ မင်းကို သူတစ်ခုခုလုပ်ရင် ဘယ်လိုလုပ်မလဲ”

“အာ…ဆရာကလည်း သရဲဆိုတာ လူသေမှ အပါယ်ဘုံသားဘဝဖြစ်သွားတာပဲ။ ကိုယ်က မသေသေးတဲ့လူ၊ သူက သေပြီးသားလူ ဘာကြောက်စရာလိုလဲ။ နောက်ပြီး သူက ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



လုပ်မယ့်ပုံမဟုတ်ပါဘူး။ လမ်းကြုံလိုက်တဲ့ သရဲငပျင်းထင်ပါ တယ်"

"အေးကွ ဟား…ဟား…ဟား…သရဲငပျင်း"

မင်းမင်း၏စကားက မှတ်သားချင်စရာဟုတ်လား။ သရဲတွေ ဝိညာဉ်တွေဆိုတာ သေပြီးသားလူတွေပဲ။ မသေသေးတဲ့လူက ဘာကြောက်စရာလိုလို့လဲ။ မင်းမင်း၏စကားကို ဦးကျော်အေး ခေါင်းတညိတ်ညိတ် ထောက်ခံမိသည်။

"ဟုတ်တယ်ကွ။ နောက်ပြီး သရဲဆိုတာ လူ့အတိုင်းပါ ပဲလားကွာ။ ကြောက်စရာလည်းမကောင်းပါဘူး"

ဟုဆိုပြီး ဦးကျော်အေးတစ်ယောက် ရေနွေးကြမ်းကို တဖူးဖူးမှုတ်သောက်ကာ မီးဖိုနံဘေးတွင် အအေးဓာတ်ကို အန်တုရင်ဆိုင်ရင်း နေက်ခင်း ရောင်ခြည်ကို စောင့်မျှော်နေမိသည်။ မိုးအလင်းရောင်ခြည်ဖြာလျှင် အအေးဓာတ်လျော့ပါးသွားလိမ့်မည်။ ထိုအချိန်ကျမှ ဆိုင်ကယ်ကို စက်ကူနိဖွင့်ကာ ရုံးစိုက်ရာဌာနဆီသို့ အပြေးသွားရမည်။ ဌာနတွင်တော့ လုပ်ဆောင်ရမည့်လုပ်ငန်း တာဝန် တစ်ပုံတစ်ပင်က မိမိကို စောင့်ကြိုနေပေလိမ့်မည်ဟု တွေးရင်း ဦးကျော်အေး သက်ပြင်းချလိုက်မိပါတော့သည်။


ဒါပေမယ့် ချောက်ချားပျော်ရွှင်ဖွယ် ညတစ်ညပေ တကား။

ဂါဦးနွန်းဘို



www.burmeseclassic.com

www.burmeseclassic.com



# ဓာတ်ပုံထဲကပျောက်ကွယ်သွားသော ပုံရိပ်

ဂါဦးနွန်းကို

"ထူးဆန်းတာတော့ အမှန်ပဲ ဆရာမရဲ့။ ကျွန်မ တစ်သက်နဲ့တစ်ကိုယ် ဒီလိုအဖြစ်မျိုး တစ်ခါမှ မကြုံဖူးဘူး။ မကြုံဖူးခဲ့လို့ ပရလောကသားတွေကို မရှိဘူးရယ်လို့ မယူဆပါဘူး။ ဒါပေမဲ့ ကိုယ်လည်း ကိုယ့်ဘာသာကိုယ်နေ၊ သူလည်း သူ့ဘာသာ သူနေ။ ဒီလိုသဘောမျိုးပဲ မှတ်ထင်ထားခဲ့တာ။ ဒေါ်..



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ပရော်ဖက်ရှင်နယ် မဟုတ်ပါဘူး။ အပျော်တမ်း ဓာတ်ပုံ ရိုက်တာပါ။ ဝါသနာပါတာနဲ့ ခရီးထွက်ပြီး လမ်းမှာတွေ့တဲ့ လှတယ်၊ ထူးဆန်းတယ်လို့ ထင်တဲ့ဟာမှန်သမျှကို ကျွန်မက ဓာတ်ပုံရိုက်ယူ တော့တာပဲ''

''ဟယ်...ဟုတ်လား၊ ဆရာမလည်း ဓာတ်ပုံရိုက်တာ ဝါသနာပါတယ်လား။ ကျွန်မအိမ်မှာ ကျွန်မ ရိုက်ထားတဲ့ မြန်မာ နိုင်ငံတွင်း ရှုမျှော်ခင်းတွေ၊ တောင်တွေ၊ တောတွေ၊ ရိုးရာဓလေ့ ပုံတွေ အတော်များများရှိတယ် ဆရာမရဲ့။ အဲ...ဓာတ်လမ်း တောင် ဘယ်ရောက်သွားလဲ မသိဘူး။ ကျွန်မက အဲဒီလိုပါပဲ ဆရာမရယ်။ ကျွန်မဓာတ်ပုံတွေနဲ့ ပတ်သက်လာရင် အဲဒီလောက် ကို ကြွားချင်၊ ပြချင်တာနဲ့ရော၊ ကျွန်မဝါသနာအရရော ဓာတ်ပုံ တွေ လျှောက်ရိုက်ရာကနေ ဒီဓာတ်လမ်း ဖြစ်ခဲ့ရတာပဲ''

× × ×

ကားက တဒုန်းဒုန်းခုန်နေတဲ့ကြားကပင် ကျွန်မတွေ့သမျှ စိမ်းစိမ်းစိုစို ရှုခင်း၊ ပြောင်းခင်းများကြား ကလေးငယ်များ ပြေးနေ တဲ့မြင်ကွင်း၊ လယ်ယာမြေကို နွားတစ်ကောင်နှင့် ထွန်ယက်စိုက် ပျိုးနေသော တောသဘာဝမြင်ကွင်းများကို ကင်မရာနှင့် တဖျတ် ဖျတ်ရိုက်ကာ မှတ်တမ်းတင်နေမိသည်။ ဓာတ်ပုံတစ်ပုံရိုက်ပြီး လျှင်လည်း ပြန်မကြည့်ဘဲ ဘယ်တော့မှမနေ။ ပြန်ကြည့်မိရင်း



www.burmeseclassic.com

www.burmeseclassic.com



လည်း ပါးစပ်ကိုငြိမ်ငြိမ်မထားဘဲ -

"ဟယ်...လှလိုက်တာ"

"အံမယ်...ဒါမှတောသဘာဝ"

"အယ်တော်...တစ်မျိုးလေးပဲ"

"ဟီဟိ...ချစ်စရာလေး"

စသည်နှင့် တစ်ပုံတစ်မျိုး မရိုးအောင် ကိုယ့်ပုံကိုပြန်ချီးကျူးနေတော့ အနားက သူငယ်ချင်းတွေက မျက်စိနောက်လာပုံရသည်။

"မိငွေ...နင်ဒီနေ့ မမောသေးဘူးလား။ တစ်လမ်းလုံး ရိုက်လိုက်၊ ပြောလိုက်နဲ့။ ငါတော့ နင့်အစား မောလိုက်တာ။ ဒီမှာဖြင့် ကားခုန်လို့ စိတ်ညစ်ရတဲ့အထဲ နင်ကတစ်မျောင့်"

"အံမယ်...မမောပေါင်။ ငါက ငါ့ဝါသနာနဲ့ငါ ရိုက်နေရရင် ပျော်လို့။ နင်တို့နှစ်ယောက်သာ တစ်ခုခုအဆင်မပြေလိုက်နဲ့ ညည်းဟယ် ညူဟယ်နဲ့ အဘွားကြီးအိုလေးတွေ ကျနေတာပဲ"

"ဟဲ့...မိငွေ၊ နင့်ကိုပြောတာ ပုံ့ပုံ့တစ်ယောက်တည်းလေ။ ဘာဖြစ်လို့ ငါ့ကို ဆွဲထည့်တာလဲ"

"ဆွဲထည့်မှာပေါ့။ ငါ့ဓာတ်ပုံတွေ ငါ့ဘာသာငါ ချီးကျူးနေတုန်း နင်က ဘာဖြစ်လို့ နှုတ်ခမ်းကို ထော်ထော်ပြနေတာလဲ။ ဟွန်း...အသံတိတ် ကဲ့ရဲ့နေတာ။ မသိရင်ခက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်…ကောင်မဖွေ၊ နားညည်းတယ်အေ။ ကျုပ်ကို လည်း အားနာပါဦး"

"ငွေရည်"ဆိုတဲ့ ကျွန်မရယ်၊ "အေးအေးပုံ"ဆိုတဲ့ ပုံ့ပုံ့ရယ်၊ "မွန်သွေး"ဆိုတဲ့ မွန်မွန်ရယ်၊ "ရှားခက်"ဆိုတဲ့ ခက်ခက်ရယ်၊ သူငယ်ချင်းလေးယောက် တစ်ယောက်ကိုတစ် ယောက် အားမနာတမ်း နောက်နေကြခြင်းဖြစ်သည်။ သူတို့တွေ က ကျွန်မအကြောင်းသိ၏။ ကျွန်မက ကျွန်မခေတ်ပုံတွေကို ထိလျှင် ကက်ကက်လန်အောင် ရန်တွေ့တတ်တာကြောင့် မထိ တထိ နောက်နေကြခြင်းဖြစ်၏။

ကျွန်မတို့ ဦးတည်သွားနေသည်က မုံရွာမြို့နယ်တွင် တည်ရှိသော တဝဂူဘုရားသို့၊ ထိုဘုရားအနားမှ ရှုခင်းတွေသည် အလွန်လှပသာယာသည်ဟု မုံရွာသူ ရှားခက်ရဲ့ ပြောပြချက်အရ ကျွန်မတွေ့မြင်ချင်စိတ်စောနေမိသည်။

မြင်လိုက်ရသည့် မြင်ကွင်းလေးတစ်ခုက ကျွန်မအာရုံ ကို ဆွဲဆောင်သွားသည်။ တစ်လမ်းလုံး တဖျတ်ဖျတ်၊ တချပ်ချပ် ရိုက်လာခဲ့သမျှ ရှုခင်းတွေအားလုံး ဤမြင်ကွင်းလေးလောက် ကျွန်မကို မဆွဲဆောင်နိုင်ခဲ့။ ကျွန်မတို့စီးလာသည့်ကားက ဂျစ်ကား ဖြစ်ပြီး ကျွန်မက ခေတ်ပုံဝါသနာအိုးဖြစ်၍ အစွန်ဆုံးမှာထိုင်ရင်း အပေါ်မှ လေဝင်ပေါက်ကနေ ရှေ့ကိုချောင်းလည်းကြည့်ရ၊ ကြို တင်မြင်ထားသည့် ရှုခင်းများထဲမှ နှစ်သက်ရာရှုမျှော်ခင်းကို



www.burmeseclassic.com

www.burmeseclassic.com



အနား ရောက်သည်နှင့် ဓာတ်ပုံရိုက်ယူ၊ ရိုက်ပြီးဓာတ်ပုံကို ပြန်ကြည့်ဟူ၍ အလုပ်သုံးခုကို တစ်ပြိုင်တည်းလုပ်နေရသည်။ ယခုလည်း ရှေ့သို့မျှော်ကြည့်နေစဉ် စိတ်ဝင်စားစရာ မြင်ကွင်း လေးတစ်ခုက ကျွန်မအာရုံကို ဆွဲငင်သွားသည်။ ညို့ယူဖမ်းစား သွားသည်။ မြင်ကွင်းလေးနံဘေးသို့ ရောက်လာသည်နှင့် ကျွန်မရဲ့ On ထားပြီးသား Canon ကင်မရာဖြင့် ထိုမြင်ကွင်းကို ဓာတ်ပုံ ရိုက်ယူလိုက်တော့သည်။

"ဟဲ့…မိငွေ၊ ဘာဖြစ်လို့ အုတ်ဂူကို ဓာတ်ပုံရိုက်ယူ နေတာလဲ"

ပုံ့ပုံ့ကလှမ်းအော်သည်။

"ဟုတ်တယ်ဟ…အုတ်ဂူတို့၊ သင်္ချိုင်းတို့ကို ဓာတ်ပုံ မရိုက်ကောင်းဘူးတဲ့။ ငါ့ဘကြီးတစ်ယောက် ပြောဖူးတာပဲ"

ခက်ခက်ကလည်း ပုံ့ပုံ့ရဲ့စကားကို ဝင်၍ထောက်ခံသည်။

"ဟယ်…နင်တို့ကလည်း ဓာတ်ပုံဆရာဆိုတာ အဲဒီ အယူအဆတွေထားလို့ ဘယ်ဖြစ်ပါ့မလဲ။ နင်တို့မမြင်လိုက်ဘူး လား။ စိမ်းညို့နေတဲ့ လယ်ကွင်းပြင်ကြီးထဲမှာ ထီးထီးကြီးပေါက် နေတဲ့ တမာပင်၊ အဲဒီတမာပင်ရဲ့အောက်မှာ ဖြူဖွေးနေတဲ့အုတ်ဂူ လွှလွှလေး။ ဘယ်လောက်ကဗျာဆန်လဲ။ ဘယ်လောက် စိတ်ကူး ယဉ်စရာကောင်းလဲ။ ဘယ်လောက် စွဲမက်ပုံဖော်ချင်စရာကောင်း လဲ။ ငါသာ စာရေးဆရာဆိုရင် ဒီအုတ်ဂူလေးနဲ့ပတ်သက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းတောင်ရေးပစ်လိုက်ဦးမယ်။

လယ်ပိုင်ရှင်ရဲ့ တစ်ဦးတည်းသော သမီးလေး တစ်နေ့ လယ်သူရင်းငှားလေးနဲ့ ချစ်ကြိုက်နေတာကို မိဘတွေကသိ၊ ကောင်မလေးက ကောင်လေးကို လာခိုးဖို့ပြောပြီး ညကြီးမင်းကြီး အိမ်ကခိုးထွက်လာပြီး တမာပင်လေးရဲ့အောက်မှာ ချစ်သူကောင်လေးကို စောင့်နေ။ အဲဒီအချိန်မှာပဲ ကောင်လေးမှာလည်း ကောင်မလေးရဲ့ အစ်ကိုမောင်ဘွားတွေက ထိုးကြိတ်ထားလို့ အိပ်ရာထဲမှာ လဲနေ၊ မိုးတွေကလည်း ရွာလာ၊ ကောင်မလေးမှာ မိုးရေထဲ ကောင်လေးလာမလားလို့ မျှော်နေရင်း သတိလစ်မေ့လဲသွား၊ မနက်မိုးလင်းတော့ မိဘတွေက ကောင်မလေးပျောက်လို့ လိုက်အရှာမှာ တမာပင်လေးအောက်မှာ အသက်ပျောက်နေတဲ့ ကောင်မလေးရဲ့ ရုပ်အလောင်းကို သွားတွေ့၊ သူဆုံးပါးသွားတဲ့ နေရာလေးမှာပဲ သူ့အတွက် အမှတ်တရအုတ်ဂူလေး ဆောက်ပေး။ ကဲ…ဘယ်လောက် သနားစရာကောင်းတဲ့ ဇာတ်လမ်းလေးလဲ။ ပြောတဲ့ငါတောင် ငိုချင်သွားပြီ”

ကျွန်မရဲ့ ပါးစပ်ဇာတ်လမ်း (ပါးစပ်ထဲပေါ်လာရာ ပေါက်ကရလျှောက်ပြောတဲ့ ဇာတ်လမ်း)လည်း ဆုံးသွားရော သုံးယောက်သားခမျာ ကျွန်မရဲ့အနုပညာစွမ်းအင်ကို သဘောပေါက်နားလည်သွားသည့်အလား မပြောတတ်၊ ပါးစပ်အဟောင်းသား နှင့် ငေးကြည့်နေရင်းမှ မွန်မွန်က –



www.burmeseclassic.com

www.burmeseclassic.com



"နင်…နင် မဓော်ဘူးလားဟင်။ ကားပေါ်မှာ ပါးစပ်ရော၊ လက်ရော တစ်ချက်မှ မငြိမ်သေးတာ နင်ပဲရှိတယ်။ အကုန်လုံး ကားဆောင့်တာရော၊ ဖုန်ထူတာရောကြောင့် အူသက်ရှူမဝ ဖြစ်နေကြပေမယ့် နင်ကတော့ တကယ်ချီးကျူးစရာပါပဲ"

ဟု ကျွန်မကို ငေါ့လိုက်သည်။ ကျွန်မကလည်း သူ့စကားကို ဂရုမစိုက်ဟန်ပြုကာ လျှာကလေးတစ်လစ်ထုတ်ပြလိုက်ပြီး စောစောက သူတို့လေဝင်ပေါ်လို့ ရိုက်ပြီးပြန်မကြည့်ရသေးတဲ့ စိတ်ကူးယဉ်ဓာတ်လမ်းကလေး ဖြစ်တည်ရာဓာတ်ပုံကို ကျွန်မကင်မရာကိုဖွင့်ကာ ကြည့်လိုက်မိသည်။

"ဟင်…"

ဓာတ်ပုံကိုကြည့်ကာ ကျွန်မ အံ့အားသင့်စွာ ရေရွတ်လိုက်မိတော့သည်။

"အမယ်လေး…သူ့ဓာတ်ပုံကို ဘာတွေ အမွန်းတင်ဦးမလဲ မသိပါဘူး"

ဟူ၍ ခက်ခက်က လှမ်းအော်နောက်လိုက်ပေမယ့် ကျွန်မဘာကို မှ မတုံ့ပြန်မိ။ ဓာတ်ပုံကိုသာ တွင်တွင်ကြီးစိုက်ကြည့်ပြီး သေချာစေရန် အနီးသို့ပင် ဆွဲယူကြည့်လိုက်သည်။ ပုံသေးနေ၍ မျက်စိများမှားသလားဟု ကျွန်မ ထင်ထားခဲ့ပေမယ့် အထင်နှင့် အမြင်က တက်တက်စင်အောင် လွဲနေပြီ။ ဓာတ်ပုံကလည်း Canon တံဆိပ် ဒစ်ဂျစ်တယ်ကင်မရာမှ ရိုက်ကူးထားခြင်းဖြစ်ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဝေခြင်း၊ ဝါးခြင်း၊ မှုန်ခြင်း၊ မပြတ်သားခြင်းမရှိ။ ထင်ထင်ရှားရှား ပြတ်ပြတ်သားသားကြီး။

ကျွန်မက ဓာတ်ပုံကို အနီးကြည့်လိုက်၊ အဝေးကြည့်လိုက်၊ မျက်လုံးပြူးနှင့် အံ့ဩလိုက် လုပ်နေသည်ကိုပင် ဟိုသုံးယောက်က သူတို့ကိုနောက်နေသည်ဟုထင်ကာ ကျွန်မကို တစ်စက်မှအဖက်မလုပ်။ ဒါကလည်း သူတို့အပြစ်မဟုတ်။ ကျွန်မက တစ်ခါတစ်လေ ဓာတ်ပုံကိုပြန်ကြည့်ပြီး အထူးအဆန်းအမူအရာမျိုးတွေ လုပ်ပြတတ်သည်။ ထိုအခါတွင် ကျွန်မအကြောင်း မသိစဉ်က -

"ဟယ်...ဘာဖြစ်လို့လဲ"

ဟု အသည်းအသန်လာကြည့်ကာမှ ဘာမှမဟုတ်ဘဲ ကျွန်မ သက်သက်အရူးလုပ်တာကို သူတို့အရင်က ခံခဲ့ရဖူးသည်။ သို့ကြောင့် ယခုလည်း ကျွန်မအရူးလုပ်နေသည်ဟု သူတို့ ထင်မှတ်ကြခြင်းဖြစ်မည်။

"ဟဲ့...ဒီ...ဒီမှာ ကြည့်ပါဦးဟ"

ကျွန်မ မနေနိုင်တော့၍ သူတို့ကို ခေါ်ပြမိတော့ ပုံ့ပုံ့က လက်ခါပြရင်း -

"လာလုပ်မနေနဲ့ မိငွေ၊ နင့်အိုက်တင်တွေ ရိုးနေပြီ"

"ဟဲ့...ငါနောက်နေတာ မဟုတ်ဘူး။ ကြည့်စမ်းပါဟာ။ ဘာမှမဟုတ်ဘူးဆို ငါ့ကိုဆဲဟာ၊ ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက အတင်းတောင်းတောင်းပန်ပန် ကြည့်ခိုင်းတော့မှ သူက –

"ပေး…ပေး"

ဟု ဆိုပြီး မကြည့်ချင် ကြည့်ချင်နှင့် ကြည့်လိုက်သည်။

"ဟယ်…ဘာကြီးတုံး၊ နင် ဘာကိုလှမ်းရိုက်ထားတာလဲ။ ခြေထောက်မပါတဲ့လူကြီးလား။ ဘယ်လိုကြီးလဲ"

ပုံ့ပုံ့ကထိုသို့ပြောရင်း ကြက်သီးထသွားဟန်ဖြင့် ကင်မရာကို ကျွန်မဆီသို့ ပြန်ကမ်းပေးပြီး သူ့လက်နှစ်ဖက်ကို ပွတ်နေလေသည်။ ကျန်တဲ့သူငယ်ချင်း နှစ်ယောက်ကလည်း ပုံ့ပုံ့ဖြစ်သွားပုံကိုကြည့်ကာ စိတ်ဝင်စားသွားကြ၍ ယူကြည့်ကြပြီးနောက် ထိုဓာတ်ပုံအပေါ်တွင် နားမလည်နိုင်လောက်အောင် ဖြစ်နေကြ၏။

"ငါ့အထင်တော့ ခြေထောက်ပြတ်နေတဲ့ လူပုံမဟုတ်ဘူးဟ။ အောက်ပိုင်းက ပါတော့ပါတယ်။ မှုန်ဝါးနေတာ။ နောက်က အုတ်ဂူဖြူဖြူလေးကိုတောင် အသေအချာမြင်နေရတယ်လေ"

"အေးဟာ…ရုပ်ကတော့ တော်တော်ထင်ရှားတယ်။ အသားဖြူဖြူသွယ်သွယ် ကောင်လေးတစ်ယောက်ဟ။ အသက် ငယ်ငယ်ပဲ ရှိဦးမယ်။ ငါတော့ မထင်တတ်တော့ဘူး။ မိငွေနင်ဘယ်သူ့ကို ဘယ်လိုရိုက်လိုက်မိလို့လဲ"

ခက်ခက်၏စကားကို မွန်မွန်ကထောက်ခံရင်း သူ့ထင်



www.burmeseclassic.com

www.burmeseclassic.com



မြင်ချက်ကို ပေးကာ ကျွန်မကိုသေချာအောင် မေးလိုက်ခြင်းဖြစ်သည်။ ကျွန်မမှာလည်း ဘာဖြေလို့ ဖြေရမှန်းမသိတော့။

"ဘုရားပေးပေး၊ ကျွမ်းပေးပေးပါဟယ်။ ငါ ရိုက်တုန်းက ရှခင်းကြီးပါပဲ။ ဘယ်ကောင်လေးမှ မပါဘူး။ ဘယ်လိုက ဘယ်လို ပါလာမှန်းကို မသိတာ။ ငါ့ရဲ့ရှိမန့်တစ်ဆန့်တဲ့ ဓာတ်ပုံလေးတော့ ပျက်ရပါပြီ"

ကျွန်မရဲ့ ညည်းတွားသံအဆုံးမှာ ခက်ခက်က ဓာတ်ပုံကို ပြန်တောင်းယူပြီး အသေအချာကြည့်ပြန်သည်။

"ဟဲ့…ကောင်လေးက ခုခေတ်မဟုတ်ဘူးဟ။ ဝတ်ပုံစားပုံ၊ ဆံပင်အနေအထားကြည့်ရတာ ငါတို့အမေတွေခေတ်လောက်ကထင်တယ်။ ဒါဆို ငါ့အထင်တော့ သူက မကျွတ်မလွတ်သေးတဲ့ ဝိညာဉ်ဖြစ်လိမ့်မယ်"

အားလုံးက ထိုသို့ ယူဆမိပြီးသားဖြစ်ပေမယ့် ပါးစပ်မရဲတာရယ်၊ မယုံရဲတာရယ်ကြောင့် ထုတ်မပြောဝံ့ကြခြင်းဖြစ်သည်။ ခက်ခက်ကတော့ အားလုံးထက် ပရလောကကို ပိုမိုယုံကြည်တဲ့သူမို့ ထိုသို့သာ ရဲရဲဝံ့ဝံ့ပြောချလိုက်သည်။ ဒါကိုတောင် ပုံ့ပုံ့က လက်မခံချင်သလို စောဒကတက်သေးသည်။

"နင်ကလည်း သရဲကမင်းသားသရဲမို့လို့ ဓာတ်ပုံဝင်အရိုက်ခံတာလား။ ငါကတော့ ဓာတ်ပုံထပ်တာလို့ ထင်တာပဲ"

ပုံ့ပုံ့ရဲ့စကားကို ဓာတ်ပုံဝါသနာအိုး ကျွန်မက ခါးသီး



www.burmeseclassic.com

www.burmeseclassic.com



သီးငြင်းပယ်လိုက်သည်။

"ဒါတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဒစ်ဂျစ်တယ်မှာ ဓာတ်ပုံထပ်တယ်ဆိုတာ မရှိဘူး။ နောက်ပြီး ဓာတ်ပုံထပ်တယ်ဆိုတာ စောစောက ရိုက်တဲ့ပုံနဲ့ အခုရိုက်လိုက်တဲ့ပုံ အထဲမှာ တည်ဆောက်ပုံလွဲမှားပြီး ရှေ့နောက်ပုံတွေ ရောကုန်တာကိုပြောတာ။ စောစောကရိုက်တော့လည်း ဒီကောင်လေးမပြောနဲ့၊ လူတောင် မပါဘူး။ ကင်မရာတစ်ခုလုံးမှာ ဒီကောင်လေးနဲ့တူတာ တစ်ပုံတောင်မပါဘူး မိပုံ့။ နင် ဖွတ်မငြင်းနဲ့"

ကျွန်မက ဓာတ်ပုံပညာနှင့် ပတ်သက်နေတဲ့ ပုံ့ပုံ့စကားကို မဖြစ်နိုင်ကြောင်း အသည်းအသန် ငြင်းတော့ 'ပုံ့ပုံ့လည်း သို့လော သို့လောနှင့် ငြိမ်ကျသွားသည်။ အားလုံးရဲ့စကားကို နားထောင်နေတဲ့ မွန်မွန်က တစ်ခုခုကို အသေအချာ၊ အလေးအနက် တွေးနေရာမှ -

"အေး...ငါလည်း ခက်ခက်ရဲ့စကားကိုပဲ လက်ခံမိတယ်။ နောက်ပြီး ပုံ့ပုံ့မေးတဲ့ မေးခွန်းကိုလည်း ဖြေရှင်းချက်ရှာကြည့်မိတော့ ဒီလိုလယ်ကွင်းထဲမှာ မကျွတ်မလွတ်တဲ့ ဝိညာဉ်ဟာ သူရှိနေကြောင်းကို ဘယ်သူ့ကိုပြောမလဲ။ သူ့ကို ကျွတ်လွတ်အောင် အမျှပေးဝေပေးပါလို့ ဘယ်သူ့ကိုတောင်းဆိုမလဲ။ တောင်းဆိုဖို့ လူရှိနေတာတောင်မှ မြင်လို့မရတဲ့သူ၊ တောင်းဆိုလို့ မရတဲ့သူဖြစ်နေလို့ နေပါလိမ့်မယ်။ ဒီလိုအချိန်မှာ မိငွေက ဓာတ်ပုံလှမ်း



www.burmeseclassic.com

www.burmeseclassic.com



ရိုက်လိုက်တယ်။ သူကလည်း သူရှိကြောင်း ပြလို့ရနေတဲ့အချိန်နဲ့ သွားပြီးကိုက်ညီနေတော့ သူက ငါတို့ကို ဘုရားမှာအမျှအတန်း ပေးဝေပေးဖို့ အကူအညီတောင်းတာ ဖြစ်ပါလိမ့်မယ်ဟာ။ ငါတို့ တဝဂ္ဂကိုရောက်ရင် သူ့ကိုရည်စူးပြီး အမျှပေးဝေလိုက်ကြတာ ပေါ့။ သနားပါတယ်"

မွန်မွန်၏စကားကို ကျွန်မတို့အားလုံး သဘောတူညီလိုက်ကြသည်။ သွားရင်းလာရင်း သတ္တဝါတစ်ခုကို အပန်းကြီးကြီး မားမားမဟုတ်ဘဲ ကူညီခွင့်ရသွား၍လည်း ကျွန်မရင်ထဲ ကြည်နူးသလိုလို၊ ဝမ်းသာသလိုလို ဖြစ်နေမိသည်။

BURMESE CLASSIC

× × ×

"ဤလမ်းနံဘေး တမာပင်အောက်မှ အုတ်ဂူဖြူလေး တစ်လုံးတွင် တွယ်ကပ်ငြိနေသော မကျွတ်မလွတ်သော ပုဂ္ဂိုလ် တစ်ဦးအား အမျှပေးဝေပါတယ်။ အမျှ…အမျှ…အမျှ ယူတော် မူကြပါကုန်လော့ သာဓု…သာဓု …သာဓု"

အမျှပေးဝေပြီးနောက် ကျွန်မတို့ တဝဂ္ဂဘုရားတစ်ဝိုက် တွင် ဓာတ်ပုံရိုက်ယူကြသည်။ ခပ်လှမ်းလှမ်းမှ ဆည်တော်ကြီးကို လည်း အဝေးကနေ ဆွဲကာ ဓာတ်ပုံရိုက်ယူသည်။ တဝဂ္ဂဘုရား သည် မုံရွာသူ မိခက်ပြောသလို အမှန်ပင် သာယာလှပကာ အေးချမ်းဆိတ်ငြိမ်သော၊ တရားဓမ္မအားထုတ်၍ကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



နေရာ တစ်ခုဖြစ်သည်။ ဆည်တော်မြင်စေတီတော်မှာလည်း နေရောင်အောက်တွင် ရွှေရောင်တဖိတ်ဖိတ်နှင့် သပ္ပာယ်ကြည်ညိုဖွယ်ကောင်းလှသည်။ သို့ပေမဲ့ ကျွန်မတို့က နေ့လယ်ခင်း ထမင်းပြန်စားရဦးမည်ဖြစ်၍ ဘုရားသုတ်သုတ်ဖူး၊ ဓာတ်ပုံသုတ်သုတ်ရိုက်ပြီး ဂျစ်ကားပေါ်တက်ကာ လာလမ်းအတိုင်း ပြန်ခဲ့ကြသည်။

× × ×

BURMESE CLASSIC

ခရီးတစ်ခုတွင် အသွားနှင့်အပြန်သည် မတူညီ။ အသွားတွင် တက်ကြွပျော်ရွှင်နေသလောက် အပြန်၌ နုံးချိချိနှင့် ငြီးစီစီကြီး။ အသွားတွင် တစ်လမ်းလုံးဓာတ်ပုံရိုက်ထားပြီးဖြစ်၍ အပြန်တွင် ကျွန်မလည်း အလုပ်မရှိ။ ထိုအခါမှ ကားဆောင့်တာ၊ ဖုန်ထူတာကို ကျွန်မကောင်းကောင်းကြီး သတိထားမိ၊ ခံစားမိတော့သည်။

အလုပ်မရှိဘဲ မနေတတ်သည့်ကျွန်မ ဓာတ်ပုံရိုက်စရာမရှိတော့သည့်အခါ ဓာတ်ပုံတွေကို အစကနေ ပြန်ကြည့်သည်။ သည်တစ်ခါတော့ ပါးစပ်က အမျိုးမျိုးပြောပြီး ကိုယ့်ဓာတ်ပုံတွေကိုယ် မချီးကျူးတော့။ တစ်ပုံချင်းသာ အသေအချာကြည့်နေမိ၏။

"ဟယ်တော်...ထူးဆန်းလိုက်တာ"

ကျွန်မပြောလည်းပြော၊ သူငယ်ချင်းတွေဆီကိုလည်း ကင်မရာကို ကမ်းပေးလိုက်မိသည်။ သူငယ်ချင်းတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘာများထပ်တွေ့သလဲဟု တွေးကာ အသည်းအသန် ကြည့်ကြသည်။

ပုံမှန်သာဆိုလျှင် -

"မိန်းမစုတ် …ဘာမှမဟုတ်ဘဲ လာနှောက်နေပြန်ပြီ။ ဒီအုတ်ဂူတစ်လုံး၊ တမာပင်အောက်မှာ ရှိနေတာ ထူးဆန်းသလား"

ဟုအော်ငေါက်လွှတ်ကြမည်သာ။ ယခုတော့ မူလခါတ်ပုံကို သူတို့မြင်တွေ့ဖူးပြီးသားဖြစ်၍ ယခုဓာတ်ပုံကို မြင်တော့ သူတို့ပါ ပါးစပ်အဟောင်းသားဖြစ်သွားကြသည်။ အမေးအမြန်းထူသော ပုံ့ပုံ့က ဓာတ်ပုံကို တအံ့တသြ လက်ညှိုးထိုးပြီး -

"ဘယ်…ဘယ်ရောက်သွားလဲ။ စောစောက လူပုံ"

ကျွန်မက မသိဟူသော သဘောဖြင့် ပခုံးတွန့်ပြလိုက်မိသည်။ ခက်ခက်ကတော့ တုန်ယင်ဝမ်းသာသော အသံရှေးဖြင့်

"သူ…ကျွတ်လွှတ်သွားပြီထင်တယ်"

BURMESE CLASSIC

ဟုဆို၏။

သုံးယောက်သား ဇဝေဇဝါနှင့် ဓာတ်ပုံကို ခေါင်းချင်းဆိုင်ကာ ဝိုင်းအုံကြည့်နေကြစဉ် ကျွန်မတို့ဂျစ်ကားလေးမှာ ထိုတမာပင်အောက်မှ အုတ်ဂူလေးနံဘေးသို့ ရောက်ရှိလာသည်။ ထိုအုတ်ဂူလေးသည် ကျွန်မ စိတ်ကူးယဉ်သကဲ့သို့ ကောင်မလေးတစ်ယောက်၏ အုတ်ဂူမဟုတ်ဘဲ၊ ကောင်လေးတစ်ယောက်၏



www.burmeseclassic.com

www.burmeseclassic.com



အုတ်ဂူများလား။ ဒါမှမဟုတ် ကောင်မလေး၏ အုတ်ဂူဖြစ်သော်လည်း ကောင်မလေး၏ဝိညာဉ်က ကျွတ်လွတ်သွားပြီဖြစ်ပြီး ကောင်မလေး၏ ချစ်သူကောင်လေးခမျာ ကောင်မလေးများ ပြန်လာလေဦးမလားဟူသော အတွေးနှင့် အုတ်ဂူနားမှာ တဝဲလည်လည်ဖြစ် နေလေသလား။

ကျွန်မ အတွေးပေါင်းစုံနှင့် ကျန်ရစ်ခဲ့ပြီဖြစ်သော အုတ်ဂူဖြူလေးကို လှမ်းငေးကြည့်လိုက်မိသည်။

"ဟင်..."

အုတ်ဂူပေါ်တွင် မှိုင်တွေငေးမောလျက် ထိုင်နေသော မိန်းမပုံစံ ပုံရိပ်တစ်ခုကို ကျွန်မ ဝေဝေဝါးဝါးနှင့် မြင်တွေ့လိုက်ရသလို။

အို...ကျွန်မ စိတ်ထင်၍ပင်ဖြစ်လိမ့်မည်။

ဂါဦးနွန်းကို



www.burmeseclassic.com